www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC .com

မောင်မျိုးစိဉ်သည်

two cats PUBLICATION

ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်
ဖုန်း ၀၁-၂၅၃၇၇၂၊ ၀၁-၂၈၂၂၄၀

www.burmeseclassic.com

# ယင်းခိုက်စိုးစန်

စိုမှာစိုးလို့မိုးမိတယ်

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၁၉၈ / ၂၀၀၃ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၁၂ / ၂၀၀၃ (၅)

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

# 10 Q  Monologue

ဤဝတ္ထုရေးဖြစ်ဖို့အတွက်

ကဗျာဆရာစောဝေ

ရင်ဘတ်တစ်ခြမ်း ကူညီပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁)

'အချိန်နှင့်ဒီရေသည် လူကိုမစောင့်'

မှတ်ချက်။ ။ ဝမ်းနှုတ်ဆေးသည်လည်း သင် အဆင်သင့် ဖြစ်သည့် အချိန်ထိ စောင့်လိမ့်မည်မဟုတ်ပါ။

သံလွင်တည်းခိုခန်းနှင့် ထမင်းဆိုင်ပိုင်ရှင် ဦးသံလွင်ကျော်ဇောသည် ကောင်တာရှေ့၌ သူ ချိတ်ဆွဲထားသော "အချိန်နှင့်ဒီရေသည် လူကို မစောင့်" ဟူသည့် ဆောင်ပုဒ်အောက်တွင် နောက်တီးနောက်တောက် 'မှတ်ချက်'စာတစ်ကြောင်း တိုးနေသည်ကို ကြည့်ပြီး အနည်းငယ် စိတ်တို သွား၏။

"တောက်" ဒါ . . .ဘယ်သူ ဝင်ရေးသွားတာပါလိမ့်။ ကြည့်ရတာ ဒီဆိုင်မှာ ထမင်းစားနေကျ စာရေးဆရာ၊ အယ်ဒီတာအုပ်စုထဲက ဖြစ်ရင် ဖြစ်၊ ဒါမှမဟုတ် ဇာတ်ညွှန်းရေးဆရာတစ်ယောက်ယောက် ဖြစ်လိမ့်မည်ဟု သူတွေးလိုက်မိသည်။

အဲသည်ငနဲတွေက ဘောပင်တစ်ချောင်း၊ ဖောင်တိန်တစ်လက်ရှိလျှင် အင်မတန်လက်ဆော့တတ်သည်။ ဟိုတစ်လောကလည်း သူ့ဘီအမ်ဒဗလျူကားနောက်မှန်ပေါ်တွင်...

'လိုအပ်လျှင် ကျွန်တော့်ကို ခေါ်ပါ။ အမျိုးသမီး လစဉ်သုံးပစ္စည်းများကို အိမ်တိုင်ရာရောက် အခမဲ့ လိုက်လံတပ်ဆင်ပေးသည်'

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

ဟူသည့် ဆိုင်းဘုတ်ချိတ်ပြီး သူ့ဆယ်လူလာဖုန်းနံပါတ်ကိုပါ ထည့် ရေးသွားသည်။ လက်သည်ကို စုံစမ်း၍မရ။

အဲသည်ကတည်းက ထို စာရေးဆရာ၊ ဓာတ်ညွှန်းဆရာဆိုသည့် လက်ဆော့တတ်သော ငနဲများ လာလျှင် သူ့ ဘီအမ်ဒဗလျူကားကြီးကို အလစ်မပေးရဲဘဲ စောင့်ကြည့်ရသည်က အလုပ်တစ်ခုလို ဖြစ်လာ၏။

●

အဲသည် ဘီအမ်ဒဗလျူကားကြီး ဝယ်စီးဖြစ်သည်မှာလည်း ကြွားချင်လွန်း၊ ဇိမ်ခံချင်လွန်းလို့ မဟုတ်ပါ။

အကြောင်းရှိပါသည်။

လွန်ခဲ့သည့် သုံးနှစ်ခန့်က...

●

လွန်ခဲ့သည့်သုံးနှစ်ခန့်က သံလွင်ကျော်ဇောသည် ထမင်းဆိုင်ဖွင့်ဖို့ ယောင်ယမ်း၍ပင် စိတ်ကူးဖူးသူတစ်ယောက်မဟုတ်။သံလွင်(၁)၊ သံလွင်(၂)၊ သံလွင်(၃)ဟူသည့် မိုတယ်သုံးလုံးကိုပိုင်သော အလွန်အလုပ်များသည့် လုပ်ငန်းရှင်တစ်ယောက်ဖြစ်၏။

အလုပ်တွေများသည်နှင့်အမျှ သူ့ကျန်းမာရေး သူ ဂရုမစိုက်နိုင်တော့။ အသက်ကလည်း (၄၀)ပြည့်လုပြည့်ခင်၊ တဖြည်းဖြည်းနှင့် သူ့ကိုယ်အလေးချိန် တိုးလာသည်။ ဗိုက်ကလည်း ရွှဲလာသည်။

အဲသည်အချိန်မှာပင် သူ သွားလာလှုပ်ရှားရသည်မှာ မပေါ့ပါးတော့။ အသက်ရှူကျပ်လာသည်။ မောလာသည်။ နားတွေ အူသည်။ အိပ်နေရိုက် ချွေးစေးတွေ ရွှဲနစ်ပြီး လန့်လန့်နိုး၏။ ထမင်းစား၍လည်း မဝင်တော့။

●

သူထိတ်လန့်တုန်လှုပ်သွားပြီး ဆရာဝန်တစ်ယောက်ထံ သွားပြသည်။ ဆရာဝန်က 'ဘာဖြစ်သလဲ'ဟု မေးသောအခါ သူက...

"ကျွန်တော် အသက်ရှုရတာ ကျပ်ပြီး နားတွေအူတယ် ဆရာ။ ဇက်ကြောတွေလည်း လေးတယ်။ ခေါင်းထဲမှာလည်း ကြည်ကြည်လင်လင် မရှိဘူး။ အစားအသောက်လည်း ဟုတ္တိပတ္တိမဝင်တာကြာပြီ"

"ကိစ္စမရှိဘူး . . .ကောင်းသွားမှာပါ"

ဟု ဆရာဝန်က နှစ်သိမ့်ပြီး သောက်ဆေးများ ပေးလိုက်သည်။ မသက်သာ . . .။

သို့ဖြင့် ...နောက်ထပ်ဆရာဝန်တစ်ယောက်ပြောင်းပြီး ပြကြည့်သည်။ ထိုဆရာဝန်က "ဘာမှ စိုးရိမ်စရာမရှိပါဘူး"ဟု ပြောကာ ပါးစပ်ထောင့်မှ အာသီး(သည္ဆူငူ)နှစ်လုံးကို ခွဲစိတ်ပြီး ထုတ်ပစ်လိုက်၏။

အခွဲခံရတာသာ အဖတ်တင်သွားသည်။ ဘာမှမထူး။ သူ ပိုပြီးစိုးရိမ်လာသည်။ နောက်ဆုံးတစ်ယောက်ကိုပြကြည့်သောအခါ . . .

"ခင်ဗျား ကင်ဆာဖြစ်နေပြီ။ အလွန်ဆုံးနေရရင် နောက်ထပ် ခြောက်လပဲ"

သူ့စိတ်ကို သူ ပြန်လွှတ်ချလိုက်ရတော့သည်။ နေဝင်ချိန်စောလွန်းသည်ဟု တွေးရုံမှတစ်ပါး ဘာကိုမှ သူ မနာကျည်းချင်တော့။

"ငါ မသေခင် အချိန်လေးအတွင်းမှာတော့ လူ့ဘဝကြီးမှာ ဇိမ်ကျကျ နေဖူးတယ်ရှိအောင် နေသွားကြည့်လိုက်ဦးမယ်"

သူ့အတွက် တစ်နေ့မပြတ် ရှုတ်ယှက်ခတ်နေသော အလုပ်ကိစ္စတွေအားလုံးကို ရပ်တန့်ပစ်လိုက်သည်။ မိုတယ်သုံးလုံးစလုံးကို ရောင်းပစ်လိုက်သည်။ တစ်ဝက်ကို လှူပစ်လိုက်ပြီး ကျန်ငွေတစ်ဝက်ဖြင့် ကောင်းကောင်းနေ ကောင်းကောင်းစားသည်။

နောက် ဈေးအကြီးဆုံးဟုဆိုသော ဘီအမ်ဒဗလျူကားသစ်ကြီး တစ်စီးကို ဝယ်ပစ်လိုက်သည်။

●

www.burmeseclassic.com

"အဝတ်အစားကောင်းကောင်းလည်း လိုအပ်တယ်"

ဟု သူ့ဘာသာသူ ဆုံးဖြတ်လိုက်ပြီး ရန်ကုန်မြို့ရှိ နာမည်အကြီးဆုံး အပ်ချုပ်ဆိုင်သို့ သွားသည်။ အကောင်းစားပိတ်စဖြင့် အင်္ကျီအစုံ(၂၀) အော်ဒါမှာလိုက်၏။ အင်္ကျီချုပ်သူက ပေကြိုးကို ကိုင်လိုက်ပြီး...

"စိတ်တိုင်းကျရပါစေ့မယ်၊ ကဲ . . .ခဏလောက် ကိုယ်အတိုင်း အထွာလေး ယူပါရစေဦး"

အပ်ချုပ်ဆရာက သူ့ခန္ဓာကိုယ်ကို ပေကြိုးဖြင့် တိုင်းလိုက်၊ စာရွက်ပေါ် ရေးချလိုက်ဖြင့် . . .

"အင်း . . .ဟုတ်ပြီ၊ လက်အရှည်က ၃၄ လက်မ၊ လည်ပင်းပေါက်က နေပါဦး . . .ဘယ်လောက်ပါလိမ့်။ မှန်း . . .လည်ပင်းပေါက် ၁၆ လက်မ"

"မဟုတ်ပါဘူး ၁၄ လက်မပါ"

သူက မနေနိုင် မထိုင်နိုင် ဝင်ငြင်းလိုက်သည်။ အပ်ချုပ်ဆရာက စိတ်မရှည်သံဖြင့်...

"၁၆ လက်မပါ ဆိုနေဗျာ"

"ဟာဗျာ...ကျွန်တော်အမြဲဝတ်နေတာက လည်ပင်းပေါက် ၁၄ လက်မဗျ"

အပ်ချုပ်ဆရာက...

"ခင်ဗျား ဘယ်လောက်နားလည်လို့လဲ။ ဒီလောက်ကျပ်တဲ့ လည်ပင်းပေါက် ၁၄ လက်မကို ဝတ်ရင် ခင်ဗျား အသက်ရှုကျပ်ပြီး နားတွေ အူလာလိမ့်မယ်။ ဇက်ကြောတွေ လေးမယ်။ ခေါင်းမကြည်မလင် ဖြစ်မယ်။ ကြာရင် လည်ပင်းအစ်ပြီး စားရသောက်ရတာပါ မကောင်းသလို ဖြစ်လာလိမ့်မယ်။ မှတ်ထား . . ."

"ဟိုက် . . .ကောင်းရောကွာ"

●

ဦးသံလွင်ကျော်ဇောတစ်ယောက် သူ့ကိုယ်သူ ကျိန်ဆဲ၍မဆုံးတော့။ ရှိစုမဲ့စုပိုက်ဆံလေးများ အကုန်ပျောက်မသွားခင် တည်းခိုခန်းတစ်ခုနှင့် ထမင်းတစ်ဆိုင်ကို အမြန်ပြန်ဝယ်ထားလိုက်ရသည်။

ဘီအမ်ဒဗလျူကား လှလှကြွကြွကြီး တစ်စင်းတော့ အဖတ်တင် ကျန်ရစ်၏။

●

ကောင်တာတွင် ချိတ်ဆွဲထားသော လူမြင်မကောင်းသည့် ဆိုင်းဘုတ်ကို ဖြုတ်ကာ အမှိုက်ပုံးထဲ ဝုန်းခနဲပစ်ထည့်လိုက်ပြီးသည့်တိုင်အောင် ဦးသံလွင်ကျော်ဇော၏ ဒေါသက မပြေချင်သေး။

ထိုစဉ် လူငါးယောက်စားထားသော ဝိုင်းမှ ပိန်ပိန်သေးသေး လူညှက်ညှက်ကလေးတစ်ယောက်က ကောင်တာဆီ ထလာပြီး ပိုက်ဆံရှင်းရန် ပြင်သည်။

"ခုနစ်ထောင့်ငါးရာကျတယ် အစ်ကို"

စားပွဲထိုးကလေးက သူတို့စားသောက်ထားသမျှကို တွက်ပြီး ကျသင့်ငွေကို လှမ်းအော်ပြော၏။

ထို လူပုပုညှက်ညှက်ကလေးက ချက်လက်မှတ်ထုတ်ရေးပြီး ကောင်တာပေါ် ချပေးသည်။ ဦးသံလွင်ကျော်ဇော မျက်မှောင်ကုတ်သွား၏။

ဘယ်လိုလဲ . . .ဒီငနဲက ပိုက်ဆံလေး ခုနစ်ထောင်ကျော်ကျတာကို ချက်လက်မှတ်နဲ့ ရှင်းရတယ်လို့။

ဦးသံလွင်ကျော်ဇောက ချက်လက်မှတ်ကို ကောက်ကိုင်ရင်း ထို သူကို မော့ကြည့်မိသည်။ ထိုလူပုကလေးက...

"ဘာလဲ . . .မယုံလို့လား။ ကျုပ် စာရေးဆရာ နီကိုရဲဗျ။ ဘယ်တော့မှ လက်ထဲမှာ ငွေသားမကိုင်ဘူး၊ ချက်လက်မှတ်နဲ့ပဲ ရှင်းတယ်ဆိုတာ လူတိုင်းသိတယ်"

www.burmeseclassic.com

"ဟုတ်ပြီလေ . . .ချက်လက်မှတ်နဲ့ ရှင်းတာကိုတော့ ထားလိုက်ပါတော့။ ခင်ဗျားဟာ နီကိုရဲဖြစ်ကြောင်း သက်သေပြစရာ ဘာပါသလဲ"

"သြော် . . .ဟုတ်ပြီ။ ကျွန်တော့်ကိုမွေးတုန်းက တင်ပါးမှာ မွေးရာပါ အမှတ်ပါတယ်ဗျ၊ ကြည့်မလားဟင် . . .ကျွန်တော်ပြမယ်"

ပြောပြောဆိုဆို ပုဆိုးကိုဖြေရန် ပြင်လိုက်ရာ . . .

"ဟိုး . . .ဟိုး နေပါစေတော့ နေပါစေတော့။ မကြည့်ပါရစေနဲ့၊ ကျွန်တော် ယုံလိုက်ပါ့မယ်"

"အားနာလို့လား . . .မနာပါနဲ့။ ဒီမှာ ကျွန်တော်ပြမယ်"

"ဟာ . .မလုပ်နဲ့၊ မလုပ်နဲ့။ ကျွန်တော်ပြောတဲ့ သက်သေပြစရာဆိုတာက မှတ်ပုံတင်တို့၊ မော်တော်ကားလိုင်စင်တို့လို အထောက်အထားစာရွက်တို့ကို ပြောတာဗျ"

"သြော် . .ဟုတ်လား။ ဟဲ . . .ဟဲ . .ဟဲ မသိပါဘူးဗျာ၊ ခင်ဗျားက ရှင်းရှင်းမှ မပြောတဲ့။ အဲ . . .ဟိုဒင်း ကျွန်တော့်မွေးရာပါ အမှတ်ကိုကြည့်ချင် တယ်ဆိုရင်လည်း ပြောနော် . . .။ ကျွန်တော် . . .ဒီမှာ"

"ဟာ . . .ရပါပြီ ရပါပြီ။ တကယ်မကြည့်တော့ပါဘူး"

ငတိက ထွက်သွားတော့မလိုလိုဖြင့် ဆတ်ခနဲ ပြန်လှည့်လာပြီး သူ့အမှတ်ကို ပြမည်တကဲကဲ လုပ်နေသောကြောင့် မနည်းတောင်းပန်လွှတ်လိုက်ရ၏။

သည်မနက်ခင်းကတော့ နီကိုရဲတစ်ယောက်တည်းနှင့်ပင် အတော်ချွေးပြန်သွားသည်။

"ဟူး"

ဦးသံလွင်ကျော်ဇောတစ်ယောက် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။ ဒီထမင်းဆိုင်ကောင်တာတွင် ထိုင်ပြီး ပိုက်ဆံသိမ်းရသည့်အလုပ်ကို ငြီးငွေ့လှပြီ။ ဖြစ်နိုင်လျှင် မလုပ်ချင်တော့။

သူ တကယ်တမ်းဝါသနာပါသည်က အနုပညာ။ သို့သော် . အကြောင်းအမျိုးမျိုးကြောင့် အနုပညာနယ်ပယ်ထဲ မရောက်ခဲ့။ တစ်သက်

www.burmeseclassic.com


လုံး စီးပွားရှာရင်းနှင့်သာ အချိန်တွေ ကုန်ခဲ့ရသည်။

သို့သော် ပင်ကိုယ်စိတ်ဓာတ်အခံကြောင့် (ကိုယ်တိုင်က အနုပညာနှင့်ဝေးသည့်တိုင်) အနုပညာရှင်များကို အလေးအနက်ထားရကောင်းမှန်းသိသည်။

ထို့ကြောင့်လည်း အနုပညာရှင်များ (အထူးသဖြင့်.. .စာရေးဆရာများ၊ အယ်ဒီတာများ)က သူ့ဆိုင်ကို ဝင်ထွက်ရင်းနှီးနေကြခြင်း ဖြစ်လေသည်။

“ဆရာမောင်နန်းမိုး လာတယ်။ ကြက်ကာလသားချက်နဲ့ တစ်ပွဲ”

စားပွဲထိုးကလေး၏ အော်သံကြောင့် ဆိုင်အဝင်ဆီသို့ သူ လှမ်းကြည့်မိသည်။

ပေါ်ပြူလာဂျာနယ် အယ်ဒီတာ မောင်နန်းမိုးတစ်ယောက် လက်ထဲတွင် ဓာတ်ပုံအယ်လ်ဘမ်သုံးအုပ်နှင့် ဂျာနယ်တစ်စောင်တို့ကို ပွေ့လျက်ဝင်လာသည်ကို မြင်ရ၏။

အယ်ဒီတာ မောင်နန်းမိုးက ကောင်တာရှေ့တည့်တည့်စားပွဲတွင်ဝင်ထိုင်လိုက်ပြီး...

“ဟေ့လူ ကိုဇော . .၊ ဒီမှာ ခင်ဗျားအတွက် အခုအပတ်ထုတ်ဂျာနယ်”

အသစ်ထွက်သော ပေါ်ပြူလာဂျာနယ်တစ်စောင်ကို အမှတ်တရလက်မှတ်ထိုးပြီး ပေး၏။

ပေါ်ပြူလာဂျာနယ်တိုက်နှင့် သူ့ထမင်းဆိုင်မှာ တက္ကသိုလ်ရိပ်သာလမ်းသစ်၏ ဟိုဖက်ထိပ်နှင့် သည်ဖက်ထိပ်တွင်ရှိရာ နီးနီးကလေးဖြစ်သောကြောင့် အယ်ဒီတာ မောင်နန်းမိုးက နေ့စဉ် ထမင်းလာစားလေ့ရှိ၏။

သူ့ကိုလည်း ခင်မင်ရင်းနှီးစွာဖြင့် သံလွင်ကျော်ဇောဟူသည့် နာမည်အပြည့်အစုံမခေါ်ဘဲ ‘ကိုဇော’ဟု ခေါ်တတ်သည်။ ကြာတော့ တခြားစာရေးဆရာတွေပါ သူ့ကို ကိုဇောဟု နှုတ်ကျိုးလာတော့သည်။

www.burmeseclassic.com

သူက ကောင်တာမှ ထလာပြီး အယ်ဒီတာ မောင်နန်းမိုးဘေးတွင် ဝင်ထိုင်လိုက်ရင်း...

"ဒီနေ့တော့ ခင်ဗျား ထမင်းလာစားတာ နောက်ကျလှချည်လား။ အခုပဲ နေ့လည်တစ်နာရီပဲ ထိုးတော့မယ်"

"ဂျာနယ်ဖောင်ပိတ်ရက်လေဗျာ . ၊ အရမ်းအလုပ်များတယ်၊ ဒီလို ရက်မျိုးဆို ယားလို့တောင် မကုတ်အားဘူး"

"ဒါနဲ့ ကျွန်တော်ကြားတာက ခင်ဗျား မိန်းမယူတော့မှာဆို .."

"ဒီပုံစံအတိုင်းဆို တော်တော်နဲ့ ယူဖြစ်ဦးမှာ မဟုတ်ပါဘူး ကိုဇော ရာ . . .မြင်တဲ့အတိုင်းပဲ။ ဒီမှာ ကျွန်တော်က ဂျာနယ်နဲ့ ညားနေတာ။ အင်းလေ . . .ထူးတော့ မထူးပါဘူး။ ဂျာနယ်ဆိုတာမျိုးကလည်း မိန်းမ တစ်ယောက်နဲ့ တူတဲ့အချက်တွေ ရှိတယ်ဗျ"

အယ်ဒီတာ မောင်နန်းမိုး၏ စကားကြောင့် ဦးသံလွင်ကျော်ဇော ဦးနှောက်ခြောက်သွားသည်။

"ဘယ်လိုအချက်တွေ တူတာလဲဗျ၊ လုပ်စမ်းပါဦး"

"ဒီမှာ မသေမချင်းမှတ်ထား..။ တစ်အချက် ..ဂျာနယ်တွေဟာ ဘာမဟုတ်တဲ့ ကိစ္စသေးသေးလေးတွေကို လူစိတ်ဝင်စားလာအောင် ပုံကြီးချဲ့တတ်တယ်။ အဲ . . .မိန်းမတွေလည်း ဒီလိုပဲ"

"ဩော် . . ."

"နှစ်အချက် ..ဂျာနယ်ထဲမှာ ရေးသမျှ ပြောသမျှတိုင်းကို အမှန်လို့ ထင်ပြီး ယုံလို့မဖြစ်ဘူး။ ဒီအတိုင်းပဲ မိန်းမတစ်ယောက်ပြောသမျှကိုလည်း အမှန်တွေချည်းပဲလို့ မထင်လေနဲ့"

"မှတ်သားလောက်ပါတယ်ဗျာ"

အယ်ဒီတာ မောင်နန်းမိုးက ပြောရင်း စိတ်ပါလာဟန်ဖြင့် ဇွန်းနှင့် ခက်ရင်းကို ချထားလိုက်ပြီး . . .

"နံပါတ်သုံးအချက်က . . .မိန်းမတွေကော ဂျာနယ်တွေကော နှစ်ခု စလုံးဟာ ရောင်းကောင်းအောင်ဆိုပြီး မျက်နှာဖုံးလှလှနဲ့ ဆွဲဆောင်ဖို့

www.burmeseclassic.com


ကြိုးစားကြတယ်ဗျ။ ပြီးတော့ နံပါတ်လေးအချက် . . .သွားရင်းလာရင်း အပျင်းပြေ အချိန်ဖြုန်းမယ်ဆိုရင်တော့ အဲဒီနှစ်မျိုးစလုံးဟာ တော်တော် အသုံးဝင်တယ် . . .သိလား"

"ဟုတ်သားပဲ"

"ကဲ . . .နောက်ဆုံးအချက်ကို ပြောပြမယ် နားထောင်"

"ဆိုပါဦး"

"မိန်းမတွေလိုပေါ့ဗျာ။ ဂျာနယ်တွေဟာလည်း ဘယ်လောက်ပဲ စိတ်ပျက်စရာကောင်းတယ်လို့ ပါးစပ်က ပြောနေစေကာမူ ဖတ်ချင်လာတဲ့ အခါ သူများဆီက ခဏခဏငှားဖတ်နေလို့တော့ မဖြစ်ဘူး။ လူတိုင်းမှာ ကိုယ်ပိုင်ဝယ်ထားတဲ့ တစ်စောင်စီတော့ ရှိသင့်တယ်ဗျ"

အယ်ဒီတာ မောင်နန်းမိုး၏ စကားကြောင့် ဦးသံလွင်ကျော်ဇောက ဟက်ဟက်ပက်ပက်ပြုံးလိုက်ပြီး . . .

"လက်စသတ်တော့ ခင်ဗျားက ကျွန်တော့်ကိုပါ မိန်းမယူဖို့ ဆွယ် နေတာကိုး"

"ဟုတ်တယ်လေ ...အဲဒီအရသာကို ခင်ဗျားတို့လို လူပျိုတိုက်ဆွေး ငပုပ်ကြီးတွေမှ မသိဘဲကိုး . . .ကိုဇော်ရဲ့။ ကဲ . . .ပြောစမ်းပါဦး၊ ခင်ဗျား ဘဝမှာ ဘယ်မိန်းကလေးနဲ့ ပတ်ပတ်သက်သက် ရှိဖူးလို့လဲ"

ထိုစကားကို အဖြေပေးရန် ဦးသံလွင်ကျော်ဇော တုံ့ဆိုင်းနေမိ သည်။ အတန်ကြာစဉ်းစားနေပြီးမှ လေးတွဲ့သော အသက်ရှူသံတို့ဖြင့် . . .

"နီလာအေးဆိုတဲ့ မိန်းကလေးနဲ့တော့ ငယ်ငယ်တုန်းက တစ်ကြိမ် ပတ်သက်ခဲ့ဖူးတယ်ဗျာ"

"အဲ...ဟုတ်ပြီ . . .ဟုတ်လာပြီ၊ ဘယ်အရွယ်တုန်းကလဲ၊ ဘယ်လို ပတ်သက်ခဲ့တာလဲ၊ ပြောစမ်းပါဦး"

"ခြောက်နှစ်သားလောက်တုန်းကဗျ။ အဲဒီကောင်မလေးနဲ့ လင် မယားလုပ်တမ်း ကစားခဲ့ဖူးတယ်"

"သေလိုက်ပါတော့ ကိုဇော်ရယ် ...။ တော်ဗျာ ..တော်၊ ခင်ဗျား

www.burmeseclassic.com

အကြောင်း ကျွန်တော် အခုမှပဲ သိတော့တယ်။ ကျုပ်ကို ဆည်းကပ် ပညာယူရကောင်းမှန်းသိလို့ ကိုယ့်လူ တော်လေမလား အောက်မေ့ မိပါတယ်။ လက်စသတ်တော့ ခင်ဗျားဟာ လင်းပိုင်လို ကိုယ့်အမျိုး ကိုယ်ဖျက်မယ့် လူစား။ ရှေ့လမ်းပိတ်ပြီး နောက်တံခါးဖွင့်ချင်တဲ့လူမျိုး။ ပြည်သူလူထုရဲ့ အန္တရာယ်ကောင် အစစ်ပဲ။ ခင်ဗျားလိုလူစား နှစ်ယောက် လောက်သာရှိရင် လောကကြီး ပျက်စီးတာ ကြာလှပြီပေါ့။ ထွီ . . . စကောလောက်မှ စောက်မနက်လိုက်တာဗျာ"

အယ်ဒီတာ မောင်နန်းမိုးက စိတ်တိုတိုဖြင့် မဆီမဆိုင်တွေဖိဟောက် ပစ်လိုက်ပြီး အံသွားများကြားတွင် ညပ်နေသည့် ကြက်ရိုးတစ်စကို ထွီခနဲ ထွေးထုတ်လိုက်၏။

ဦးသံလွင်ကျော်ဇောကတော့ မျက်လုံးကလေးများကို ပြာလတွတ် ပြာလတွတ်လုပ်ရင်း အယ်ဒီတာ မောင်နန်းမိုးကို မျက်နှာငယ်ကလေးဖြင့် ကြည့်နေ၏။ သူ့ပုံစံက စာအဖြေမှားသွားသောကြောင့် ဆရာ၏ အဆူ အငေါက်ခံလိုက်ရသည့် ကျောင်းသားသစ်ကလေးနှင့် တူနေသည်။

"ဟော . . .ဒါတွေက ဘာတွေလဲဗျ။ ကိုနန်းမိုး"

အာရုံပြောင်းလိုပြောင်းငြား မျှော်လင့်ပြီး မောင်နန်းမိုးသယ်လာ သည့် ဓာတ်ပုံအယ်လ်ဘမ်သုံးအုပ်ကို အလွန်အမင်းစိတ်ဝင်စားနေချင် ယောင် ဆောင်လိုက်၏။

"ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ ပုံတွေပါဗျာ . . .။ ရှေ့အပတ် ဂျာနယ်မျက်နှာဖုံး တင်ရအောင် ရွေးဖို့ ယူလာတာ"

မျှော်လင့်ထားသည့်အတိုင်းပင် အယ်ဒီတာ မောင်နန်းမိုး၏ မျက်လုံးတွေ ပြန်လည်အသက်ဝင်တောက်ပလာကြ၏။ဦးသံလွင်ကျော်ဇော ဓာတ်ပုံအယ်လ်ဘမ်တစ်အုပ်ကို ဖွင့်ကြည့်ရန် ကောက်ကိုင်ရင်း ထပ်မေး လိုက်သည်။

"ဘယ်မင်းသမီးလဲဗျ"

"ဘယ်သူရှိရဦးမှာလဲ ကိုဇောရာ . . .။ ဒီနေ့ ရုပ်ရှင်လောကရဲ့

ဘုရင်မ ဆုယမင်းကျော်ပေါ့”

ဆုယမင်းကျော် . . .

ဆုယမင်းကျော် . . .

အတိတ်၏လေပြေထဲတွင် ‘ဆုယမင်းကျော်’ဟူသော အမည်နာမက ရနံ့သင်းပျံ့လျက် လွင့်ပါလာ၏။

ဓာတ်ပုံအယ်လ်ဘမ်ကို လှန်တော့မည့်ဆဲဆဲ ဦးသံလွင်ကျော်ဇော၏လက်တွေ အေးခဲလျက် တန့်သွားသည်။

ဩော် ..‘ဒီနေ့ခေတ် ရုပ်ရှင်လောကရဲ့ ဘုရင်မ’တဲ့လား ...။

ကောင်မလေးရေ . . .

မင်း အောင်မြင်ပါစေကွယ် . . .။

●

ဓာတ်ပုံအယ်လ်ဘမ်တွေကို တစ်ရွက်ချင်း ဖြည်းဖြည်းချင်းစီ လှန်ကြည့်ဖြစ်သည်။ ဓာတ်ပုံတိုင်းတွင် ‘သူမ’ ပြုံးနေသည်။

ဟိုတစ်ကြိမ်တစ်ခါဆီက ရင်းရင်းနှီးနှီးမြင်ခဲ့ဖူးသော နှုတ်ခမ်းများက သူ့နှလုံးအိမ်ထဲတွင် အသစ်တစ်ဖန် နွေးထွေးလာပြန်လေသည်။

အယ်လ်ဘမ်ထဲထည့်ရန် နေရာမဆံ့တော့သောကြောင့် သည်အတိုင်း ဓာတ်ပုံချည်း အလွတ်သက်သက် ထားထားသည့် ပုံတစ်ပုံကို လည်းတွေ့ရသည်။

ထိုပုံထဲတွင် မျက်နှာကို အနီးကပ်ရိုက်ထားသောကြောင့် သူမ၏ ခေါသန်လျက်ထိပ်ဖျားလို အပြုံးနှုတ်ခမ်းတွေက ရက်ရက်စက်စက် ဖိတ်ဖိတ်လက်ကာ ထက်မြလွန်းနေ၏။

●

www.burmeseclassic.com

သူ ဓာတ်ပုံတွေကို ဆက်မကြည့်ရဲတော့...။

မောလာသည်။

ထို့ကြောင့်...ဓာတ်ပုံအယ်လ်ဘမ်များကို အသာအယာပင် ပြန်ပိတ်ကာ အယ်ဒီတာ မောင်နန်းမိုးဆီ ပြန်ပေးလိုက်သည်။

●

ထိုစဉ်မှာပင်...

"ဟော့ကောင် နန်းမိုး။ ခုချိန်ထိ ဂျာနယ်တိုက်ကို မရောက်သေးဘူးလား။ ဘယ်နှနာရီရှိပြီလဲ။ မင်းကွာ . . .ဘယ်လောက်ပြောပြော တိုက်မှာဖင်မြဲအောင် မထိုင်ဘူး။ အခုလည်း ငါဝင်ကြည့်မိပေလို့ပဲ"

ဆိုင်ထဲသို့ ဝင်လာသော အယ်ဒီတာချုပ် ကျော်သီဟ(ဟသ်ာတ)က လှမ်း၍ဟောက်သည်။ မောင်နန်းမိုး ပျာပျာသလဲ ဖြစ်သွား၏။ အယ်ဒီတာချုပ်ကိုတော့ ကြောက်ရပေမည်။

"မဟုတ်ပါဘူး ဆရာ။ ကျွန်တော် တိုက်ကို ရောက်ခဲ့ပြီးပါပြီ။ ခုမှ ထမင်းထွက်စားတာပါ"

"တော်ကွာ . . .တော် မင်းကို ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

မောင်နန်းမိုးမှာ လိပ်တစ်ကောင်လို ခေါင်းကလေး ပုဝင်သွား၏။ စောစောက ကိုဇောကို ဟောက်ခဲ့သမျှ ပြန်၍ဝင့်လည်နေသည်။ အယ်ဒီတာချုပ်က . . .

"မင်းဟာ ပြန်မပြော နားမထောင်ဆိုတဲ့ ကောင်စားမျိုးပဲ မောင်နန်းမိုး။ နေစမ်းပါဦး ...မနေ့ညက ဂျာနယ်တိုက်မှာ မင်း အရက်တွေ မူးပြီး ပေါက်ကရတွေ လျှောက်လုပ်တယ် မဟုတ်လား"

"ဒီလိုရှိပါတယ်ဆရာ။ မနေ့ညက . . ."

"ဟော့ကောင် ဘာမှ ငြင်းဖို့မကြိုးစားနဲ့။ ငါ အကုန်သိပြီးပြီ။ မနေ့ညက မင်း အရက်တွေမူးပြီး စည်ပင်သာယာက အမှိုက်ကျုံးတဲ့

www.burmeseclassic.com


လက်တွန်းလှည်းကို ဂျာနယ်တိုက် ဧည့်ခန်းက ကော်ဇောပေါ်မှာ လျှောက်တွန်းသတဲ့။ ကဲ . . .မင်း ဘာပြောမလဲ”

“ဆရာ အဲဒီလက်တွန်းလှည်းက . . .”

“တော် . . .တော် မောင်နန်းမိုး။ မင်းကွာ . . .အသိဉာဏ် မရှိလိုက်တာ။ မူးရင်လည်း အေးအေးဆေးဆေးအိပ်နေပေါ့။ အမှိုက်ကျုံးတဲ့လက်တွန်းလှည်းနဲ့ ကော်ဇောပေါ် တရွတ်တိုက် လျှောက်တွန်းတော့ ကော်ဇောတွေ စုတ်ကုန်ပြီ။ ကြည့်စမ်း . . .ဘယ်လောက် နှမြောစရာကောင်းလိုက်သလဲ။ ဒါ . . .လုပ်စရာလား”

“ကျွန်တော်ကတော့ မလုပ်ချင်ပါဘူးဆရာ ...။ ဒါပေမဲ့ ဆရာစီးချင်တယ်ဆိုလို့”

“ဘာကွ”

“ကျွန်တော်တွန်းတဲ့ လှည်းပေါ် တက်စီးတာ ဆရာပဲလေ...။ မမှတ်မိတော့ဘူးလား”

“ဟေ ...ဟုတ်လား” ဟူသော လေသံတိုးတိုးကလေးက ဆရာကျော်သီဟထံမှ ခိုးကြောင်ခိုးဝှက် လေလည်လိုက်သလို ထွက်လာ၏။ ပြီးမှ ခေါင်းကို အရှက်ပြေကုတ်ရင်း . . .

“အေးကွာ . . .ငါလည်း မနေ့ညက နည်းနည်းများသွားတယ်ထင်ပါရဲ့။ ဟဲ ...ဟဲ ...ဟဲ မှတ်တောင် မမှတ်မိတော့ဘူး။ ဟဲဟဲဟဲ”

ဆရာကျော်သီဟက ဆိတ်သိုးကြီး အစာတောင်းသည့် အသံမျိုးဖြင့် တဟဲဟဲ ရယ်နေသည်။ သူ့ လေသံကော အမူအရာပါ ပြောင်းသွား၏။ သူက စကားကို အမြန်ဖြတ်ပြီး . . .

“ကဲ ...မင်းစားပြီးရင် လစ်ကြစို့။ လုပ်စရာတွေ အများကြီးရှိသေးတယ်ကွ။ ဩော် ...ကိုဇောရေ သွားပြီဗျို့”

မောင်နန်းမိုးကလည်း ခွက်ပုံအယ်လ်ဘမ်များကို ကမန်းကတန်း ချိုင်းကြားညှပ်ပြီး ပျာယီးပျာယာဖြင့် လိုက်သွားသည်။

●

www.burmeseclassic.com

မသိစိတ်၏ လှုံ့ဆော်မှုကြောင့် ဦးသံလွင်ကျော်ဇော၏ အကြည့်က စားပွဲအောက်ဘက်ဆီ ဖျတ်ခနဲ လွင့်သွားသည်။

ဓာတ်ပုံတစ်ပုံ . . .။

စောစောက မောင်နန်းမိုး အယ်လ်ဘမ်များကို ကမန်းကတန်း ဆွဲယူလိုက်စဉ် ထွက်ကျကျန်နေခဲ့ခြင်း ဖြစ်ပုံရ၏။

ဦးသံလွင်ကျော်ဇောက ဓာတ်ပုံကို ကောက်ယူလိုက်သည်။

သေချာသည်။ အယ်လ်ဘမ်ထဲတွင် နေရာမဆံ့သောကြောင့် သပ်သပ်ဖယ်ထားသည့် မျက်နှာအနီးကပ်ဓာတ်ပုံ . . .။

●

သူမ၏ ဓားသန်လျက်လို အပြုံးနှုတ်ခမ်းတွေကို နောက်တစ်ကြိမ် ထပ်မြင်ရပြန်လေသည်။

●

မောင်နန်းမိုးကို လှမ်းခေါ်ပြီး ပေးလိုက်မည်ဟု စိတ်ကူးကာ မော့ကြည့်မိသည်။ မောင်နန်းမိုးက ဆိုင်ဝမှ ထွက်ခါစ ခြေတစ်လှမ်း နှစ်လှမ်းပင် ရှိသေး၏။

လှမ်းခေါ်လျှင် မီနိုင်သေးသည်။

သို့သော် သူ(ဘာကြောင့်မှန်းမသိ) စိတ်ပြောင်းသွားသည်။ လှမ်း မခေါ်ဖြစ်တော့။

ကောင်တာမှ အံဆွဲကို ဖွင့်သည်။ ဓာတ်ပုံကလေးကို တယုတယ ထည့်၏။ နောက် အံဆွဲကို ဖြေးညှင်းစွာ ပြန်ပိတ်လိုက်လေသည်။

● ● ●

www.burmeseclassic.com


အတိတ်

အတိတ်ဆိုသည်မှာ
ကိုယ် ဆန္ဒရှိသလောက်
အကြိမ်ကြိမ်ပြန်မက်ခွင့်ရသော အိပ်မက်ပင်ဖြစ်ပါသည်။

●

အဲသည်တုန်းက သူ့ ထမင်းဆိုင်ဖွင့်ကာစပင် ရှိသေး၏။

ထမင်းဆိုင်ဟု ဆိုသော်လည်း တခြားဖွင့်နေကျဆိုင်တွေလို သမာရိုးကျဟင်းအမည်များနှင့် ငပိရည် တို့စရာလောက်သာ ချပေးသော ဆိုင်မျိုးမဟုတ်။

ကြက်ကာလသမီးချက်၊ ဝက်ပုန်းရည်၊ ဝက်ဒညင်း၊ ဝက်ဘွားတော်၊ ငါးရံ့ဒန့်သလွန် စသော ဖွယ်ဖွယ်ရာရာတွေ စီစဉ်ထားသည်။ ကြက်ပွေးတောက်ဟင်းချိုလို အရံဟင်းများနှင့် အသီးအရွက်စိမ်းစိမ်းများကိုလည်း ကိုးမျိုး ဆယ်မျိုးထက်မနည်း လတ်လတ်ဆတ်ဆတ် တွဲဖက်ပေးထားသောကြောင့် တစ်မျိုးတစ်ဖုံ ထူးခြားနေ၏။

ဟိုတယ်နှင့် Restaurant တွင် စားရသည်ကိုသာ အဆင့်အတန်းရှိသည်ဟု အောက်မေ့နေကြသူများပင်လျှင် သူ့ မြန်မာထမင်းဆိုင်ကို အကြိုက်တွေ့ကြသည်။ စားသုံးသူ မပြတ်လှချေ။

●

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

သို့သော် အဲသည်နေ့က ထူးထူးခြားခြား လူရှင်းနေသည်။ ဆိုင်ရှေ့တွင် ကားရပ်သံ ကြားသောကြောင့် သူ လှမ်းကြည့်လိုက်သည်။

အဖြူရောင် ဗင်ကားလေးပေါ်မှ သူ့သူငယ်ချင်း ဇာတ်ညွှန်းရေးဆရာ ထူးဇော် ဆင်းလာသည်ကို မြင်ရသည်။

"ဟိုက် . . .ခွေးမသား၊ ဘာဒုက္ခလာပေးပြန်ပြီလဲ မသိဘူး"

ဟု တွေးကာ ကမန်းကတန်း ခေါင်းငုံ့ပြီး ပိုက်ဆံရေတွက်ရင်း အလုပ်များနေချင်ယောင် ဆောင်လိုက်သည်။

(ထူးဇော်၏နောက်တွင် မိန်းကလေးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ဦးတို့ ပါလာသည်ကိုတော့ ရိပ်ခနဲ မြင်လိုက်မိ၏။)

ထူးဇော်နှင့် ထိုဧည့်သည်နှစ်ယောက် ဆိုင်ထဲဝင်ကာ စားပွဲတစ်ဝိုင်းတွင် ထိုင်ပြီး ဟင်းတွေမှာနေသည့်အသံကို ကြားရသည်။

သူ မော့မကြည့်ဖြစ်။ အတင်းခေါင်းငုံ့ထားပြီး ပိုက်ဆံတွေကိုသာ သဲသဲမဲမဲရေတွက်နေလိုက်သည်။

ထူးဇော်ဆိုသည့်ငနဲက သူ့ဆီသို့ အရှုပ်ထုပ်တွေကို အမြဲတမ်းသယ်ဆောင်လာပြီး တင်သွင်းနေကျ အရှုပ်ကုန်သည် အကြီးစားကြီးတစ်ယောက်ဖြစ်၏။ သူလာပြီဆိုလျှင် မျက်နှာကလေးချိုချို မျက်မှန်ကလေးကို ပင့်ပင့်တင်ပြီး . . .

"သူငယ်ချင်း ဟား . . .ဟား . . .ချစ်သူငယ်ချင်းကြီး ဖိုးဇောရေ . . . ကိုယ့်ကို ဒီတစ်ခုတော့ ကူညီပါဦးကွာ"ဟု အစချီ၍ တောင်ပြောမြောက်ပြောတွေ လျှောက်လျှောက်ပြောကာ နောက်ဆုံးတွင်တော့ ဒုက္ခတစ်ခုမဟုတ်တစ်ခု ထားရစ်ခဲ့ပြီး ပြန်သွားစမြဲပင်ဖြစ်၏။

ဘယ်လောက်ဒုက္ခပေးပေး စိတ်ထဲက ကျိတ်၍ပင် အပြစ်မတင်ချင်လောက်အောင် သူ ထူးထူးခြားခြား ခင်မင်မိသူဟူ၍ နှစ်ယောက်သာ ရှိသည်။တစ်ယောက်က မဟောသီမဂ္ဂဇင်းက အယ်ဒီတာ မောင်သန်းထိုက်။ နောက်တစ်ယောက်က ဇာတ်ညွှန်းရေးဆရာ ထူးဇော် . . .။

●

www.burmeseclassic.com


လွန်ခဲ့သည့် သုံးလခန့်ကလည်း ထူးဇော် လက်မှာ ကျောက်ပတ်တီး အဖွေးသားစည်းလျက်နှင့် ရောက်လာပြီး...

"သူငယ်ချင်း ဖိုးဇောရေ . . .ငါ့ကို တစ်ခုကူညီဦးကွာ"

"ဟာ ...ဟော့ကောင် မင်းလက်မှာလည်း ကျောက်ပတ်တီးကြီးနဲ့၊ ဘယ်လိုဖြစ်လာတာလဲ"

"မနေ့ညက ကန်ဘောင်ပေါ်မှာ အရက်သောက်တာ မူးမူးနဲ့ ချော်လဲလို့ လက်ကျိုးသွားတယ် ဖိုးဇောရာ . . ."

"မင်းကတော့ ပက်ကျိုလိုကောင်ပဲ ထူးဇော်ရာ...။ သွားလေရာမှာ အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ ကဲ ပြော . . .ငါ ဘာကူညီရမလဲ"

"ငါ လက်ကျိုးတာ ငါ့မိန်းမ မသိသေးဘူးကွ။ အဲဒါ မင်းသွားပြောပေးကွာ"

"ဟာ . . .မင်းဘာသာ မင်းပြောတော့ ဘာဖြစ်မှာမို့လို့လဲ"

"အဲဒါ ခက်နေတာပေါ့ကွ။ ငါ ဒီပုံစံနဲ့ အိမ်ပေါ်တက်သွားပြီး ပြောရင် ငါ့မိန်းမက 'ရှင့်ဘာသာရှင် အရက်မူးလို့ဖြစ်တာ၊ နည်းတောင် နည်းသေးတယ်' . . .ဆိုပြီး ကန်ချမှာကွ"

"အဲဒီတော့..."

"ဩော် . . .မင်းစဉ်းစားကြည့်လေကွာ။ တကယ်ဆို ငါကပဲ သူ့ကို လုပ်ကိုင်ရှာဖွေကျွေးမွေးနေရတာ။ မတော်လို့ ဒီလို လက်ကျိုးရုံတင် မဟုတ်ဘဲ သေများ သေသွားခဲ့ရင် သူ့အတွက် မခက်ပါလားဆိုတဲ့ စိုးရိမ်စိတ်ကလေးနဲ့ ကြင်ကြင်နာနာပြုစုတာကို ခံချင်တာပေါ့ကွာ။ ငါ့မိန်းမကို အဲသည်လို နားဝင်အောင် ပြောနိုင်ဖို့ဆိုတာကလည်း မင်းလို စကားပြောကောင်းပြီး လူကြီးလူကောင်းဆန်တဲ့ ဥပဓိရုပ်မျိုးနဲ့မှ ဖြစ်မှာဆိုတော့"

"ကဲ . . .ကဲ တော်ပြီ . . .တော်ပြီ။ သူများတွေ ကြားရင် ငါ့ကို ငပေါကြီးလို့ ထင်ကုန်လိမ့်မယ်။ ငါသွားပြောပေးမယ်ဆိုရင် မင်း ကျေနပ်ပြီ မဟုတ်လား"

"ကျေးဇူး ...ကျေးဇူးပဲ ဖိုးဇော။ တကယ်တော့ မင်းဟာ ငါ့ဘဝရဲ့ အလင်းရောင်ပါပဲကွာ . . .ဟဲ . . .ဟဲ"

သည်လိုနှင့်ပင် သူတစ်ယောက်တည်း ထူးဇော်၏အိမ်သို့ ရောက်သွားသည်။ ထူးဇော်၏ မိန်းမနှင့် တွေ့သောအခါ သူက ပရိယာယ်ဖြင့် 'ခင်ဗျားခင်ပွန်းတော့ မနေ့ညက အရက်သောက်ရင်း ချော်လဲတာ ခေါင်းနဲ့ သမံတလင်းဆောင့်မိလို့ ဆုံးသွားရှာပြီ'ဟု ပြောလိုက်၏။

ထူးဇော်၏ဇနီးသည်မှာ ရုတ်တရက် သတိလစ်တော့မလောက် ဖြစ်သွားပြီးမှ ဟီး . . .ခနဲ ချုံးပွဲချကာ ကြမ်းပြင်ပေါ်တွင် အလူးလူးအလိမ့်လိမ့် ငိုတော့သည်။

သူကတော့ 'အားရအောင် ငိုပါစေဦး။ ပြီးရင် ဒီအပူတွေ တစ်ခါတည်းငြိမ်းသွားမှာပဲ'ဟု တွေးကာ အေးအေးဆေးဆေးပင် ကြည့်နေလိုက်၏။ အတော်ကြာအောင် ငိုပြီးသည့်နောက် ထူးဇော်၏ဇနီးသည် မောပြီး ခဏနားသည့် အချိန်ကျမှ သူက . . .

"တကယ်ဆိုရင်ဗျာ ...ချော်လဲတဲ့ဥစ္စာပဲ ...။ သေတဲ့အထိတော့ မဖြစ်သင့်ပါဘူး၊ လက်ကျိုးရုံလောက်ဆို တော်သေးတယ်"

ဟု စကားလမ်းကြောင်း ပေးလိုက်၏။ ထူးဇော်၏ဇနီးသည်လည်း

"ဟုတ်ပါတယ်ရှင်...လက်ကျိုးရုံလောက်ဆို ကျွန်မ ဖြေသာသေးတာပေါ့"

ထိုအခါကျမှ သူက အားပါးတရ ပြုံးလိုက်ပြီး . . .

"ကဲ ...ဒါဆို ဝမ်းသာပေတော့ဗျို့။ အမှန်တော့ ခင်ဗျားယောက်ျား မသေပါဘူး၊ လက်ကျိုးရုံတင် ကျိုးတာပါ။ ကျေနပ်ပြီလား"

ထူးဇော်၏ဇနီးက ကြောင်အမ်းအမ်းဖြင့် အတော်ကြာအောင် ငေးကြည့်နေသေး၏။ နောက် သူက ကြင်နာစွာဖြင့် ထပ်ခါထပ်ခါ ရှင်းလေရာ သဘောပေါက်သွားသည်နှင့် တစ်ပြိုင်နက် . . .

"ဟင် ...မသာကောင် ဘာသဘောနဲ့ ငါ့ကို ပလီစိချောက်ချက်လာပြောရတာလဲ ဟဲ့"

ဟု ဆိုကာ တံခါးထောင့်တွင် ထောင်ထားသော သံတူရွင်းကို ဆွဲပြီး လိုက်ရိုက်သဖြင့် သေပြေးရှင်ပြေး ပြေးခဲ့ရဖူး၏။

●

ယခုလည်း ထူးဇော်၏အရိပ်ကို မြင်ရရုံနှင့်ပင် သူ ကြက်သီးတွေထ နေသည်။ (ကြက်သီးထတာ ဆီးသွားချင်လို့ ဖြစ်မှာပါလေဟု စိတ်ကို ဖြေတွေး တွေးကြည့်သော်လည်း မရ)

ထိုစဉ်မှာပင် ထူးဇော်က "ဟေ့ကောင်ကြီး ဖိုးဇော . . ."ဟု အော်ကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်သောကြောင့် သူ မဝံ့မရဲမော့ကြည့် လိုက်၏။

ထူးဇော်က . . .

"ဟေ့ကောင် ဘာကြည့်နေတာလဲ။ ဒါ . . .ဆုယမင်းကျော်လေ ကွာ"

"ဘာ . . .ဆီထမင်းကြော် ဟုတ်လား။ ဒီအချိန် ဆီထမင်းကြော် ဘယ်ရတော့မှာလဲ မနက်စောစောကျမှ လာခဲ့"

"ဟာ ...ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲ။ ဆီထမင်း ကြော် မဟုတ်ဘူးကွ၊ 'ဆုယမင်းကျော်' 'ဆုယမင်းကျော်'။ ဟောဒါ ... တက်သစ်စမင်းသမီးလေး ဆုယမင်းကျော်ဆိုတာ မင်းသိအောင် မိတ်ဆက် ပေးတာ"

ထိုအခါကျမှပင် ထူးဇော် လက်ညှိုးညွှန်ပြနေသည်ကို သတိထား မိတော့သည်။ စောစောကတော့ ဒီကောင့်ကို ကြောက်သည့်စိတ်ဖြင့် အကြည့်ကို ရဲရဲမဖွင့်ဖြစ်ခဲ့။

သူ့အကြည့်တစ်ခုလုံး လင်းသွားသည့်အခါမှာတော့ ကြယ်စင်တွေ ကို ဖန်ဆင်းသည့် နတ်သမီးတစ်ပါးကို သူ ဖူးတွေ့ခွင့် ရလိုက်သည်။

အဖြူရောင်တို့ဖြင့် လင်းလက်ကာ စကြဝဠာတစ်ခုလုံးကို မျက်

www.burmeseclassic.com

တောင်တစ်ချက်ခတ်ရုံမျှဖြင့် သိမ်းပိုက်နိုင်သည့် အလှတရား . . .။

အသားအရည်က ပန်းပွင့်ဝတ်ဆံဝတ်မှုန်တွေကြားက ယခုခဏ အတွင်းမှာပင် မွေးဖွားသန့်စင်လာသလို နုစိုရှန်းလဲ့လျက် .. . .။

အသက်နှစ်ဆယ်ပင် မပြည့်သေးသည့် သောကြာဂြိုလ်သခင်မ သည် တောက်ပသော မျက်ဝန်းများဖြင့် စူးစူးရဲရဲကြည့်နေသည်။

ဘုရားရေ . . .

(သူ၏ ပထမဦးဆုံးသော နှလုံးခုန်သံတစ်ချက်ကို သူ ကိုယ်တိုင် ပြန်ကြားလိုက်ရသည်)

အထူးခြားဆုံးကတော့ သူမ၏ နှုတ်ခမ်းတစ်စုံဖြစ်၏။ (သူမကို 'ဆီထမင်းကြော်'ဟု မှားယွင်းခေါ်မိသောကြောင့် မကျေမနပ်ဖြစ်နေသည် လား မပြောတတ်ပါ)

နှုတ်ခမ်းလေးတွေက သစ်စေ့ကို ထိုးဆိတ်ချီတော့မည့် ငှက်ပေါက် စလေးတစ်ကောင်၏ နှုတ်သီးလို နီရဲချွန်မြနေကြ၏။

(အဲသည်နှုတ်ခမ်းလေးတွေကို သူ ဒီတစ်သက် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်သည့်အကြောင်း ကျိန်ဆိုဝံ့ပါသည်)

ထူးဇော်၏ မိတ်ဆက်စကားကို တုံ့ပြန်ဖို့ရန် သူ သတိပြန်ဝင်လာ သည့်တိုင် နှုတ်မှ . . .

"ဩော်"

ဟူသော စကားတစ်လုံးကိုသာ ရေရွတ်ရန် အင်အားကျန်တော့ သည်။ ထိုစကားတစ်လုံးထဲကပင်လျှင် သူ၏ နောက်ဆုံးထွက်သက်ကို ထုတ်ယူသွားခဲ့ခြင်း ဖြစ်ပါသည်။

●

'အချစ်'ဆိုသော ရာသီဥတုတစ်ခုကို ဖန်ဆင်းခွင့်ရဖို့ အသက် အရွယ်ချင်းကော၊ နေထိုင်ရှင်သန်ရာ ဝင်ရိုးစွန်းချင်းပါ အလှမ်းဝေးကွာလွန်း

www.burmeseclassic.com

လုပ်ပါတယ်လေ ဟူသောအသိဖြင့်... . . .

ပွင့်ထွက်လုဆဲဆဲ ဒုတိယနှလုံးခုန်သံကို သူ ကန့်သတ်သိမ်းဆည်းထားလိုက်တော့သည်။

အဲသည်အချိန်ကတည်းက သူ သေဆုံးသွားခဲ့ခြင်း ဖြစ်ပါသည်။

● ● ●

www.burmeseclassic.com

အခန်း(၂)

နံနက်စောစောဖြစ်သောကြောင့် သစ်ပင်တွေကြားမှ ဖြတ်သန်းတိုက်ခတ်လာသော လေပြေသည် လတ်ဆတ်စိုစွတ်နေ၏။ မှုန်ရီသောမြင်ကွင်းထဲတွင် သစ်ရွက်ကလေးများသည် မစိမ်းဘဲ ခရမ်းရောင်ဖျော့ ဖျော့သန်းနေလေသည်။

အရဏ်တက်ပြီးခါစ ကောင်းကင်တွင် တိမ်တိုက်တွေက မြေပြင်ဆီသို့ နိမ့်ကပ်စွာ ထိုးဆင်းနေသည် အောက်မေ့ရ၏။ အလင်းသည်အေးစိမ့်ချိုမြနေလေသည်။

သစ်ပင်တွေ အုံ့အုံ့ဆိုင်းဆိုင်းရှိသော တက္ကသိုလ်ရိပ်သာလမ်းသစ်တစ်လျှောက် သူ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ အသက်လေးဆယ်ပြည့်ပြီးသည့်နေ့မှစ၍ ကျန်းမာရေးအတွက် နံနက်တိုင်း လမ်းလျှောက်ထွက်သော အလေ့အကျင့်တစ်ခုကို သူ ပျိုးထောင်ထားခဲ့၏။ ကြာလာတော့လည်း လေပြေနှင့်အတူ သူ အိပ်ရာနိုးတတ်လာခဲ့သည်။ ယိမ်းနွဲ့နေသော သစ်ပင်များ၏ အရိပ်ပေါ်တွင် သူ ရွှေ့လျားလာတတ်ခဲ့သည်။

ဘဝဆိုသည်မှာ လမ်းလျှောက်နေသော ခံစားမှုတစ်ကောင် ဖြစ်ပါသည်။

●

တစိမ့်စိမ့်အေးသော လေညှင်းက သူ့ပါးပြင်အစပ်
နားရွက်အနီးကို ဖြတ်သန်းတိုက်ခတ်သွားသည်။
လေပြေလေညှင်းနှင့်အတူ သဲ့သဲ့တိုးတိုး အသံတစ်ခု လွင့်ပါလာ၏။

"ဥသြ . . .ဥသြ . . .ဥသြ"

ကောင်းကင်၏ အသံလား၊ မြေကြီး၏ အသံလား၊ ကိုယ့်ရင်ဘတ်ထဲမှ ခွဲထွက်လာသည့်အသံလား ဆိုသည်ကို ဝေခွဲရ ခက်နေ၏။

သစ်ရွက်သစ်ခက်တွေ ပိန်းပိတ်ယိမ်းနွဲ့နေသော ပိတောက်ပင်ထိပ်ဖျားဆီသို့ မော့ကြည့်မိသည်။ အိပ်မက်တွေကို မြင်ရသလိုမျိုး ဝိုးတဝါးဖြစ်နေ၏။ အခက်အရွက်တစ်ခုနှင့် တစ်ခုကြား နေခြည်ဖြတ်သန်းရာ အလင်းပေါက်ကလေးကိုသာ တွေ့ရသည်။

ဥသြငှက်ကလေးကို မမြင်ရ။

သူ့အသံကိုသာ ဆွတ်ဆွတ်ပျံ့ပျံ့ ထပ်ကြားရပြန်လေသည်။

"ဥသြ . . .ဥသြ . . .ဥသြ"

●

ငှက်ကလေးကို သူ အကြည့်သက်သက်ဖြင့် လိုက်ရှာနေသည်မှာ အချိန်အတော်ကြာသွား၏။ မတွေ့။ ခန္ဓာကိုယ်မရှိဘဲ အသံသက်သက်ချည်းကိုသာ ပိုင်ဆိုင်သော ဂီတနတ်သမီးက ကျီစယ်နေသည်ဟု အောက်မေ့ချင်လာသည်။

တကယ်တော့ နံနက်ခင်းကို သီချင်းက လှည့်ဖျားနေခြင်း ဖြစ်နိုင်ပါသည်။

●

"ဥသြ . . .ဥသြ . . .ဥသြ"

ငှက်တွေဟာ သူတို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ သီချင်းတစ်ပုဒ်

www.burmeseclassic.com

တည်းကိုသာ ထပ်တလဲလဲဆိုကြတယ်ဟူသော (ဖတ်ဖူးသည့်)စာသား တချို့တလေကို ပြန်သတိရမိသည်။

ငှက်ကလေးရေ . . .

မင်း ဘယ်သူ့အတွက် သီချင်းဆိုနေတာလဲ . . .။

●

ထိုအတွေးဖြင့် 'ငှက်ကလေးကို မေးကြည့်လိုက်မည်'ဟု သူစိတ်ကူးလိုက်၏။ သို့သော် ငှက်ကလေးက ဘယ်သူမှ အမြင်ခံလိုဟန် မရှိ။ သစ်ပင်တစ်ပင်ပင် သစ်ကိုင်းတစ်ခုခု၏ အကြိုအကြားမှာ လုံခြုံစွာ ပုန်းအောင်းနေပုံရ၏။

အသံလာရာ အရပ်မျက်နှာကို သူ တွက်ဆ၍မရ။

●

'ထားလိုက်ပါတော့လေ . . .'ဟု သူ တစ်ကိုယ်စာရေရွတ်ရင်း ပြုံးလိုက်မိသည်။ ငှက်ကလေးကို မတွေ့ရလည်း ကိစ္စမရှိပါဘူး . . .။

အသံကြားနေရရုံမျှနှင့်ပင် ဇမ္ဗူဒီပါလကျာ်တောင်ကျွန်းတစ်ခုလုံး ပြီးပြည့်စုံနေပြီဟု သိစိတ်က ပြော၏။ ရင်ထဲမှာ ပျော်သွားသည်။

"ငှက်ကလေးသည် သူ့အတွက် သီချင်းဆိုပေးနေခြင်းဖြစ်သည်"ဟု ခံယူပစ်လိုက်သည့်စိတ်ဖြင့် (သူ့ကိုယ်သူ) ကျေကျေနပ်နပ် လှည့်စားလိုက်နိုင်၏။

ကြည်နူးမှုတွေ စိုစွတ်သော အပြုံးတစ်ခုနှင့်အတူ သူ လမ်းကိုဆက်လျှောက်ဖြစ်လေသည်။

● ● ●

ကြောင်နှစ်ကောင်စာအုပ်တိုက်

အခန်း(၃)

ညနေ ၃း၁၅

ဦးသံလွင်ကျော်ဇောတစ်ယောက်တည်း ထမင်းဆိုင်ကောင်တာတွင် ထိုင်ပြီး စာအုပ်တစ်အုပ်ကို စိတ်အေးလက်အေး ဖတ်နေသည်။

နောက်ထပ် မိနစ်၂၀ တိတိအကြာတွင် သူ့ဘဝတစ်ခုလုံး မြေမျို ခံရတော့မည်ကို သူ လုံးဝမသိ။

အရာရာသည် ပကတိ ပုံမှန်အတိုင်း အေးဆေးငြိမ်သက်နေ၏။

●

ညနေ ၃း၃၅

သံလွင်ထမင်းဆိုင်ရှေ့သို့ တက္ကဆီတစ်စင်း ထိုးဆိုက်လာသည်။ ဇာတ်ညွှန်းရေးဆရာ ထူးဇော်သည် ပျာရီးပျာယာနှင့် ဆိုင်ထဲဝင်လာပြီး ဦးသံလွင်ကျော်ဇောကို လှမ်းခေါ်လိုက်၏။

"ဟော့ကောင်ကြီး ဖိုးဇော၊ ဟဲ . . .ဟဲ ချစ်သူငယ်ချင်းကြီး"

ထူးဇော်၏ ပါးစပ်မှ ချစ်သူငယ်ချင်းကြီးဟု ခေါ်သံကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဒီငနဲ တစ်ခုခု အကူအညီတောင်းတော့မည်ဆိုသည်ကို ဦးသံလွင်ကျော်ဇော အလိုလိုသိလိုက်သည်။

"ဟော့ကောင် ထူးဇော်၊ ဘာဖြစ်လာပြန်ပြီလဲ။ ပိုက်ဆံချေးဦးမလို့

www.burmeseclassic.com

လား”

ထူးဇော်၏မျက်နှာ ရှုံ့မဲ့သွား၏။

“မင်းကလည်းကွာ . . .တစ်ခါတလေ ပိုက်ဆံချေးမိတာနဲ့ ငါ့ကို မြင်တိုင်း ဒါပဲ ပြောနေတော့တာပဲ”

“တစ်ခါတလေ မဟုတ်ပါဘူးကွာ၊ ပြီးခဲ့တဲ့လကပဲ သုံးသောင်း ယူသွားသေးတယ် မဟုတ်လား”

“အာ . . .ဟို ဒါက ဒီလိုရှိတယ်ကွ။ အဲဒါ ငါသုံးဖို့ မဟုတ်ဘူးလေ။ ငါ့ဦးလေး ဟဲ . . .ဟဲ . . .ငါ့ဦးလေးအတွက်”

“မင်းဦးလေးက ဘာဖြစ်လို့တုန်း”

ထူးဇော်က ခေါင်းကို ကုတ်လိုက်ရင်း . . .

“ကြံကြံဖန်ဖန်ကွာ . . .ဖြစ်ပုံက ငါ့ဦးလေးက မိန်းမဝတ်လက်ပတ် နာရီလေးတစ်လုံးကို မျိုချလိုက်မိလို့တဲ့...”

“ဟင် . . .ဒါဆို မင်းဦးလေးက နာရီကြည့်ချင်တဲ့အခါကျရင် အိမ်သာထဲဝင်ဝင်ပြီး နောက်ကြည့်မှန်လေးတကိုင်ကိုင်နဲ့ ကြည့်ရမှာပေါ့”

“ကတ်သီးကတ်သပ်တွေ မတွေးစမ်းပါနဲ့ ဖိုးဇောရာ . . .၊ အဲဒီလို လုပ်လို့ ရမလားကွ။ ဆေးရုံတက်ရတာပေါ့”

“မပြောတတ်ဘူးလေ . . .မင်းတို့ တစ်ဆွေလုံး တစ်မျိုးလုံးက ယေါက် ကရတွေ လုပ်တတ်လွန်းလို့ မေးကြည့်တာ။ ကဲ . . .ဆိုစမ်းပါဦး။ အခုလာတဲ့ ကိစ္စကကော ဘာဒုက္ခပေးဦးမလို့လဲ”

ထူးဇော်က စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိကာ ဖွာရှိုက်လိုက်ရင်း...

“ဒီလိုကွာ . . .အခု ငါ့ရဲ့ ဇာတ်ညွှန်းတစ်ပုဒ်ကို ဒါရိုက်တာအောင်ကြီး က ရုပ်ရှင်ရိုက်နေတယ်။ ဇာတ်လမ်းသဘောအရဆိုရင် မင်းသမီးက ထိတ်ထိတ်ကြဲ ချမ်းသာတဲ့ သူဌေးသမီးကွာ . . .”

“အဲဒီတော့ ဘာဖြစ်သလဲ”

“ဇာတ်လမ်းသဘောနဲ့ ကိုက်ညီအောင် မင်းသမီးစီးမယ့်ကားက

လည်း တန်ဖိုးကြီးကြီး အကောင်းစားဖြစ်ဖို့ လိုလာတာပေါ့။ ဒီတော့ မင်းကားကို ခဏငှားကွာ ...။ ရုပ်ရှင်ထဲမှာ မင်းသမီးစီးတဲ့ အခန်းတွေကျရင် မင်းကားကို ထည့်ရိုက်ချင်လို့"

ဦးသံလွင်ကျော်ဇော မျက်လုံးတွေပြူးကာ ဆံပင်တွေ ထောင်ထသွား၏။

"ဟမ် . . .ကယ်တော်မူပါ။ ဟေ့ကောင် ဟေ့ကောင် ဒါတော့ မဖြစ်ဘူးထင်တယ်ကွ။ မတော်တဆ ကားတစ်ခုခုဖြစ်သွားရင် ဘယ်လို လုပ်မလဲ။ နောက်တစ်သက်တောင် ဒီလိုကားမျိုး ပြန်ဝယ်နိုင်ဖို့ မသေချာဘူး"

မျက်စိစုံမှိတ်ပြီး အကြောက်အကန်ငြင်းသည်။ ထူးဇော်ကတော့ လေသံပျော့ပျော့ချိုချိုကလေးဖြင့်...

"ချစ်သူငယ်ချင်းကြီးကလည်းကွာ . . .မင်းနဲ့ ငါက အင်မတန် ချစ်ကြတဲ့ သူငယ်ချင်းတွေလေ . . .ဟဲ . . .ဟဲ မေ့သွားပြီလား"

"ဟုတ်တယ် မေ့သွားပြီ။ ဟိုသီချင်းထဲကလိုပေါ့...။ 'အတိတ်ကိုတော့ မေ့လိုက်ပေါ့...သက်ဝေရယ်'ဆိုတာလေ . . .။ အေး . . .ငါလည်း အတိတ်ကို မေ့သွားပြီ။ ဟော . . .အခု ငါစကားပြောနေတဲ့ ကောင်ကို တောင် ဘယ်က အကောင်မှန်း မသိတော့ဘူး"

"သူငယ်ချင်းရယ်...ရက်စက်တော့မှာလားကွာ။ ငါက ဒါရိုက်တာ ကို ရပါစေ့မယ်လို့ သေသေချာချာ အာမခံလာခဲ့တာကွ။ ဟောဒီမျက်နှာ လေးကို တစ်ချက်လောက်ငဲ့ကြည့်ပါဦး သူငယ်ချင်းရာ . . .။ ချစ်စရာ မကောင်းဘူးလားဟင်"

"ကောင်းပါတယ်...။ မင်းမျက်နှာက ဟိုတလောက ဖျားပြီး သေသွားတဲ့ ငါ့အိမ်က ခွေးကလေးနဲ့ ချွတ်စွပ်ပဲ"

ထူးဇော်က သူ၏မျက်မှန်ကို ချွတ်ကာ ပုဆိုးဖြင့်သုတ်လိုက်ရင်း . .

"ဩ ...မင်းက ခုတော့ ဒီစကားမျိုး ပြောထွက်ပြီပေါ့လေ။ မကူညီချင်တော့ဘူးပေါ့၊ ဟုတ်လား . . .။ တကယ်ဆို မင်းဘက်က သိတတ်ဖို့

www.burmeseclassic.com

ကောင်းပါတယ် ဖိုးဇောရာ ...။ ငါ့ကျေးဇူးတွေ မင်းအပေါ်မှာ ရှိပါတယ်ကွ"

ဦးသံလွင်ကျော်ဇော အံ့အားသင့်သွား၏

"အမ် . . .ဘာကျေးဇူးလဲ၊ ဘယ်တုန်းက ရှိလိုက်တာလဲ"

"အောင်မာ...မင်းကြီးဒေါ်ကြီး လိပ်ခေါင်းဖြစ်တာ ကုချင်တယ်ဆို တုန်းက ဆေးရုံလိုက်ပို့ပေးရတာ ငါလေကွာ"

"ပေါက်ကရတွေ။ ငါ့မှာ ကြီးဒေါ်မှ မရှိဘဲနဲ့"

"ဟုတ်လား ...ဒါဆို ငါ တစ်ခြားတစ်ယောက်နဲ့ မှားတာဖြစ်လိမ့် မယ်။ ထားလိုက်ပါတော့ကွာ ...ဒါပေမဲ့ ဟိုတလောက မင်းနဲ့ငါ လက်ဖက် ရည်ဆိုင်သွားရင်း လမ်းမှာ မင်း ပိုက်ဆံနှစ်ရာကျပျောက်လို့ ကူရှာပေးခဲ့ရ တာတော့ ငါပဲကွ။ အဲဒါကိုတော့ မင်း လုံးဝဖုံးကွယ်ဖို့ မကြိုးစားနဲ့"

ဦးသံလွင်ကျော်ဇောမှာ ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်လာ သောကြောင့် မျက်စိစုံမှိတ်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အသာအယာ ထိန်းကိုင်ထားလိုက်ရ၏။ ပြီးမှ . . .

"ဟုတ်ပါပြီ ဟုတ်ပါပြီ ကျေးဇူးရှင်ကြီးရယ် ...။ မင်းရဲ့ ဆပ်မကုန် တဲ့ ကျေးဇူးတွေကို ငါ သဘောပေါက်ပါပြီ။ နားတွေလည်း ညည်းလှပါ ပြီ"

"ဒါဆို . . .မင်း ငါ့ကို ကူညီမယ်ပေါ့"

ထူးဇော်၏အသံက ဝမ်းသာအားရ။ ဦးသံလွင်ကျော်ဇောက 'ခုမှ တော့ ဘာများတတ်နိုင်ဦးပါမည်နည်း'ဟူသည့် အကြည့်ဖြင့် ကြည့်ရင်း ...

"အင်း . . ."

ဟုဆိုကာ ခေါင်းညိတ်ပြလိုက်ရတော့၏။ ပြီးမှ . . .

"ဒါနဲ့ ငါ့ကားကို ရုပ်ရှင်ထဲမှာ ထည့်သုံးရင် မင်းတို့က ငါ့ကို ကားငှားခတွေ ဘာတွေ ပေးဦးမှာလား"

"ဟာ . . .ပေးမှာပေါ့။ အများကြီးပေးမှာ"

အမြင်ကတတ်စရာကောင်းလှသော ထူးဇော်၏ အမူအရာကို ကြည့် ရင်း ဦးသံလွင်ကျော်ဇောက ပါးစပ်လှုပ်ရုံ ဆဲလိုက်မိသည်။ ပြီးနောက် ...

www.burmeseclassic.com


"နေစမ်းပါဦး . . .အဲဒီမင်းသမီးက ဘယ်သူလဲ"

"ဆုယမင်းကျော်"

"ဟင် . . ."

သူ့ရင်ထဲတွင် ဆောင်းနှောင်းတိမ်တိုက်တွေ အုံ့ဆိုင်းလာ၏။

● ● ●

www.burmeseclassic.com

အခန်း(၄)

ဗီဒီယိုကင်မရာ မှန်ဘီလူးပေါ်တွင် အရိပ်ထင်နေသော နံနက်ခင်း အစစ်သည် 'နံနက်ခင်းအတု'နှင့် ပို၍ တူနေလေသည်။

ရုပ်ရှင်မင်းသမီး 'ဆုယမင်းကျော်'၏ မျက်နှာပေါ်သို့ မှန်ချပ်မှ တစ်ဆင့် ခံထားသည့် အလင်းရောင်အတုတွေ ဖြတ်သန်းကျနေသည်။ မီးထိုး မှန်ထိုးသမားများ၊ ကင်မရာကိုင်သူများ၊ အသံဖမ်းသည့်မိုက်ခရိုဖုန်း တပ်တိုင်ရှည်ကို ထမ်းထားသူများ၊ မင်းသမီးကို ထီးဆောင်းပေးရသူ၊ မိတ်ကပ်ဆရာ၊ စာရွက်တစ်ထပ် ဖောင်တိန်တစ်ချောင်းနှင့် အလုပ်ရှုပ် နေသည့် ဇာတ်ညွှန်းရေးဆရာ၊ စပီကာ အသေးစားလေးတစ်ခုကို လက်ထဲမှာ ကိုင်ထားသည့် ဒါရိုက်တာ . . .သူတို့အားလုံးသည် ဦးသံလွင် ကျော်ဇော၏ မျက်စိထဲတွင် အသစ်အဆန်းဖြစ်နေကြ၏။

ဒါရိုက်တာဆိုသူက လက်ကိုင်စပီကာငယ်လေးကို ပါးစပ်နားတော့ လိုက်ပြီး . . .

"ကင်မရာ ရယ်ဒီလား၊ ကဲ ...ရိုက်မယ် ...ငြိမ်ပါ ... ကလက်"

"ဖိုက် ဖိုး သရီး တူး ဝမ်း အက်ရှင်"

အက်ရှင်ဆိုသော စကားသံဆုံးသည်နှင့် တစ်ပြိုင်နက် ရုပ်ရှင် မင်းသမီး ဆုယမင်းကျော်၏ မျက်ဝန်းတွေပေါ်မှာ အမျိုးအမည်ခွဲခြားရ ခက်ခဲသော အရောင်အသွေးတစ်မျိုး ဖြတ်စီးသွားသည်။ ထို့နောက် ...

သူမ အပြုံးလှလှတွေ ပြုံးသည်။

သူမ စကားလုံးလှလှတွေ ပြောသည်။

ရံဖန်ရံခါ ကင်မရာကို တည့်တည့်ကြည့်ပြီး ကြည်နူးလှိုက်လှဲစွာ တခစ်ခစ်ရယ်မောနေပြန်လေသည်။

ထိုစဉ် ဒါရိုက်တာက . . .

"ကတ်"

ဟု အော်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုသဏ္ဍာန်များအားလုံးသည် အိပ်မက်ကို ခလုတ်ပိတ်လိုက်သလို ဖျောက်ခနဲ ချုပ်ငြိမ်းပြီးဆုံးကာ ပျောက်ကွယ်သွားလေတော့သည်။

●

ဦးသံလွင်ကျော်ဇောသည် အရာရာတိုင်းကို တအံ့တသြငေးမော ကြည့်နေမိ၏။

ထိုစဉ် ဇာတ်ဝင်ခန်းတစ်ခန်း ရိုက်ကူးပြီးသွားပြီဖြစ်သည့်အတွက် ဒါရိုက်တာအောင်ကြီးက နောက်ထပ်တစ်နေရာသို့ ရွှေ့ရန် လျှောက်ကြည့်ရင်း သူ့ကို မြင်သွားပြီး . . .

"သြော် . . .ဦးသံလွင်ကျော်ဇောတောင် ရောက်နေမှကိုး။ အေးဗျာ ခင်ဗျားစီးနေတဲ့ ကားကို ယူသုံးခွင့်ပေးတာ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ခင်ဗျား မင်းသမီးနဲ့ တွေ့ပြီးပြီလား"

ဘာမဟုတ်သော အမေးစကားတစ်ခုက သူ့ကို ထိတ်လန့်သွားစေ၏။

"ဟင့်အင်း"

သူ့ဖြေသံက တိုးညှင်းလွန်းနေသည်။ ဒါရိုက်တာက . . .

"ဒါဖြင့် လာဗျာ ...ခင်ဗျားကို မင်းသမီးနဲ့ မိတ်ဆက်ပေးရဦးမယ်"

တိမ်တွေပေါ်မှာ လမ်းလျှောက်ရသလို သူ ရွှေ့လျားလိုက်ပါသွားဖြစ်၏။ ဆုယမင်းကျော်က နောက်ဇာတ်ဝင်ခန်းအတွက် ပြင်ဆင်နေပုံ

www.burmeseclassic.com

ရသည်။ လက်ကိုင်မှန်ဝိုင်းလေးကိုကြည့်ပြီး သူမ၏ မျက်နှာကို ပန်းနုရောင် တို့ဖတ်ငယ်လေးဖြင့် ဟိုတို့ သည်တို့ ဖွဖွကလေး လိုက်ဖိနေ၏။

"ယမင်း ဒါ . . .ဇာတ်ဝင်ခန်းကျရင် ယမင်းစီးဖို့ကားကို ငှားတဲ့ ဦးသံလွင်ကျော်ဇောဆိုတာ"

သူမ ချာခနဲ လှည့်ကြည့်သည်။ မျက်ဝန်းတွေထဲကို တည့်တည့် စိုက်ကြည့်သည်။ ကျင့်သားရနေသူတစ်ယောက်လို လျင်မြန်စွာပြုံးသည်။

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

သွက်လက်လွန်းနေသော စကားလုံးများက နှစ်စက္ကန့်သာ အချိန် ယူ၏။ ဦးသံလွင်ကျော်ဇောကတော့...

"ဝမ်း . . .သာ . . .ပါ . . .တယ်"

ဟူသော စကားလေးလုံးကို ပီပီသသ အထစ်အငေါ့မရှိ ပြောနိုင်ဖို့ အတော်ပင် မောမောဟိုက်ဟိုက် ကြိုးစားလိုက်ရ၏။

နောက်ပြီး သူ့အတွက်တော့ အဲသည်စကားတစ်ခွန်းတည်းကပင် လျှင် ဘဝနှစ်ပြန်စာ အချိန်ယူသွားခဲ့သည်ဟု မှတ်ရ ထင်ရလေသည်။

●

ဆုယမင်းကျော်က သူ့ကို လုံးဝမမှတ်မိတာ သေချာ၏။ အင်းပေါ့ လေ . . .ဟိုတစ်ချိန် (သူမ မအောင်မြင်ခင်ကာလ)တုန်းက ထမင်းဆိုင်လေး တစ်ဆိုင်မှာ မထင်မရှား မျက်နှာချင်းဆိုင်တယ်ဆိုရုံလောက် တွေ့ဖူးခဲ့တဲ့ ငါလိုလူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး မှတ်မိနိုင်စရာ အကြောင်းရှိမှာလဲ ဟု ဦးသံလွင်ကျော်ဇော ဖြေဖြေသိမ့်သိမ့် တွေးလိုက်၏။

●

မည်သို့ပင်ဖြစ်စေ . . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

အဲသည်နေ့က ဦးသံလွင်ကျော်ဇော ပျော်နေခဲ့သည်။ ထိုပထမဦးဆုံး ရှူတင်ကို ဗိုလ်တထောင်ဘုရားပေါ်တွင် ရိုက်ခြင်းဖြစ်ရာ . . .

(ဆုယမင်းကျော်နှင့် မိတ်ဆက်အပြီးတွင်) သူ အရမ်းစိတ်လှုပ်ရှားပြီး ဘုရားရင်ပြင်ကို ငါးပတ်တိတိ မရပ်မနား ပတ်နေမိခဲ့သေးသည်။

ထူးဇော်က . . .

"မင်း အခုလို ဗိုက်ပူပူကို ကော့ပြီး လမ်းလျှောက်နေတာ မြင်ရတော့ တရုတ်ဆိုင်က မရောင်းရတဲ့ ဘဲကင်ကို စက်သံပတ်တပ်ပေးပြီး လွှတ်လိုက်တာနဲ့ တူနေတယ်"

ဟု လာပြောသည်ကိုပင် စိတ်မဆိုးမိ။

ဒီနေ့အဖို့ သူ့အတွက် မြင်မြင်သမျှ အရာအားလုံးကို ကြည်နူးစရာတွေချည်းဟုသာ အောက်မေ့မိတော့၏။

အနားက ဖြတ်သွားသော ကွမ်းယာသည် ကုလားကြီးသည် အိန္ဒိယရုပ်ရှင်မင်းသား ရှရွတ်ခန်းနှင့်တူသလိုလို၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးဗရပျစ်ကြားမှ ကွမ်းယာဝါးထား၍ နီရဲနေသော နှုတ်ခမ်းများက မိုနာလီဇာ၏ အပြုံးလိုလို . . .

မိတ်ကပ်ပြင်သည့် မိန်းမရှာပင်လျှင် အေအိုင်ဒီအက်စ်ရောဂါနှင့် ကွယ်လွန်သွားရှာသော မင်းသားကြီး ရော့ဒ်ဟတ်ဆန်နှင့် ဆင်နေသယောင်ယောင် . . .။

အားလုံးသည် အဓိပ္ပါယ်ရှိရှိ လှပနေကြသည်ဟု သူ ထင်မိတော့သည်။

● ● ●

www.burmeseclassic.com

အခန်း(၅)

ရှူတင် ဒုတိယမြောက်နေ့ကိုလည်း ဗိုလ်တထောင်ဘုရားပေါ်မှာပင် ဆက်ရိုက်ဖြစ်ကြသည်။ သူ အတော်နောက်ကျပြီးမှ ရောက်သွားခဲ့၏။

တကယ်တော့ သည်နေ့တွင် ဦးသံလွင်ကျော်ဇော၏ စီးတော်ကားကို ရိုက်ရန် ဇာတ်ဝင်ခန်း မပါ။ ထို့ကြောင့် သူ ရိုက်ကွင်းသို့သွားရန် သင့်မသင့်ကို အတော်ကြာကြာ ချင့်ချိန်နေရသေးသည်။

နောက်ဆုံးတွင်မှ သူမ၏ ဓားသန်လျက်နှုတ်ခမ်းများကို မြင်ချင်သည့် ဆန္ဒတစ်ခုတည်း၏ စေ့ဆော်မှုဖြင့် သူ လိုက်လာခဲ့ခြင်း ဖြစ်လေသည်။

"ငါ့ရင်ထဲက ခံစားချက်ကို ရုပ်ရှင်အဖွဲ့ထဲက လူတွေ ရိပ်မိသွားရင် ဘာများပြောကြမလဲ"ဟူသည့် အတွေးစိတ် မလုံမလဲဖြင့် သူ ဘုရားရင်ပြင်ပေါ် ရောက်လာခဲ့၏။

●

ဖိနပ်အပ်ပစ်ခဲ့ပြီး ရင်ပြင်ပေါ်အတက်မုခ်ဝမှာပင် ထူးဇော်နှင့် ဆုံသည်။ ထူးဇော်က . . .

"ဟော့ကောင်ကြီး မင်း နောက်ကျလှချည်လား။ ငါတို့ရောက်နေတာ တစ်နာရီခွဲလောက်ရှိပြီ"

သူက ထူးဇော်၏အကြည့်ကို ရှောင်ဖယ်လိုက်ပြီး . . .

"ဒါရိုက်တာကို မနေ့က မေးကြည့်တော့ ဒီနေ့ရှူတင်မှာ ငါ့ကားသုံးစရာ မလိုဘူးလို့ ပြောတာနဲ့ အစက လာတောင် မလာတော့ဘူးလို့ စိတ်ကူးထားတာ"

ထူးဇော်က တစ်စုံတစ်ရာကို နားလည်သွားဟန်ဖြင့် တစ်ချက်ရယ်လိုက်ပြီး ...

"ဒါပေမဲ့ မင်းစိတ်ထဲမှာတော့ လာချင်နေတယ် မဟုတ်လား၊ ဟား ...ဟား လာခဲ့ရောပေါ့ကွာ။ မင်းကို ဘယ်သူမှ မောင်းမထုတ်ပါဘူး"

"မောင်းမထုတ်တာတော့ ဟုတ်တယ်လေ။ ဒါပေမဲ့ ပတ်ဝန်းကျင်က ငါ့ကို ဘယ်လိုမြင်မလဲဆိုတာ ထည့်စဉ်းစားရသေးတယ်"

"ဒါဖြင့် မင်း အခု ဘယ်လိုဆုံးဖြတ်ပြီး ရောက်လာတာလဲ"

"ခေါင်းပန်းလှန်ပြီး ဆုံးဖြတ်လိုက်တယ်ကွာ။ ခေါင်းကျရင်သွားမယ်၊ ပန်းကျရင် မသွားဘူးပေါ့"

သူ့စကားကြောင့် ထူးဇော် မျက်မှောင်ကြုတ်သွားပြီး . . .

"မင်းကွာ ...ဒါနဲ့များ ခေါင်းပန်းလှန်တာ တစ်နာရီခွဲလောက် ကြာရသလား"

"မင်း ဘာသိလို့လဲ၊ ခေါင်းကျအောင် အကြိမ် ၂၀လောက် လှန်ရတာကွ"

ထူးဇော် ရယ်သည်။ သူ မရှက်နိုင်တော့ (ဒီကောင် ရိပ်မိနေလောက်ပြီမှန်း သိသောကြောင့်) တဲ့တိုးပင် မေးလိုက်၏။

"ဟို ...ဟိုဒင်းကော"

"ဘာကိုမေးတာလဲ။ ဆုယမင်းကျော်လား ..."

သူ ခေါင်းညိတ်သည်။ ထူးဇော်က ...

"ယမင်းလည်း စောစောကလေးတင်မှ ရောက်တယ်။ ဒါရိုက်တာတောင် စိတ်တိုနေတယ်။ အခုမှ ရိုက်မလို့ ပြင်ဆင်နေကြတုန်း"

"ဘယ်မှာလဲဟင် ...ရင်ပြင်ပေါ်မှာပဲလား"

"အင်း . . .တန်ဆောင်းကြီး သွားကြည့်ပါလား"

www.burmeseclassic.com

သူ့ခန္ဓာကိုယ်ကို တစောင်းလှည့်ကာ ဘေးတိုက် ....ဘေးတိုက် ကန့်လန့်ရွှေ့သွားသည်ကို ကြည့်ရင်း ထူးဇော် အံ့သြနေသည်။ နောက်မှ . . .

"ဟေ့ကောင် ဖိုးဇော . . .။ လမ်းကို တည့်တည့်မလျှောက်ဘဲနဲ့ ဘယ်လိုပုံစံနဲ့ သွားနေတာလဲ"

"ဟ မင်းပဲ တစောင်းကြီး သွားကြည့်ဆို"

"ခက်လိုက်တာ ဖိုးဇောရာ . . .ငါပြောတာက ဘုရားအာရုံခံ တန်ဆောင်းကြီးကို သွားကြည့်ဖို့ ပြောတာကွ"

ဦးသံလွင်ကျော်ဇော ရှက်သွား၏။

"မသိဘူးလေကွာ...။ ရုတ်တရက်ဆိုတော့ ကြောင်သွားတာပေါ့။ အဲဒါကြောင့် ငါ ထင်တော့ ထင်မိသား။ ဒီကောင် ငါ့ကို လုပ်ခိုင်းပုံက အဆန်းပဲလို့။ ဒါပေမဲ့ မင်းမှာ အကြောင်းတစ်ခုခုရှိမယ်ထင်ပြီး ဘာမှ မပြောဘဲ နေလိုက်တာ"

●

တကယ်ပင် ဒါရိုက်တာအောင်ကြီး စိတ်တိုနေ၏။ ရှူတင်ဝေယျာ ဝစ္စလုပ်ရသော ချာတိတ်လေးက ဒါရိုက်တာထိုင်ဖို့ ခေါက်ကုလားထိုင်ပု ပုလေးတစ်လုံးကို သွားချပေးသည်။

ဒါလည်း မျက်နှာမရ၊ ဟောက်လွှတ်လိုက်၏။

ဦးသံလွင်ကျော်ဇောတစ်ယောက် အသာ ဇက်ကလေးပုကာ ဟို နေရာ ရပ်ရမလို၊ ဒီနေရာထိုင်ရမလို ဖြစ်နေ၏။ ကိုယ့်ကို ဆူနေခြင်း မဟုတ်မှန်း သိသော်လည်း အလိုလိုလိပ်ပြာငယ်ချင်နေမိသည်။

ရုပ်ရှင်ရိုက်ကွင်းဆိုသည်က (မပတ်သက်ဘူးသူ တစိမ်းတစ်ယောက် အတွက်တော့) သင်္ဘောသားဆင်းဘတ်ပုံပြင်ထဲက ဘီလူးတွေ ပိုင်သည့် အံ့ဖွယ်ရတနာကျွန်းကြီးတစ်ကျွန်းလို ခံ့ညားဖွယ် အရှိန်အဝါကြီးမားလှ

www.burmeseclassic.com


သော နယ်မြေဖြစ်၏။

သူ အနေကျုံ့နေမိလေသည်။ 'လာမိတာ မှားပြီ'ဟု အူတိအူချာ လျှောက်စဉ်းစားနေဖြစ်၏။

ဒါရိုက်တာကတော့ သူ့ ရာဇပလ္လင်ဖြစ်သည့် ခုံပုလေးတွင် ဝင်မထိုင်နိုင်သေးဘဲ လက်နှစ်ဖက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ မြည်တွန်တောက်တီးနေ၏။

အကြောင်းရင်းကို နီးစပ်ရာ မီးထိုးသမားလေးအား မေးကြည့်လိုက်သောအခါ နေ့တွက်ဖြင့် ငှားထားသော ဇာတ်ရံတစ်ယောက်ဖြစ်သည့် ပိုးဇော်ဇော်မောင် ရောက်မလာခြင်းကြောင့်ဟု သိရ၏။

ပိုးဇော်ဇော်မောင်ပါရမည့် ဇာတ်ဝင်ခန်းက တစ်ခန်းတည်းဖြစ်သော်လည်း အရေးကြီးသည်။ သူဌေးသမီးဖြစ်သူ ယမင်းကို ဘုရားသို့လာရင်း တွေ့ခိုက် ချစ်ရေးဆိုရာမှ အသည်းကွဲကျန်ရစ်ခဲ့သော အခန်းဖြစ်သည်။ ဒါကို မင်းသားဖြစ်သူက ခပ်လှမ်းလှမ်းမှ မြင်သွားရမည်။

သို့သော် ပိုးဇော်ဇော်မောင် ခုထိ ရောက်မလာသေး။ ဘုရားပေါ်တွင် ရိုက်ဖို့ရက်ကလည်း ဒီတစ်ရက်သာ ရှိတော့သည်။

ဒါရိုက်တာက ဒေါသူပုန်ထပြီး 'ပိုးဇော်ဇော်မောင် ဘာဖြစ်လို့ မလာသေးတာလဲ'ဟူသည့် စကားတစ်ခွန်းကိုသာ တွေ့သမျှလူတိုင်းကို မေးနေ၏။ နီးစပ်ရာ လူတိုင်းကလည်း . . .

ပိုးဇော်ဇော်မောင် ကျန်းမာရေး မကောင်းကြောင်း။ နေမကောင်း၍သာ မလာနိုင်ခြင်း ဖြစ်မည်ထင်ကြောင်း ဝိုင်းပြောကြသည်။

ဒါရိုက်တာအောင်ကြီးက စီးကရက်တိုကို သွားဖြင့်ဖိကိုက်ထားရင်း . . .

"မင်းတို့ကောင်တွေအားလုံးကို မွေးမွေးချင်းကတည်းက မင်းတို့အမေတွေက ရေနှစ်သတ်ပြစ်လိုက်ဖို့ကောင်းတာ။ ဟေ့ကောင် မောင်လွင် မင်းနဲ့ ပိုးဇော်ဇော်မောင်နဲ့ အိမ်ချင်းနီးတာပဲ။ ပြောစမ်းပါဦး ပိုးကြီးအခြေအနေ။ ဘာလဲ . . .အိပ်ရာထဲ ဘုန်းဘုန်းလဲနေပြီလား"

www.burmeseclassic.com

"အိပ်ရာထဲတော့ မလဲသေးပါဘူး။ ဒါပေမဲ့ သူ့ကျန်းမာရေးက ကျသွားတာတော့ အမှန်ပဲ"

"မင်းက ဘာဖြစ်လို့ ပြောနိုင်တာလဲ"

"မနက်က ရေတွင်းမှာ သံချိတ်နဲ့ဆယ်နေတာ တွေ့ခဲ့တာပဲ"

"အဲဒါ ရေပုံးကျလို့ ဆယ်တာ ဖြစ်မှာပေါ့ကွ။ ကျန်းမာရေးက ရေတွင်းထဲ ကျမလား။ ခွေးမသား . . .မင်း ငါ့ကို လာနှောက်နေတာလား။ ထွီ . . ."

ထွီခနဲ ထွေးထုတ်လိုက်သည့် တံတွေးစက်နှင့်အတူ နှုတ်ခမ်းဖျား တွင် ကိုက်ထားသည့် စီးကရက်တိုက ထိုင်ခုံအပုလေးပေါ်သို့ ဖုတ်ခနဲ ကျသည်။

စီးကရက်က မီးမသေသေး။ တငွေ့ငွေ့လောင်နေဆဲ။ ဒါရိုက်တာ ကြီး အဲဒီခုံပေါ် ထိုင်ချလိုက်ရင်တော့ ခရေပွင့်ကို မီးမြိုက်ခံရတော့မှာပဲ ဟု ဦးသံလွင်ကျော်ဇော တွေးလိုက်သည်။

သူ တွေးထားသည့်အတိုင်း ကွက်တိ။ ဒါရိုက်တာက ငုံ့မကြည့်ဘဲ ခုံပေါ်ထိုင်အချ ဦးသံလွင်ကျော်ဇောက ခုံကို ဆတ်ခနဲ ဆွဲဖယ်လိုက်သည်။

"ဝုန်း"

"အောင်မလေး သေပါပြီဗျ"

ဒါရိုက်တာအောင်ကြီးသည် မျက်နှာရှုံ့ရှုံ့မဲ့မဲ့ဖြင့် ခါးကို လက် တစ်ဖက်နှိပ်ရင်း ဖင်ထိုင်လျက် လဲကျနေရာမှ . . .

"ဒါ ဘယ်သူ့လက်ချက်လဲကွ ဟေ...။ ခုံကို ဘယ်ကောင် ဆွဲ လိုက်တာလဲ။ အီးဟီး ...ဟီး ငါ့ မြီးညှောင့်ရိုး ကျိုးသွားပြီလား မသိဘူး" ဟု လူသေ၍ အော်ငိုသည့် အသံမျိုးဖြင့် စူးစူးရှရှအော်ဟစ်နေလေ၏။

"ဆရာ . . .ဆရာ ကန်တော့နော်၊ မတော်လို့ပါဆရာ။ ဆရာ ထိုင်မယ့်ခုံပေါ်မှာ ဆေးလိပ်တိုကျနေလို့ လောင်မှာစိုးတာနဲ့ ကျွန်တော် ဆွဲဖယ်လိုက်မိတာပါ"

ဦးသံလွင်ကျော်ဇောက ဒါရိုက်တာကို ကမန်းကတန်း ပြန်ဆွဲထူ

www.burmeseclassic.com


ရင်း ပါးစပ်ကလည်း အပြေးအလွှား တောင်းပန်ရ၏။

ဒါရိုက်တာက သိပ်မကြည်လင်။ သူ့ကို မျက်ထောင့်နီကြီးဖြင့် တစ်ချက်လှမ်းကြည့်သည်။ သူ ကျောချမ်းသွား၏။ စိတ်ပြေပါစေတော့ ဟူသည့် သဘောဖြင့် အစွမ်းကုန် သွားဖြဲပြီး ရယ်ပြလိုက်သည်။

"ဟဲ . . .ဟဲ . . .ဟဲ"

"ဒါက ဘာဖြစ်ရပြန်တာလဲ"

"ဟဲ . . .ဟဲ ရယ်တာပါ ဒါရိုက်တာကြီး"

"သြော် . . .ခင်ဗျားကို ကျုပ်က ချော်လဲကျသယောင် သရုပ်ဆောင်ပြီး ဖျော်ဖြေနေတယ်လို့ ထင်တယ်ပေါ့လေ"

"ဟာ . . .မဟုတ်ပါဘူး မဟုတ်ပါဘူး"

ဒါရိုက်တာအောင်ကြီးက သူ့ကို ဘုကြည့်တစ်ချက်ကြည့်ပြီး...

"ကဲ...အဖွဲ့သားတွေ အားလုံး ပစ္စည်းတွေ ရွှေ့ကြပေ့၊ ပိုးဇော် ဇော်မောင်ပါတဲ့၂ ခနည န ကို ခဏချန်ထားခဲ့မယ်။ ဆံတော်တွင်း အထဲ ဘက်မှာ မင်းသားနဲ့ မင်းသမီး ဆုံတဲ့အခန်းကို ကျော်ရိုက်မယ်"ဟု အော်ပြောလျက် နာနေသည့်ခါးကို ပွတ်ကာ တန်ဆောင်းအပြင်ဘက်သို့ ထွက်သွား၏။

●

ဦးသံလွင်ကျော်ဇောတစ်ယောက်တည်း ငေါင်စင်းစင်းနှင့် ကျန်ခဲ့ သည်။

သူ စိတ်ညစ်နေ၏။ ဒါရိုက်တာက သူ့ကို ရှက်ရမ်းရမ်းသွားမှန်း သိသည်။ ပြန်ပြေလည်အောင် ဘယ်လိုလုပ်ရမည်ကို စဉ်းစားမရ။

တော်ကြာ စိတ်ဆိုးပြီး 'ဒီကောင့်ကားကို မငှားနဲ့တော့ကွာ'ဆိုရင် ပြဿနာပဲ . . .။

ဟု သူ ရင်တထိတ်ထိတ်ဖြင့် တွေးနေမိ၏။

(ကိုယ့်မာနဖြင့် ကိုယ်နေမည်ဆို နေနိုင်လျက်သားနှင့်) သူသည်

www.burmeseclassic.com

စိုးရွံ့တုန်လှုပ်တတ်သူတစ်ယောက် ဖြစ်နေမှန်း သူ့ကိုယ်သူ တအံ့တသြ တွေ့ရှိလိုက်ရလေသည်။

ယမင်းဆိုတဲ့ ဓားသန်လျက်မလေးရယ် . . .

ကြည့်ပါဦး . . .

ငါဟာ . . .ကျဆုံးနေလိုက်တာ။

●

သူ့စိတ်ထဲမှာတော့ ထူးဇော်ကိုသာ ကျိတ်ပြီး ကျိန်ဆဲနေမိသည်။ တကယ်လည်း အကျိန်ဆဲခံထိုက်သော သတ္တဝါဖြစ်၏။

အစက သူ့ဘာသာသူ အေးအေးဆေးဆေး နေနေသည်မှာ အကောင်းသား . . .။

သူ လုံခြုံလျှို့ဝှက်စွာ သိမ်းဆည်းမေ့ဖျောက်ထားသည့် သေတ္တာ တစ်လုံး၏သော့ကို ထူးဇော်က မသိသား ဆိုးရွားစွာ လာဖွင့်သွားသည်။

(ပန်ဒိုရာနတ်သမီး၏ သေတ္တာလိုပဲဟု ဥပမာပေးရလျှင် သိပ်ရိုးစင်း နေမည်လား မသိပါ)

သေတ္တာအတွင်းမှ (သူ့ အိပ်မက်တွေထဲမှာ ဘယ်သူမှမသိအောင် တိတ်တခိုးခေါ်ခဲ့မိဖူးသော) နာမည်တစ်ခု၏ စကားလုံးများ စကြဝဠာ အနှံ့ ပျံ့သန်းပြန့်ကျဲသွားတော့သည်။

“ယမင်း”

သိမ်းဆည်းသိုဝှက်ထားဖူးသည့် သူမ၏ဓာတ်ပုံလေးတစ်ပုံကို ရံဖန် ရံခါများစွာတွင် ထုတ်ကြည့်တတ်သော လူတစ်ယောက်သည် . . .

သူမနှင့်အတူ (တစ်နံနက်ခင်းတည်းမှာ) နေထိုင်ခွင့် ရလိုက်သည့် အခါ မနက်ဖြန်အားလုံး၏ နံနက်ခင်းတိုင်းကို ပိုင်ဆိုင်ချင်သည့် ဥစ္စာ ရူးတစ်ယောက် ဖြစ်သွားရလေတော့သည်။

● ● ●

အခန်း(၆)

"ဒါရိုက်တာနဲ့ ပြန်အဆင်ပြေအောင် ဘယ်လိုလုပ်ရပါ့မလဲ"ဟု အကြံထုတ်ရင်း ရုပ်ရှင်အဖွဲ့သားတွေသွားရာ ဆံတော်တွင်းအဆောက်အဦ ထဲသို့ သူ လိုက်ဝင်သွား၏။

အထဲတွင် နေရာကျဉ်းရသည့်အထဲ (ရုပ်ရှင်အဖွဲ့ရိုက်ကူးရေးတို့၏ ထုံးစံအတိုင်း) တွန်းရ၊ ရွှေ့ရ၊ သယ်ရ၊ ယူရ၊ အော်ရ၊ ခေါ်ရဖြင့် အသံတွေ ပွက်ပွက်စီစီ ညံနေ၏။

ဦးသံလွင်ကျော်ဇောက ကင်မရာနှင့်မီးသေတ္တာများကို သယ်လာ သည့်အဖွဲ့နှင့် လွတ်ရာလွတ်ကြောင်းဖြစ်အောင် ဆံတော်တွင်းနှင့် မလှမ်း မကမ်းရှိ ချောင်ကလေးထဲသို့ အပြေးအလွှား တိုးဝင်လိုက်သည်။

"နည်းနည်းလောက် ဖယ်ပေးကြပါ၊ နည်းနည်းလောက်"

ပစ္စည်းသယ်လာသူများက ဘုရားဖူးများ ရှောင်ချိန်တိမ်းချိန်ရအောင် အော်ဟစ်အသံပေးလာကြသည်။ အလုံပိတ်နေသော ဘုရားထဲ၌ ဆူညံ ယောက်ယက်ခတ်နေ၏။

ဦးသံလွင်ကျော်ဇောက ကင်မရာအဖွဲ့ကို လှည့်ကြည့် လှည့်ကြည့် လုပ်ရင်း သူနှင့် လွတ်မည့်ပုံမပေါ်သည့်အတွက် ကမန်းကတန်း ရှေ့သို့ တိုးရှောင်လိုက်သည်။ သူ့ရှေ့တည့်တည့်တွင် ဟိုငေးဒီငေး ငေးနေသည့် ဒါရိုက်တာအောင်ကြီး . . .။

သူက အရှိန်ဖြင့် ဝင်တိုးလိုက်သောကြောင့် ဒါရိုက်တာ အောင်ကြီး

www.burmeseclassic.com

၏ ပိန်ချိချိ ခန္ဓာကိုယ်လေး ယိုင်လဲအသွား . .. .

ဒူးဆစ်နားတွင် မည်းမည်းအရိပ်တစ်ခုကို ရုတ်ချည်းသတိထားမိလိုက်၏။ ပုတီးစိပ်နေသော မိန်းမဝဝကြီးတစ်ယောက် . . .

မြင်သော်လည်း အရှိန်သတ်၍ မရတော့ပြီ။ ဒါရိုက်တာအောင်ကြီးသည် တင်ပလ္လင်ခွေထိုင်နေသော မိန်းမကြီး၏ ခေါင်းပေါ်မှကျော်ကာ တစ်ပတ်ကျွမ်းဖြင့် ကျသွားတော့သည်။

"အောင်မလေး . . .သောက်ပလုပ်တုတ်၊ သေပါပြီတော်"

အစကတည်းက (ရုပ်ရှင်အဖွဲ့၏ ဆူဆူညံညံအသံများကြောင့်) သမာဓိကို မနည်းဖျစ်ညှစ် တည်ဆောက်နေရဟန်တူသော အဒေါ်ကြီးထံမှ မချိမဆံ့အော်သံ ထွက်လာ၏။

အဒေါ်ကြီးသည်(ရှောင်လင်သိုင်းသမားကဲ့သို့) ပုတီးကို လက်မှာ စွပ်ပြီး ခုန်ထလိုက်၏။ ထို့နောက် ဒါရိုက်တာအောင်ကြီးကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး . . .

"ဟင်...ဒါ...ဒါ ဘာလုပ်တာလဲ။ ဒီမှာ အဓိဋ္ဌာန်ပုတီးစိပ်နေတာ မသိဘူးလားဟဲ့ အကောင်ရဲ့။ ငါ့သမာဓိကို ပျက်အောင် ဆူဆူညံညံ လည်း လာလုပ်သေးတယ်၊ ငါ့ကုပ်ကိုလည်း ခွစီးသေးတယ်။ ဟင် . . . ရှင်းစမ်း ရှင်း . . .ဒါ ဘာသဘောလဲ"

"မဟုတ်...မဟုတ်ပါဘူး အဒေါ်၊ အဒေါ့်ကို တမင်လာနှောင့်ယှက် တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဟိုဒင်းလေ . . .ဟိုဒင်း ရုပ်ရှင်ရိုက်မလို့"

"ဘာရုပ်ရှင်လဲ။ ဘာရုပ်ရှင်လဲ ဟဲ့။ ငါ့မှာ ၄၉ရက်လုံးလုံး အဓိဋ္ဌာန် ဝင်လာလိုက်ရတာ။ အခု...နောက်ဆုံးပုတီးတစ်ပတ်ပဲကျန်တော့တဲ့ အချိန် ကျမှ ကပ်ပြီး အဓိဋ္ဌာန်ပျက်ရတယ်။ ကောင်းကြသေးရဲ့လား ဟင်း... ဟင်း။ ဒါ မာရ်နတ်နှောင့်ယှက်တာ။ မာရ်နတ်နှောင့်ယှက်တာ"

"ကျွန်တော်ရှင်းပြပါရစေ အဒေါ်။ ဒီလိုပါ . . .ကျွန်တော်က ဒီအဖွဲ့က ရုပ်ရှင်ဒါရိုက်တာပါ"

အဒေါ်ကြီးသည် ထမီအစတစ်ဖက်ကို ဆွဲကာ ဒါရိုက်တာ

www.burmeseclassic.com

အောင်ကြီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး . . .

"လက်စသတ်တော့ မာရ်နတ်က ရုပ်ရှင်ဒါရိုက်တာယောင်ဆောင်လာတာကိုး . . .။ ကြည့်စမ်း . . .မာရ်နတ်ဟာ ငါထင်ထားတာထက်တောင်အရုပ်ဆိုးနေပါလား။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးတောင်မှ ဒီရုပ်ရည်ကို မြင်ပြီးလိပ်ပြာလွင့်သွားတယ်ဆိုတာ ဟုတ်နိုင်လောက်တယ်"

ဒါရိုက်တာအောင်ကြီးတစ်ယောက် ဘာမှ ရှင်းပြမနေနိုင်တော့ဘဲကုတ်ချောင်းချောင်းနှင့် လစ်ပြေးတော့သည်။

ဦးသံလွင်ကျော်ဧာကတော့...

"ဘုရားသိကြားမလို့ သူ့ကို ငါဝင်တိုက်လိုက်တယ်ဆိုတာ သူမသိပါစေနဲ့"

ဟု ဆုတောင်းရင်း အသက်ရှူမှားနေသည်။

●

Lighting အဖွဲ့သားများက ဘက်ထရီဆန်းဂန်းဟု ခေါ်သောမီးသီးများကို မင်းသားနှင့်မင်းသမီးပေါ်သို့ ထိုးရန် အသင့်နေရာယူထားကြ၏။

သရုပ်ဆောင်ကြမည့် သားညီနှင့် ဆုယမင်းကျော်တို့က မျက်နှာချင်းဆိုင် ရပ်နေကြပြီ။ ဇာတ်ဝင်ခန်းအတိုင်း ခံစားချက်အပြည့်သွင်းထားသောကြောင့် သားညီ၏ အမူအရာသည် ကြေကြေကွဲကွဲဖြစ်နေပြီးမျက်ဝန်းထဲတွင် မျက်ရည်များပင် ဝေ့စပြုပြီ . . .။

ဒါရိုက်တာက မင်းသားကို လှမ်းကြည့်ပြီး ကျေနပ်သွားပုံပေါ်၏။ လှမ်းအော်ပြောလိုက်သည်။

"ရိုက်မယ် မီးစုံဖွင့်"

ဆုယမင်းကျော်၏ မျက်နှာပေါ်သို့ မီးရောင် ဝင်းခနဲ ဖြာကျလာသည်။ သို့သော် မင်းသားဖြစ်သူ သားညီကို lighting ပေးရမည့်

မီးလုံးက လုံးဝ မလင်း . . .။

"ဟာ . . .မီးမလင်းပါလား"

"ဘာဖြစ်သွားတာလဲ မသိဘူးဆရာ။ စောစောက စမ်းကြည့်တုန်းကတော့ အကောင်းပဲ"

မင်းသား စိတ်ညစ်သွားသည်။ ဖီလင်အပြည့်သွင်းထားပြီးကာမှ ဆန့်တငံ့ငံ့ဖြစ်သွားသောကြောင့် လမ်းဘေး ညအမှောင်ရိပ်တွင် အပေါ့သွားနေတုန်း ဖြုန်းခနဲ ကားမီးအထိုးခံလိုက်ရသူလို တဝက်တပျက်နှင့် ထရကောင်းနိုးနိုး ဆက်ထိုင်နေရ ကောင်းနိုးနိုး မအီမလည် ခံစားလိုက်ရရှာ၏။

ဒါရိုက်တာကတော့ (စောစောကလေးတင်မှ သူ့ကို မာရ်နတ်ဟု အပြောခံထားရလေရာ) ရှိရှိသမျှ ဒေါသတို့ စုပြုံပေါက်ကွဲသွားပြီး...

"အရေးအကြောင်းဆို မင်းတို့ ဘာမှ အားမကိုးရဘူး။ မင်းတို့တစ်ယောက်မှ ခေါင်းမရှိကြဘူးလားဟင်။ ပြောစမ်းပါဦး . . .မင်းတို့မှာ ခေါင်းမရှိကြဘူးလား"

လျှပ်စစ်ပလပ်ပေါက်တစ်ပေါက်တွင် တပ်ဆင်ထားသော အဖြူရောင်ဝါယာကြိုးပလပ်ခေါင်းတစ်ခုကို ဦးသံလွင်ကျော်ဇော မြင်လိုက်မိချိန်နှင့် ...

"မင်းတို့မှာ ခေါင်းမရှိကြဘူးလား"

ဟု ဒါရိုက်တာ အော်မေးလိုက်သည့် စကားသံက နားထဲဝင်လာချိန်သည် တစ်ပြိုင်တည်းလိုလိုပင် ဖြစ်၏။

ဦးသံလွင်ကျော်ဇောက ဒါရိုက်တာကို မျက်နှာလုပ်ဖို့ အခွင့်ကောင်းပဲဟု ဝမ်းသာအားရတွေးကာ . . .

"ဟောဒီမှာ ခေါင်းရပြီ ဆရာ"

အော်ဟစ်ရင်း မီးပလပ်ခေါင်းကို ဆတ်ခနဲ ဆွဲဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် မင်းသမီးဆုယမင်းကျော်၏ မျက်နှာပေါ် အလင်းဖြာနေသည့် မီးလုံးသည် ထောက်ခနဲ မှောင်အတိ ကျသွားလေတော့၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


"ဟာ . . .ဟော့လူ ဘယ်လိုလုပ်လိုက်တာလဲ"

"ဆော...ဆောရီးနော်၊ ကျွန်တော့်စိတ်ထဲမှာ ဆရာက မီးလုံးထွန်းဖို့ ပလပ်ခေါင်း တောင်းနေတယ် ထင်လို့။ ဆောရီးဗျာ....နော် ...နော်"

"ဒုက္ခပါပဲ ဖိုးဇောရာ၊ ကဲ . . .လာ . . .လာ"

ရှုတင်တစ်ခုလုံးက သူ့အား (လင်ငယ်လက်ထဲမှာ ပြန်ခေါ်လာသော မိန်းမကို ဆွေမျိုးတစ်စုလုံး ဝိုင်းကြည့်သလို) ကြည့်နေချိန်တွင် ဇာတ်ညွှန်းရေးဆရာ ထူးဇော်က သူ့လက်မောင်းကို အတင်းဆွဲ၍ အပြင်သို့ ခေါ်ထုတ်သွားသည်။

ထူးဇော်ခေါ်ရာနောက် လိုက်တော့မည့်ဆဲဆဲမှာပင် သူ အမြင်ချင်ဆုံးသော လူတစ်ယောက်ဆီသို့ သမင်လည်ပြန် တစ်ချက်လှည့်ကြည့်ဖြစ်သေး၏။

ယမင်း . . .

(သို့မဟုတ်)

အအောင်မြင် အကျော်ကြားဆုံး မင်းသမီးဆုယမင်းကျော်ထံမှ အနက်ရောင် ရေခဲငွေ့ပါးပါးကလေး ဖုံးနေသည့် အကြည့်တစ်ခု ဝင်လာသည်။

အဲသည် မျက်ဝန်းတစ်စုံကို သူ သိမ်းထားလိုက်၏။

● ● ●

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

အခန်း(၇)

ဆံတော်တွင်းမှာရိုက်သော ဓာတ်ဝင်ခန်းတစ်ခန်းပြီးချိန်အထိ သူ့အပြင်မှာ ငြိမ်ငြိမ်ကုတ်ကုတ်ကလေး ထိုင်စောင့်နေဖြစ်သည်။

အထဲမှာ ဒါရိုက်တာ၏ ကတ်ဟု အော်သံကို ကြားရသည်။ ကင်မရာများ၊ မီးလုံးများ သိမ်းဆည်းနေကြသည့်အသံ၊ ပစ္စည်းများ သယ်ယူရွှေ့ပြောင်းနေကြသည့် အသံများကိုလည်း ကြားရသည်။

ခဏကြာသောအခါ ဒါရိုက်တာက ညည်းညည်းညူညူ ထွက်လာ၏။

"ကဲ …ခုချိန်ထိလည်း ပိုးဇော်ဇော်မောင် ရောက်မလာသေးဘူး။ ဘယ်လိုလုပ်ပြီး ရိုက်မလဲ။ ပြဿနာပဲကွာ …"

ဒါရိုက်တာ၏ ကူဖော်လောင်ဖက်တာဝန်ကို ယူထားသော တိုနီဆိုသည့် ငတိက (တိုနီသည် အိန္ဒိယအမျိုးအနွယ်မှ ပေါက်ဖွားလာသူတစ်ဦးဖြစ်ပြီး သူ့ကိုယ်သူ ကုလားမင်းသား အမီနာဘဂျန်း၏ မယားဖက်မှ ပါလာသော တူတစ်ယောက်နှင့် ဆွေမျိုးဆယ့်နှစ်ဝမ်းကွဲတော်သည်ဟု ပြောလေ့ရှိ၏)

"ဒီလိုလုပ်ပါလား . . .အာစိ"

အမှန်မှာ တိုနီက ဒါရိုက်တာကို အာစရိဟု ခေါ်ခြင်း ဖြစ်သော်လည်း ပီပီသသမရှိသောကြောင့် အာစိဟုသာ အသံထွက်နေ၏။

ဒါရိုက်တာက ခေါင်းကုတ်လိုက်ပြီး . . .

www.burmeseclassic.com


"လုပ်ပြန်ပြီတိုနီရာ ...ငါ့ကို 'အာစိ'လို့ မခေါ်ပါနဲ့ဆိုတာ ဘယ်နှခါ ပြောရမလဲ။ ဟိုတစ်ခါတုန်းကလည်း ရိုက်ကွင်းမှာ မင်းခေါ်တာကို ကြားပြီး အပြင်ကလာကြည့်တဲ့ မိန်းမကြီးတစ်ယောက်က ငါ့ကို 'ကိုအာစိ ဘယ်နှနာရီ ထိုးပြီလဲ'လို့ လာမေးတာ ခံရပြီးပြီ"

တိုနီက တစ်ချက်ရယ်လိုက်ပြီး . . .

"ကျွန်တော်က အကြံကောင်းတစ်ခုပေးမလို့ပါ အာစိရဲ့"

ဒုက္ခပါပဲ ...ဘယ်လိုမှလည်း ပြင်ပေးလို့ မရပါလား ဟူသည့် အကြည့်ဖြင့် ဒါရိုက်တာအောင်ကြီးက စိတ်ပျက်လက်ပျက်ကြည့်လိုက်ပြီး ...

"ကဲ . . .ပြောကွာ . . .ပြော၊ ဘာလဲ"

"ဒီလိုလေ အာစိရဲ့။ ပိုးကြီးက တစ်ခန်းတည်းပါရမှာ မဟုတ်လား . . .။ အဲဒီတော့ ပိုးကြီးမလာရင်လည်း နေပါစေတော့၊ သူ့နေရာမှာ ဟောဟိုက ဦးသံလွင်ကျော်ဇောကို ဝင်သရုပ်ဆောင်ခိုင်းလိုက်ရင် ဘယ်လိုနေမလဲ"

"ဟာ . . .ဖြစ်ပါ့မလား တိုနီရဲ့"

"ဖြစ်ပါတယ် . . .အာစိရဲ့။ သူဆိုရင် မင်းသမီးနဲ့ အသက်၂၀ လောက် ကွာတာဆိုတော့ ဇာတ်လမ်းနဲ့ ပိုတောင်လိုက်သေးတယ်။ မင်းသမီးက သူ့ကို တွေ့စတုန်းက အစ်ကိုကြီးတစ်ယောက်လို အောက်မေ့ပြီး လိုက်လိုက်လျောလျော ပြောဆိုဆက်ဆံမယ်။ နောက် သူ့ဘက်က ချစ်ရေးဆိုလာတော့မှ မင်းသမီးက အပြတ်ငြင်းလွှတ်မယ် ...။ မကောင်းဘူးလား အာစိ"

"ဟုတ်တော့ ဟုတ်တယ်။ ဒါပေမဲ့...သူက မင်းသမီးနဲ့ တွဲရဲပါ့မလား . . .။ ရှိန်နေမှာ စိုးလို့"

သူတို့နှစ်ဦးပြောသမျှစကားသံများကို ကြားနေရသည့် ဦးသံလွင်ကျော်ဇောတစ်ယောက် ရင်ခုန်နေ၏။ ဘုရား . . .ဘုရား သူတို့ ဘယ်လို ဆုံးဖြတ်ကြမှာပါလိမ့်။

"ရပါတယ် အာစိရာ ...၊ ကျွန်တော် ကြည့်ပြောပါ့မယ်"

www.burmeseclassic.com

"အေးလေ . . .မင်းတာဝန်ယူရင် ပြီးတာပဲ"

ထိုစကားကြောင့် . . .

ဦးသံလွင်ကျော်ဇော၏ နှလုံးအိမ်တစ်ခုလုံး နွေးခနဲ ဖြစ်သွား၏။ လုပ်သင့်သလား၊ မလုပ်သင့်သလား ဝေခွဲချင့်ချိန်ဖို့ သတိမရခင်မှာပင် ရိုးသားစွာ ပျော်ရွှင်သွားသည်။

တိုနီက သူ့အနီးသို့ ရောက်လာ၏။

"ဦးဇော...ယမင်းနဲ့တွဲရမယ့် ဇာတ်ပို့တစ်ယောက် ရောက်မလာလို့ဗျာ၊ အဲဒါ ...ဦးဇော နည်းနည်းဝင်ကူညီပါလား"

"ဗျာ . . .အဲ . . .ရ ရပါတယ်"

အရေးထဲတွင် နှုတ်က အထစ်ထစ်အငေါ့ငေါ့ ဖြစ်ချင်နေသေး၏။

တိုနီ့ကို သူ ကျေးဇူးတင်စွာဖြင့် ပြုံးပြလိုက်သည်။ နက်မှောင်မည်းကြုတ်နေသည့် တိုနီ့တစ်ကိုယ်လုံးမှာ ဖွေးဖွေးဖြူနေသော သွားတွေကိုသာ မြင်ရ၏။

လက်စသတ်တော့ မြားနတ်မောင်ဆိုတဲ့ ဖူးစာရေးနတ်ဟာ ကုလား လူမျိုးပါလားဟု သူ တွေးလိုက်မိသည်။

●

"ဇာတ်ကောင်စရိုက်က အခုဝတ်ထားတဲ့ အဝတ်အစားနဲ့တော့ သိပ်မလိုက်ဘူး ဦးဇောရဲ့"

"ဟမ် . . .ဘာဖြစ်လို့လဲ"

တိုနီ့စကားကြောင့် ဦးသံလွင်ကျော်ဇော လန့်သွားသည်။ အခုအချိန် တွင် တိုနီ၏ စကားတစ်ခွန်းသည် သူ့ဘဝအတွက် သေဆိုသေ၊ ရှင်ဆို ရှင်နိုင်သော ဘဝရှင်မင်းတရားကြီး၏ အမိန့်တော် ဖြစ်နေ၏။

တိုနီက . . .

"ဦးဇော သရုပ်ဆောင်ရမှာက မင်းသမီးကို ရည်းစားစကားပြောပြီး မင်းသမီးငြင်းလိုက်တဲ့အခါကျတော့ အသည်းကွဲကျန်ခဲ့ရမှာလေ ...။ ဦးဇော

ဝတ်စားထားတဲ့ပုံက ဥပသကာလိုလို၊ ဆွမ်းလောင်းအသင်းကလိုလို ဖြစ်နေတယ်”

ဦးသံလွင်ကျော်ဇောက သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်၏။ အင်္ကျီအဖြူ လက်ရှည်ကော်လာကတုံးနှင့် အညိုရင့်ရောင် ပုဆိုးကွက်စိပ်နှင့်...။

“အဲ . . .အဲဒီတော့ ငါ ဘာလုပ်ရမလဲဟင် တိုနီ။ ပြောပါဦးကွ၊ ပြောစမ်းပါဦး”

“နည်းနည်းဟော့ရှော့ဖြစ်အောင် ပုံစံပြောင်းကြည့်ပါလား။ မြန်မြန်လုပ်ဗျာ ...အချိန် သိပ်မရှိဘူး”

“အေးပါ အေးပါ တိုနီရာ ...။ ခဏလေး စောင့်ပါကွာနော်... ခဏလေး။ ဆယ်မိနစ်လောက်ပဲ”

တိုနီ့ကို တောင်းပန်ပြီး လက်ထဲမှ ဆယ်လူလာဖုန်းဖြင့် သံလွင်ထမင်းဆိုင်သို့ ကမန်းကတန်း လှမ်းခေါ်သည်။ မန်နေဂျာ လာကိုင်၏။ ဦးသံလွင်ကျော်ဇောက အမောတကောဖြင့်...

“ဟော့ကောင် ငါ အခု ဗိုလ်တထောင်ဘုရားကို ရောက်နေတယ်။ ဟဲလို ...ဟဲလို ကြားလား။ အေး . . .အပေါ်ထပ်မှာ ငါ့အဝတ်အစားတွေထားတဲ့ ဗီရိုကို သိတယ်မဟုတ်လား။ အဲဒီအထဲက နည်းနည်းဟော့ရှော့ဖြစ်မယ့် အဝတ်အစားတွေ ယူပြီး လိုက်လာခဲ့စမ်းကွာ။ မြန်မြန်လုပ်”

“ဘယ်လိုဟော့ရှော့လဲ ဆရာရဲ့။ ဆရာ့အဝတ်အစားတွေထဲမှာ ဟိုခေတ်က ပင်စင်စားကြီးတွေဝတ်တဲ့ သက္ကလတ်ဘောင်းဘီ အဖျားရှုံးရှုံးကြီးတွေပဲ ရှိတာ။ နောက်ပြီး လာပို့ဖို့ မော်တော်ကားကလည်း ဟိုဒင်း ...”

“ဟာ . . .ဒီကောင် စကားကြော ရှည်လိုက်တာကွာ”

“ဒီမှာ ငါ ရုပ်ရှင်ရိုက်မလို့ကွ။ ဒီမှာ အရေးကြီးနေပါတယ်ဆိုမှကွာ...။ ဟော့ကောင် မင်း ဒီကို နောက်ဆယ်မိနစ်အတွင်းမှ မရောက်လာရင် အလုပ်ပြုတ်ပြီသာ မှတ်ပေတော့။ ဒါပဲ”

●

www.burmeseclassic.com

သူ့စိတ်တွေ ကတုန်ကယင်ဖြစ်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် ဒုက္ခိတကို ပျားတွေ ဝိုင်းတုပ်သလို ခံစားရ၏။ တိုနီက ဇာတ်ညွှန်းစာရွက်ကို သူ့နှာခေါင်းအောက်သို့ ဆတ်ခနဲ ထိုးထည့်ပေးလိုက်သည်။

"ဘာ . .. .ဘာလဲဟင် တိုနီ"

"ဒီစာရွက်ထဲက ဒိုင်ယာလော့(စကားပြော)တွေကို ကျက်လေဗျာ။ ဒါမှ မင်းသမီးနဲ့ စကားပြောလို့ ရမှာပေါ့"

ဘုရားရေ ... ဒါဟာ အိပ်မက်တစ်ခု မဟုတ်ပါလား။ တကယ်ပင် ယမင်းနှင့် သူ မျက်နှာချင်းဆိုင်ပြီး စကားတွေ အပြန်အလှန်ပြောကြရ မည်။ သရုပ်ဆောင်ကြရမည်။ သူတို့နှစ်ယောက်စလုံးကို ကင်မရာတစ်လုံး နှင့် မျက်လုံးပေါင်းများစွာက စောင့်ကြည့်နေကြမည်။

အားလုံးသည် တကယ် . . .

တကယ်ပင် ဖြစ်လေသည်။

အဲသည်...တကယ်သည် သူ ဘယ်လိုမှ မျှော်လင့်မထားခဲ့သည့် တကယ်ဖြစ်၏။ သူ့စိတ်ကို သူ အကြီးအကျယ် 'ခမ်းနားပစ်'လိုက်လေ သည်။

●

ဇာတ်ညွှန်းစာရွက်ကို လှမ်းယူလိုက်သော သူ့လက်တွေ တုန်ယင် နေ၏။ ဒိုင်ယာလော့တွေကို ဖတ်ကြည့်လိုက်သည်။ လည်ချောင်းကပ်နေ သည်။ အသံက ထွက်မလာ။ ချောင်းနည်းနည်းဟန့်လိုက်၏။

ကိုယ့်ကိုကိုယ် အနည်းငယ်ယုံကြည်မှု ရှိလာပြီဆိုသောအခါတွင်မှ ဒိုင်ယာလော့ကို အသံထွက် ပြောကြည့်လိုက်သည်။

"လူတွေက ခက်တယ် ယမင်းရယ် (အဲ ...ငါ ဘယ်ဆိုးလို့တုန်း၊ ကြေကြေကွဲကွဲ အသံလေးနဲ့ ဆက်ပြောမှပဲ)။ ဘဝမှာ ကိုယ်က အားနာလို့ လိုက်လျောတာကို အတယ်လို့ ထင်နေကြတယ်"

ဘေးမှ နားထောင်နေသော တိုနီက ခေါင်းကို တဖြင်းဖြင်းကုတ်

ရင်း "အတယ်မဟုတ်ပါဘူးဗျာ ...'အ'တယ် လုပ်စမ်းပါ။ ရီးတာ 'အ'တာကို ပြောတာဗျ၊ အတယ်ဆိုတာ တရုတ်လို အဖေကို ပြောတာ"

"ဆောရီး ဆောရီး တိုနီရာ ...၊ ငါ စာဖတ်တာ လောသွားလို့ပါ"

ဦးသံလွင်ကျော်ဇောက နဖူးမှချွေးတွေကို သုတ်ရင်း ဆက်ဖတ်၏။

"ယမင်းရယ် ...အချစ်ဆိုတာ ကိုယ့်အတွက်တော့ အစိသက်သက်ပါပဲ။ ဟာ . . .ဘယ်လိုစာသားကြီးလဲ တိုနီရ။ ငါတော့ မပြောရဲဘူး"

"အစိမ်းသက်သက်ပါပဲလို့ ရေးထားတာပါ ဦးဇောရာ . . .။ မှန်းစာရွက်ပြပါဦး။ ဟာ . . .ဆောရီး ဇာတ်ညွှန်းဆရာက မသတ်ဝစ္စပေါက်ထည့်ဖို့ ကျန်သွားတာ"

ထိုစဉ် မင်းသမီးက သူတို့နား ရောက်လာသည်။ ဇာတ်ညွှန်းစာရွက်ထဲမှ ဒိုင်ယာလော့များကို ကျက်ရင်း အလုပ်ရှုပ်နေသော ဦးသံလွင်ကျော်ဇောကို တစ်ချက်လှမ်းကြည့်၏။

သူမ၏ အကြည့်က လှောင်ပြောင်ခြင်း၊ သရော်နှိမ့်ချခြင်း လုံးဝမပါ။ ပကတိ အဖြူရောင်ပင်ဖြစ်သည်။ (ထို့ကြောင့် အစက အနည်းငယ်ရှက်ချင်သလိုလို ဖြစ်နေသော ဦးသံလွင်ကျော်ဇောပင် အားတက်ပြီး အသားတကျနေတတ်သလို ရှိသွား၏။ 'ကျေးဇူးတင်ပါတယ်၊ ခားသန်လျက်မလေးရယ်...'ဟု သူ့စိတ်ထဲက ရေရွတ်မိသည်။)

သူမက တိုနီ့ကို ဇာတ်ဝင်ခန်းအကြောင်း မေးပြီး ဦးသံလွင်ကျော်ဇော၏ လက်ထဲမှ ဇာတ်ညွှန်းစာရွက်ကို တောင်းကြည့်ကာ ပြောရမည့် ဒိုင်ယာလော့များကို ကျက်သည်။

ဦးသံလွင်ကျော်ဇော ရင်တွေခုန်လာ၏။ နွေးထွေးလှိုက်လှဲသော ရင်းနှီးမှုတစ်ခုသည် အရာရာကို လရောင်လို လွှမ်းခြုံထားသည်ဟု အောက်မေ့မိလေသည်။

●

www.burmeseclassic.com

"ဦးဇော်နဲ့ သမီး အပြန်အလှန် ပြောကြည့်မယ်လေ။ တစ်ခါတည်း ရီယာဇယ်လုပ်ပြီးသား ဖြစ်သွားတာပေါ့"

တကယ်ပြောကြည့်သောအခါ ထင်ထားသလောက် တုန်တုန်လှုပ်လှုပ် ဖြစ်မနေချေ။ လေယူလေသိမ်း အတက်အကျ သိပ်မကောင်းသည်က လွဲ၍ အတော်လေး အလုပ်ဖြစ်အောင် ပြောနိုင်မှန်းတွေ့ရသောအခါ သူ အားတက်လာသည်။

"မင်းကို ကိုယ် အရမ်းချစ်တာပဲလို့ ပြောတဲ့နေရာမှာ 'အရမ်း'နဲ့ 'ချစ်' ကြားထဲမှာ လေသံကို နည်းနည်းဆွဲထားလိုက် ဦးဇော်"

သမ္ဘာရင့်မင်းသမီးတစ်ယောက်ပီပီ သူ့ကို ဦးဆောင်ခေါ်သွားနိုင်သည်။ သူမ ဆင်ပေးသောအကွက်အတိုင်း အလိုက်သင့်ပြောကြည့်သော အခါ အမူအရာကော လေယူလေသိမ်းပါ အဆင်ပြေနေ၏။

●

သူမနှင့်အတူ နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး ဒိုင်ယာလော့ ကျက်ရသည်ကို (ဘဝတစ်ခုလုံးကို ပန်းအိုးထဲ ပစ်ချလိုက်ရာမှ ရှင်သန် ခြင်းအသစ်တစ်ခုက ပန်းလို ပွင့်လာသည်ဟု ခံစားရ၏။

●

ဆုယမင်းကျော်က ဇာတ်ညွှန်းထဲမှအတိုင်း 'ရှင်က ကျွန်မကို ဘယ်လို မိန်းမစားအောက်မေ့လို့လဲ'ဟု ပြောသည်။ ဦးသံလွင်ကျော် ဇောက...

"အော်ဒါ . . .လား"

တိုနီကော၊ ဆုယမင်းကျော်ပါ မျက်နှာပျက်သွား၏၊ ဦးသံလွင်ကျော် ဇောက 'ငါ ဘာများမှားသွားလို့လဲ' ဟူသည့်အတွေးဖြင့် ...ဇာတ်ညွှန်းထဲမှ

www.burmeseclassic.com


ဒိုင်ယာလော့ကို ပြန်ဖတ်ကြည့်သည်။ ဟုတ်ပါတယ် . . .ဒီအတိုင်းရေးထားတာပဲ။ ကြည့်လေ . . .'အော်ဒါလား'တဲ့။

တိုနီက . . .

"ဦးဓောကလည်းဗျာ ...'သြော်'နဲ့ 'ဒါလား'ကြားမှာ နည်းနည်းခြားဦးမှာပေါ့။ သြော် ...ဒါလားလို့ ပြောရမှာဗျ။ 'အော်ဒါ' မဟုတ်ဘူး"

ဦးသံလွင်ကျော်ဓောတစ်ယောက် ခေါင်းကို တဖြင်းဖြင်းမြည်အောင် ကုတ်၏။ ဆောရီးချင်း မိုးမွန်အောင် ပြောပြီး တောင်းပန်သည်။

ထို့နောက် ကျန်ဒိုင်ယာလော့များကို ဆက်ပြီးကျက်သည်။ သူနှင့် ယမင်းတို့နှစ်ယောက်သား ပုရွက်ဆိတ်တွေလို ခေါင်းချင်းဆိုင်ကာ တတွတ်တွတ်စကားပြောနေရပြီးသည့်နောက်တွင် လောကကြီး၌ သူ ဘာကိုမှ မဆာလောင်တော့ပါ။

နောက်ဆုံးဒိုင်ယာလော့က သူ့အတွက် ကျိန်စာတစ်ခုလို စူးရှသော ချိုမြိန်မှုဖြစ်၏။

"မင်း ငါ့ကို ရူးအောင် မလုပ်ပါနဲ့။ မင်း ငါ့ကို ရူးအောင်မလုပ်ပါနဲ့"

မင်းသမီးက သူ့ကို ငြင်းလိုက်ပြီးသည့်နောက်တွင် ကြေကွဲမွှတ်သိပ်စွာဖြင့် သူပြောရမည့် စကားဖြစ်၏။

●

ယမင်း၏မျက်နှာကို သူ တစ်ဝကြီး ကြည့်လိုက်သည်။

ဘဝမှာ သည်တစ်ကြိမ်နောက်ဆုံးကြည့်ပြီးလျှင် ရုပ်ရှင်တစ်ကားလို 'ပြီးပါပြီ'ဟု စာတန်းထိုးပြီး အရုပ်များ ပျောက်ကွယ်သွားတော့မည်လို ခံစားရ၏။

'တစ်ဘဝစာ ခပ်ကြာကြာ ကြည့်ခွင့်ရလိုက်ရုံလေးတင်ပါပဲ ...' ဟူသည့် အတွေးကို ထည့်ကြည့်လိုက်သောအခါ သူ့မျက်ဝန်းထဲမှ အလင်းရောင်က အလိုလိုပင် မီးငြိမ်းသွားသည်။

www.burmeseclassic.com

သူ့နှုတ်ဖျားမှ နာနာကျင်ကျင်စကားလုံးတွေ စီးကျလာ၏။

"မင်း ငါ့ကို ရှုံးအောင် မလုပ်ပါနဲ့ကွာ။ မင်း ငါ့ကို ရှုံးအောင် မလုပ်လိုက်ပါနဲ့"

သူ့ကိုယ်သူပင် သရုပ်ဆောင်နေတာလား၊ တကယ် လောင်ကျွမ်းနေတာလား ...ခွဲခြားမရ။

●

ဗိုလ်တထောင်ဘုရားရှေ့သို့ ဟိုင်းလက်ကား အစုတ်ကြီးတစ်စင်း တကျွီကျွီဖြင့် ထိုးဆိုက်လာသည်။ သံလွင်ထမင်းဆိုင်အတွက် သားငါးဝယ်ရာတွင် သုံးသော ဈေးကားကြီးဖြစ်၏။

ဆိုင်အလုပ်သမားဖြစ်သူ ကျော်ဝဏ္ဏ ကားပေါ်မှ ဇရာမအဝတ်အစားသေတ္တာကြီးကို ဆွဲချသည်။ ထို့နောက် . . .

"ဆရာ ဘယ်လိုအဝတ်အစားမျိုး လိုချင်မှန်းမသိလို့ အဝတ်အစားတွေ အကုန်လုံး ထည့်လာတယ် ဆရာ"

ဦးသံလွင်ကျော်ဇောအတွက် ယူလာသည့် အဝတ်အစားများကို ကြည့်ပြီး ဒါရိုက်တာကော တိုနီပါ မျက်လုံးပြူးသွား၏။ အချိန်က သိပ်မရှိတော့။ ရိုက်ကွင်းက တည်တော့မည်။ ဦးသံလွင်ကျော်ဇောသည် အဝတ်အစားပုံထဲသို့ ဦးခေါင်းကို ထိုးနှစ်လိုက်ပြီး တစ်ထည်ပြီးတစ်ထည် မွစာကြဲအောင် ဒလကြမ်း မွှေနှောက်ရှာ၏။

မြင်ရသူတိုင်း၏ မျက်စိထဲမှာ ဘုရားရှေ့တွင် အဝတ်အစားဟောင်းရောင်းသည့် ဈေးသည်ကြီးတစ်ယောက် ရောက်နေသည်ဟု အောက်မေ့ရ၏။

"ဟော့ကောင် ကျော်ဝဏ္ဏဒီဘောင်းဘီဆို ဘယ့်နှယ်လဲ"

အညိုရင့်ရောင် ဘောင်းဘီရှည်တစ်ထည်ကို ဆွဲထုတ်ပြီးမေးသည်။

"ကောင်းတယ်ဆရာ။ ဝတ်သာဝတ်"

www.burmeseclassic.com


ကျော်ဏ္ဍထာလည်း ပြီး ပြီးရော ဟူသည့် မျက်နှာပေးဖြင့် မြန်မြန်တွန်းလွှတ်သည်။ ရုတ်ချည်းဆိုသလို ရောဂါတစ်ခုခု၏ ခုန်အုပ်ဖမ်းစားခံရပုံမျိုး မျက်ကလူးဆန်ပြာကြီး ဖြစ်နေသည့် သူ့ဆရာ၏ ဝေဒနာဝင့်ဒုက္ခကို သူ ဘယ်လိုမှ နားမလည်နိုင်ချေ။

သူ့စိတ်ထဲမှာ မရယ်ဝံ့၍သာ အောင့်အည်းထားရသည်။ သူ့ဆရာ ဦးသံလွင်ကျော်ဇောဖြစ်နေပုံက ဘယ်လိုမှ အမြင်မတော်။

အကျႌအဖြူလည်ကတုံးလက်ရှည်က ကြယ်သီးတွေ ပြုတ်လျက်၊ ဖို့ယို့ဖားယားအောက်ပိုင်းမှာက စတိုင်ဘောင်းဘီအရှည်ခပ်ပွပွကို ဝတ်လျက်သား တိုးလိုးတန်းလန်း . .. .။

သည်ကြားထဲ (တစ်ဖက်က အဝတ်အစားဝတ်နေရင်း) ဘေးတွင်ချထားသော ဇာတ်ညွှန်းစာရွက်ကို လှမ်းလှမ်းကြည့်ကာ ဒိုင်ယာလော့တွေကို မမေ့အောင် ပြန်နွှေးရသေး၏။

ထိုစဉ် . . .

“ဟော . . .ပိုးဇော်ဇော်မောင် ရောက်လာပြီဟေ့”

“ပိုးကြီးကလည်းကွာ ခုမှ လာရသလား၊ မင်းကို ဒါရိုက်တာ ဒေါကန်နေတယ်”

“ဟေ့ကောင် ပိုးကြီး မြန်မြန်လာ။ ဒီမှာ မင်းအခန်း ရိုက်တော့မယ်”

တစ်ယောက်တစ်ပေါက် ကြွက်ကြွက်ညံအောင် ပြောလိုက်သော အသံများက ဦးသံလွင်ကျော်ဇော၏ အကြားအာရုံထဲသို့ ဝုန်းခနဲ ဝင်လာသည်။

သူ့အသိစိတ်တွေ ရုတ်တရက်သေဆုံးသလို ဖြစ်သွား၏။ အကျႌကြယ်သီးကို ဖြုတ်နေသော လက်နှစ်ဖက်စလုံး ဖတ်ခနဲ ပြုတ်ကျသည်။

“ဟေ့ကောင် ပိုးကြီး၊ မင်း ဘယ်လိုလုပ်လိုက်တာလဲကွ၊ ဒီအချိန်ကြီးမှ ရောက်လာရသလားကွ”

ဒါရိုက်တာ၏အသံ . . .။

www.burmeseclassic.com

"ဆောရီးပါ ဆရာရယ်၊ ကျွန်တော့်သမီးလေး နေမကောင်းလို့ ဆေးခန်းပို့နေရလို့ပါ။ ခုလည်း သိပ်နောက်မကျပါဘူးဆရာရဲ့ အချိန်မီ ပြေးလာတာပဲ။ ဟဲ . . .ဟဲ ဆရာသိသားနဲ့၊ ကျွန်တော် ဘယ်တုန်းက နောက်ကျဖူးလို့လဲ။ ဟဲ . . .ဟဲ . . .ဟဲ ဒီတစ်ခါတည်း ဥစ္စာ"

ပုလင်းဖင်လို မျက်မှန်ထူကြီးနှင့် ပိုးဇော်ဇော်မောင်အသံ . . .

"ပြီးရောကွာ...ပြီးရော။ သွား ဇာတ်ညွှန်းစာရွက်ယူ။ ဒိုင်ယာလော့ မြန်မြန်ကျက် ရိုက်မယ်။ ကဲ . . .အဖွဲ့သားတွေအားလုံး ဟိုဖက်ရွှေ့မယ်ဟေ့"

ဒါရိုက်တာ၏အသံ . . .။

ဦးသံလွင်ကျော်ဇော၏ မျက်ဝန်းများက ကိုယ်ပူချိန် ငွေ့ငွေ့ကလေး နှင့် ငြိမ်နေသည်။ ဘာမှမရှိသော လေထုထဲတွင် တစ်စုံတစ်ခုကို မြင်နေရသလိုမျိုး . . .။

သူ့နံဘေးနားတွင် ချထားသည့် ဇာတ်ညွှန်းစာရွက်ကို တစ်ယောက် ယောက်က လာယူသွားမှန်း သိလိုက်သည်။

သို့သော် သူ လှည့်မကြည့်ဖြစ် . . .။

သူ့တစ်ကိုယ်လုံး နာဖျားမကျန်း ဖြစ်နေသူလို ခံစားရသည်။

● ● ●

www.burmeseclassic.com


အခန်း(၈)

ညနေခင်းကို ကြည့်၍ အသက်ရှူမဝတော့သည်အထိ ဝေးသည်ဟု သူ အောက်မေ့မိ၏။

ဟိုး ...မိုးကုတ်စက်ဝိုင်းအစပ်မှာ ခရမ်းရောင်မှိုင်းမှိုင်းညို့နေသည်။ အိပ်တန်းပျံသော ငှက်တွေကို မြင်ရပြီ . . .။

ကွင်းပြင်ကျယ်ကျယ်လွင့်လွင့်ထဲ၌ မြက်ရိုင်းပင်စိမ်းစိမ်းတွေ လေပြေထဲတွင် ယိမ်းနွဲ့နေကြသည်။

ကွင်းပြင်အစပ်တွင် ဘီအမ်ဒဗလျူကားသစ်ကြီးတစ်စင်း ရပ်ထားသည်။ ကားတံခါးက ဖွင့်လျက်သား တန်းလန်း . . .။

ကားရပ်ထားရာနေရာနှင့် ခပ်လှမ်းလှမ်းတွင် လူတစ်ယောက်ရပ်နေသည်။ ထိုသူ၏ မျက်ဝန်းများက ဖျားနာနေကြသည်။

အကြည့်တွေ သေနေသော လူတစ်ယောက်။ ထိုသူသည် ညနေကို ငေးနေလေသည်။

●

ထိုသူ၏ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ကြယ်သီးတွေပြုတ်ကာ ဖို့ယို့ဖားယားဖြစ်နေသော အင်္ကျီအဖြူ ကော်လာကတုံးလက်ရှည်အောက်ပိုင်းတွင် ခါးပတ်မပါသည့် စတိုင်ဘောင်းဘီရှည်ပွပွ . . .။

www.burmeseclassic.com

အကျီအောက်အနားစတစ်ဝက်က ဘောင်းဘီအပြင်သို့ ထွက်နေပြီး တင်ပါးကို ဖုံးအုပ်လျက်ရှိ၏။

ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေကြောင့် သူ့ကိုယ်ပေါ်မှ ဖိုသီဖတ်သီဖြစ်နေသော အဝတ်စတွေ တဖျတ်ဖျတ်လှုပ်နေကြသည်။

●

ထိုသူ့ကို ကြည့်ရသည်မှာ မိုးကုတ်စက်ဝိုင်းဆီ ရပ်ငေးနေသူတစ်ယောက်ထက် လေထဲတွင် လွင့်ပါနေသော ဝိညာဉ်တစ်ခုနှင့် ပို၍တူနေလေသည်။

●

သူ . . .

ကောင်းကင်ကြီးကို မော့ကြည့်လျက် ရှုးသွပ်တပ်မက်စွာ အော်ဟစ်ပြောလိုက်သည်။

“မင်း ငါ့ကို ရူးအောင် မလုပ်ပါနဲ့ကွာ။ မင်း ငါ့ကို ရူးအောင် မလုပ်လိုက်ပါနဲ့”

အသံက ပဲ့တင်ထပ်သလား၊ ဆည်းဆာက ပဲ့တင်ထပ်သလား၊ ဘဝဆိုသည်မှာ မသေချာလွန်းသောကြောင့် ဘာကိုမှ မသေချာကြည့်ချင်တော့ပါ။

မင်း ငါ့ကို ရူးအောင်မလုပ်ပါနဲ့။

မင်း ငါ့ကို ရူးအောင် မလုပ်ပါနဲ့။

● ● ●

ကြောင်နှစ်ကောင်စာအုပ်တိုက်

အခန်း(၉)

တိမ်ကလေးက ရုပ်ရှင်ကိုရိုက်စဉ်
ကိုယ်တိုင်ဝတ္ထုထဲက ခုန်ထွက်ပြေးဖို့
ရေဒီယိုလေးနဲ့ မောင်းတဲ့ဘဝယာဉ်လေး
သံလမ်းမဲ့ဘူတာ(၄၀)မှာ
လက်ပြသူမရှိ ဖြတ်သန်းခဲ့
မင်းမျက်ဝန်းကမ်းပါးက
ကိုယ့်သင်္ဘောကို ကပ်ဖို့ငင်...
(စောဝေ)

သူ ထမင်းဆိုင်ကောင်တာတွင် ထိုင်ရင်း ငေးငိုင်နေ၏။ ကျဉ်းမြောင်း ရှည်လျားမှောင်မိုက်သော လှိုဏ်ခေါင်းတစ်ခုထဲတွင် အော်ညည်းလိုက်သူလိုမျိုး သူ့အသက်ရှုသံ သူပြန်ကြားနေရသည်။

ဓားသန်လျက် အပြုံးနှုတ်ခမ်းလေးရယ် . .. .

မင်းဟာ ငါ့ရဲ့ အလှပဆုံး ဖရိုဖရဲဖြစ်မှုတစ်ခုပါပဲ . . .။

သူ့အသက် (၄၀)စာ ဘဝတစ်ပြန်စာလုံး ဖရိုဖရဲဖြစ်သွားအောင် ကြည့်နိုင်သော မျက်ဝန်းတစ်စုံကို သူ လွမ်းနေသည်။

တစ်...နှစ် ..သုံး ..လေး ..ငါး ..ဇာတ်ညွှန်းစာရွက်ပေါ်က ဒိုင်ယာလော့တွေကို နှစ်ယောက်သား အတူကျက်ခဲ့ကြစဉ်တုန်းက ငါ့ကို သူမ

www.burmeseclassic.com

ဘယ်နှခါကြည့်ခဲ့သလဲ . . .။

သူမ၏ အကြည့်မျက်ဝန်းတွေကို သူ ပြန်တွက်ကြည့်နေဖြစ်၏။ တစ် . . .နှစ် . . .သုံး . . .လေး . . .ငါး . . .။

သူသည် သင်္ချာတစ်စင်းသာဖြစ်လျှင် ထိုမျက်ဝန်းများသည် ကမ်းပါးများဖြစ်ကြပြီး သူ့ကို ဆိုက်ကပ်ဖို့ ခေါ်ငင်နေကြသည်။ (သူ ဘာသာပြန် လွဲမှားနေခြင်းလည်း ဖြစ်နိုင်ပါသည်)

တကယ်ပင် . . .

ထမင်းဆိုင်ကောင်တာတွင် ငေးငေးငိုင်ငိုင်ထိုင်ရင်း ကျဉ်းမြောင်း ရှည်လျားမှောင်မိုက်သော လှိုဏ်ခေါင်းတစ်ခုထဲတွင် အော်ညည်းလိုက်သူ လိုမျိုး သူ့အသက်ရှုသံ သူပြန်ကြားနေရသည်။ ဆိုင်အလုပ်သမားလေး က ...

"ဆရာ...ဒီနေ့က မြန်မာဘီယာကုမ္ပဏီက လာချမှာလေ၊ ဘယ် နှကတ် ယူရမလဲ"

သူ မျက်လုံးတွေက လွင့်နေ၏။ ဆိုင်အလုပ်သမားလေးက သူ့ ဆရာ ဘာများကြည့်နေပါလိမ့်ဟူသည့် စူးစမ်းမှုဖြင့် ဦးသံလွင်ကျော်ဇော ၏ မျက်လုံးတွေ လွင့်ရာဆီ လိုက်ကြည့်သည်။ ဘာမှမရှိ . . .။

အလုပ်သမားလေးက ထပ်ပြောသည်။

"ပိုက်ဆံက အခုပေးမှရမှာ...။ တော်ကြာ ဆရာ အပြင်ထွက်သွား ပြီးမှ ကုမ္ပဏီကလူ ရောက်လာရင် မရလိုက်ဘဲ ဖြစ်နေမယ်"

သူ့အငေးတွေက ညနေဆည်းဆာဆီ လွင့်နေ၏။ နေဝင်ရာအရပ် သည် အနောက်မဟုတ်။ ဓားသန်လျက်အပြုံးနှုတ်ခမ်းတစ်ခုရှိရာ (အရပ် မျက်နှာ)ဖြစ်နေသည်ကို မြင်ရ၏။

"ဆရာ . . .ပိုက်ဆံ"

အလုပ်သမားလေး၏ စကားသံကြောင့် သူ လန့်ဖျပ်သွားသည်။ အိပ်မက်မှ ရုတ်ချည်းနိုးထလာသလိုမျိုး...

"ဟင် ဘာပိုက်ဆံလဲ"

"သုံးသောင်းခုနစ်ထောင်လေ . .. .ဆရာ"

"မင်း ဘာတွေပြောနေတာလဲ"

"မြန်မာဘီယာဖိုးလေ ဆရာ"

"သြော် . . .အေး . . .အေး"

သြော် ဟူသောအသံသည် သက်ပြင်းရှိုက်သလိုမျိုး ညည်းညည်းတွဲ့တွဲ့။ ဒါဟာ အပတ်စဉ် ခုတ်မောင်းနေကျ စက်ယန္တရားတစ်ခုပဲလေ . . .။

ထိုစဉ် ကောင်တာမှ တယ်လီဖုန်းသံက မြည်လာသည်။

(သူ့ဆရာ စိတ်နှင့်လူ ဝင်ရိုးစွန်းတစ်ဖက်စီ ဖြစ်နေမှန်းသိသော) အလုပ်သမားလေးက . . .

"ဆရာ ဖုန်းလာနေတယ်၊ ကျွန်တော်ကိုင်လိုက်ရမလား"

"နေ . .. .နေ ရတယ်"

သူ တယ်လီဖုန်းကို ကောက်ယူ နားထောင်လိုက်သောအခါ . . .

"ဟဲလို . . .ဖိုးဇော်လား"

ထူးဇော်၏ အမေးစကားသံကို ကြားရသည်။ သူ စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း 'ဟုတ်တယ် . . .ငါပါ'ဟု ပြန်ဖြေလိုက်၏။ ထူးဇော်က...

"ဟေ့ကောင် ဖိုးဇော ဘာလုပ်နေတာလဲ။ ဒါရိုက်တာက မင်းကို မှာနေတယ်။ ရှူတင်ကို လာခဲ့ပါဦးတဲ့။ မင်းရဲ့ကားကို သုံးရမယ့်အခန်းပါတယ်"

"သြော်"

"အဲဒါ မင်း လာဖြစ်အောင် လာခဲ့နော် ဖိုးဇော။ အဲ . . .ဒါနဲ့ ယမင်းကတောင် မင်းကို မေးနေသေးတယ်။ ဒါပဲနော် ဟေ့ကောင်ကြီး ငါ ဖုန်းချလိုက်တော့မယ်"

တစ်ဖက်က ဖုန်းချသွားသည့်အချိန်ထိ ဦးသံလွင်ကျော်ဇောသည် လက်ထဲမှ တယ်လီဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်မြဲကိုင်ထားမိဆဲ ရှိသေး၏။

●

www.burmeseclassic.com

နေရောင်ခြည်အောက်တွင် ရပ်ရှင်ရိုက်ကွင်းတစ်ခုလုံးသည် နွေးထွေး ကြည်လင်နေ၏။

ဘီအမ်ဒဗလျူကားကို ရပ်ပြီး သူ ဆင်းလိုက်သည့်အချိန်တွင် ယမင်းနှင့် ဟာသသရုပ်ဆောင် တစ်ယောက်တို့ ဇာတ်ဝင်ခန်းတစ်ခန်းကို ရိုက်ကူးနေကြ၏။ သူ မလှမ်းမကမ်းမှ ငေးကြည့်နေဖြစ်သည်။

သူဌေးသမီးဖြစ်သူ ဆုယမင်းကျော်က အိမ်ဝယ်ရန် လာကြည့်ရာတွင် ပွဲစားအဖြစ် သရုပ်ဆောင်ရသည့် ဟာသဇာတ်ပို့က လိုက်ပြသည့် ဇာတ်ဝင်ခန်းကို ရိုက်ကူးနေခြင်းဖြစ်၏။

ဟာသသရုပ်ဆောင်က . . .

"တူမကြီး လိုချင်တဲ့ ပုံစံအတိုင်းဆို ဒီအိမ်က အကောင်းဆုံးပဲ။ ဒါနဲ့ ဒီက တူမကြီးက ဘယ်နှယောက် နေမှာလဲ"

"ကျွန်မတစ်ယောက်တည်းပါပဲ"

"ဒါဆို တူမကြီးရဲ့ခင်ပွန်းကကော..."

"ကျွန်မက အိမ်ထောင်သည် မဟုတ်ပါဘူး"

"သြော် ...လက်စသတ်တော့ တူမကြီးရဲ့ခင်ပွန်းက လူပျိုကြီးကိုး"

ဆုယမင်းကျော်ကိုယ်တိုင်က မအောင့်နိုင်ဘဲ ခစ်ခနဲ အသံထွက်ကာ ရယ်လိုက်မိသောကြောင့် နောက်ဆုံးပြောသောစကားများကို တစ်ခေါက် ပြန်ရိုက်ရသည်။

ထို့နောက် ဆုယမင်းကျော်က တစ်အိမ်လုံးကို စိတ်တိုင်းကျမကျ လျှောက်ကြည့်လိုသည့်အကြောင်း ပြောသောအခါ . .. .

ပွဲစားလုပ်သည့် ဟာသသရုပ်ဆောင်က . . .

"ကြွပါ . . .ကြွပါ တူမကြီး စိတ်တိုင်းကျသာ ကြည့်ပါ"

ဆုယမင်းကျော်က အိမ်တံခါးဝဆီသို့ လျှောက်သွားပြီး တံခါး လက်ကိုင်ဖုကို ဆွဲလိုက်သည်။ တံခါးက ပွင့်မလာ။ ပွဲစားကြီးက . .. .

"ဆွဲ . . .ဆွဲ တူမကြီး။ ခပ်ကြမ်းကြမ်းလေးသာ ဆွဲ"

ဆုယမင်းကျော်က ထပ်ပြီး အားစိုက်ဆွဲသည်။ တံခါးကမပွင့်။

ပွဲစားက . . .

"တံခါးကို ခြေထောက်နဲ့ကန်ပြီး ဆွဲကြည့်ပါလား"

ဆုယမင်းကျော် မသကာ၍ သေသေချာချာကြည့်လိုက်သောအခါ တံခါးက ပိတ်ထားကြောင်း တွေ့ရသည်။ ထို့ကြောင့် . . .

"ဟင် . . .တံခါးက ပိတ်ထားတာ မဟုတ်လား"

"ဟုတ်တယ်လေ တူမကြီးရဲ့"

"ဒါဆို ဘာဖြစ်လို့ ကျွန်မကို အတင်းဆောင့်ဆွဲခိုင်းနေရတာလဲ"

"မသိဘူးလေ . . .။ တူမကြီးက တံခါးလက်ကိုင်ဖုကို လိုချင်နေတယ် အောက်မေ့လို့"

ဟာသဖောက်ထားသော ဇာတ်ကွက်များကြောင့် ရိုက်ကွင်းတစ်ခုလုံး တဝါးဝါး တဟားဟား ဖြစ်နေ၏။ ယမင်းကိုယ်တိုင်လည်း ရယ်ရယ်မောမောနှင့် သရုပ်ဆောင်နေသည်။

ဒါရိုက်တာက အားရကျေနပ်စွာဖြင့်...

"ကတ်"

ဟု အော်လိုက်သည်။ နောက် ကင်မရာများ၊ မီးလုံးများကို နေရာရွှေ့ကြသည်။ ရယ်စရာဟာသဇာတ်ဝင်ခန်းကြောင့် ရှူတင်အဖွဲ့သားတွေအားလုံး၏ မျက်နှာသည် ခပ်ရွှင်ရွှင် ခပ်သောသော ဖြစ်နေကြ၏။

ယမင်းက နောက်ဇာတ်ဝင်ခန်းတစ်ခန်းအတွက် အဝတ်အစား သွားလဲရန် လျှောက်လာသည်။ လျှောက်လာနေသည်။ လျှောက်လာနေသည်ကို မြင်ရ၏။

သူမထံမှ အကြည့်တစ်ခု ဖြတ်သန်းသွား၏။ အကြည့်လမ်းမပေါ်တွင် ဦးသံလွင်ကျော်ဇော ရပ်နေသည်။ အဲသည်မှာတင် သူမ၏ ပြုံးလက်စ မပျယ်သေးသော နှုတ်ခမ်းများနှင့် အလင်းမငြိမ်းသေးသော မျက်ဝန်းများက ဖြတ်ရင်း သန်းရင်း သူ့အကြည့်နှင့် တိုက်ခါငြိပြီး တန့်ရပ်သွား၏။

ပြီးခဲ့သည့် အသက်ရှုချိန်များမှ ရှုံးနိမ့်ခြင်း၊ အောင်မြင်ခြင်း၊

www.burmeseclassic.com

ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းများအားလုံး မကြုံဖူးစွာ ရပ်တန့်သွားခဲ့ပြီ။ အရာအားလုံး အသစ်ပြန်စဖို့ အကြည့်ခဏက ဘဝကို မောင်းလေသည်။

"ဟော...ဦးဇော။ မနေ့က ရှုတင်ကို လာတာ မတွေ့ဘူးနော်"

"ဟုတ်...ဟုတ်တယ်၊ ဒါရိုက်တာက မော်တော်ကားသုံးဖို့ မလိုသေးဘူး ဆိုတာနဲ့"

ဘာဆက်ပြောရမည်မှန်း မသိ။ သူမကလည်း ဘာဆက်ပြောရမှန်း မသိဘဲ . . .

တစ်ခုခုပြောရမလိုလို ပြုံးနေသည့်နှုတ်ခမ်းပါးပါးကလေးတွေကို တစ်ဝက်တစ်ပျက်နှိုးလက်စ တန်းလန်းဖြစ်နေ၏။

သူမ၏ ရွှင်မြူးတောက်ပနေသော မျက်ဝန်းများကို ခဏကြာကြာ စိုက်ကြည့်ခွင့်ရလိုက်သည်။ (သူ သတိလစ်မေ့မျောနေစဉ်) ဓားသန်လျက် အပြုံးနှုတ်ခမ်းကလေးမှ...

"သမီး သွားလိုက်ဦးမယ်နော် ဦးဇော"

လှည့်ထွက်သွားသည်အထိ ဓားသန်လျက် အပြုံးချွန်မြမြကလေး ပါသွားသည်။ ကြည့်စမ်း ...သူမကလေးလေး တကယ် ပြုံးသွားလိုက်တာ ပါလားကွယ်...။

အား . . .

သူမကလေးလေးရေ . . .။

●

ပျော်လျှင် လေချွန်ရသည်ဟု (ဘယ်ကမှန်းမသိ)သူ ကြားဖူးထားသည်။

ဦးသံလွင်ကျော်ဇော လေချွန်လိုက်သည်။

(ပူဖောင်းအဝကို လက်မ လက်ညှိုးဖြင့် ဖွဖွညှပ်ပြီး ဟကာ လေလျှော့ပေးလိုက်သလိုမျိုး တရှီးရှီးနှင့် အသံထွက်လာ၏)

● ● ●

www.burmeseclassic.com


အခန်း(၁၀)

ရန်ကုန်နှင့် မိုင်၄၀ကျော်ဝေးသော ရွာကလေးတစ်ရွာတွင် ရိုက်ကွင်း တည်ကြ၏။

ဇာတ်လမ်းအရ မင်းသမီးက ခရီးသွားရင်း မြို့နှင့် အလှမ်းဝေးသော ရွာတစ်ရွာအရောက်တွင် ကားပျက်ပြီး ခရီးမဆက်နိုင်ဘဲ ဖြစ်နေမည်။ ထို့ပြင် သူမ၏ အချစ်တော်ခွေးကလေးကလည်း လွတ်ထွက်ပြေးသွား သဖြင့် ဘယ်နေရာ လိုက်ရှာရမှန်း မသိဖြစ်ကာ ဒုက္ခတွေ့နေရမည်။

သည်နေရာတွင် ရိုးသား၍ စိတ်ထားဖြူစင်သော ရွာသူရွာသားများ က ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။

●

ရှူတင်စရိတ်ကျဉ်းအောင် ဇာတ်ပို့ ဇာတ်ရံ များများစားစား ခေါ် မလာခဲ့။ ထိုရွာမှ ရွာသားအစစ်များကိုပင် ဝင်ရောက် သရုပ်ဆောင်ပေးဖို့ အကူအညီတောင်းမည်ဟု ဒါရိုက်တာက စီစဉ်သည်။

ဖြစ်မှ ဖြစ်ပါ့မလားဟု သူက မဆီမဆိုင် ဝင်တွေးပြီး ပူပင်နေသော် လည်း ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာနှင့် ရှူတင်မန်နေဂျာတို့ကတော့ အေးအေးဆေးဆေးပင် ကွမ်းယာလေးတမြုံ့မြုံ့၊ စီးကရက်လေး တဖွာဖွာ နှင့် . . .။

www.burmeseclassic.com

ရိုက်ကူးရေးအတွက် ပြင်ဆင်ပြီးသည်နှင့် တစ်ပြိုင်နက် ဝိုင်းအုံကြည့်လာကြသော ပရိသတ်များ (ရုပ်ရှင်ရိုက်သည်ကို မမြင်ဘူး၍ လာကြည့်ကြသည့် ပရိသတ်ကလည်း ရွာလုံးကျွတ်ပင် ဖြစ်၏) ထဲမှ 'ဝင်ရောက်ကူညီသရုပ်ဆောင်ပေးရန် ရွာသားအယောက် ၂၀ခန့် ကြွပါ' ဟု ဒါရိုက်တာက မေတ္တာရပ်ခံ၏။

ဘယ်သူမှ မထွက်ချင်ကြ။ မထွက်ချင်ယောင်ဆောင်နေကြခြင်း ဖြစ်ဖို့များပါသည်။

'မင်းသွားကွာ' 'မင်းပဲ သွားလိုက်ပါလား' 'ဟာ . . . ငါမှ မလုပ်တတ်တာ' 'သွားလိုက်ပါကွာ'နှင့် တစ်ယောက်ကိုတစ်ယောက် တွန်းလွှတ်သူလွှတ်၊ ရုန်းထွက်သူ ရုန်းထွက်။ ဆရာက အတန်းရှေ့ထွက်ခဲ့ဖို့ ခေါ်ထုတ်ခံရသည့် ကျောင်းသားကလေးတွေလို ဖြစ်နေကြ၏။

နောက်ဆုံး . . .

ရွာကျောင်းမှ ဘုန်းတော်ကြီးကို အကူအညီတောင်းမှ . . .

"ဟဲ့ကောင်တွေ ကူညီပါဆိုတာ ကူညီလိုက်တာ မဟုတ်ဘူး။ ဟောဒီမှာ တွေ့လား ကြိမ်လုံး။ တယ် . . .ငါဆော်လိုက်ရ"

ရွာသား ၂၆ယောက်၊ ၂၇ယောက်လောက် စုပြုတိုးဝှေ့ပြီး အလုအယက် ထွက်လာကြ၏။ ဒါရိုက်တာ နည်းနည်းတော့ စိတ်ပိန်သွားသည်။

ဇာတ်ညွှန်းရေးဆရာ ထူးဇော်က . . .

"တပည့်တို့ ဟိုဒင်း . . .နွားလှည်းတစ်စီးနဲ့ လှည်းမောင်းတဲ့ လူ တစ်ယောက် ရချင်ပါတယ်ဘုရား။ ဇာတ်လမ်းအရ ကားပျက်လို့ ဒုက္ခရောက်နေတဲ့ မင်းသမီးကို ရွာသားတစ်ယောက်က နွားလှည်းနဲ့ လိုက်ပို့ပေးရမှာ မို့လို့ပါ"

"ဟေ . . .နွားလှည်း ဟုတ်လား။ ဟိုကောင် စိုင်းကျော်ဦး . . . စိုင်းကျော်ဦး မရှိဘူးလား"

ပရိသတ်ဘက် လှည့်၍ အော်လိုက်ရာ စွပ်ကျယ်လက်ပြတ် ပုဆိုးတိုတိုနှင့် အသားမည်းမည်းပိန်ပိန်လူတစ်ယောက်က လက်အုပ်ကလေးချီ၍

www.burmeseclassic.com


ထွက်လာပြီး . . .

"ရှိပါတယ် ဘုရား"

"အေး ...ဒီက ဒကာကြီးတွေက မင်းသမီးစီးဖို့ နွားလှည်းတစ်စင်းနဲ့ လှည်းမောင်းမယ့်လူတစ်ယောက် လိုသတဲ့။ သွား နင့်အိမ်က လှည်းဆင်ပြီး ယူလာခဲ့။ နင်မောင်းပေးလိုက်"

"တင်ပါ့ဘုရား"

ဒါရိုက်တာနှင့်တကွ ရှုတင်အဖွဲ့သားတွေအားလုံး ပစ္စည်းတွေနေရာချရ၊ ဟိုရွှေ့ရ၊ ဒီရွှေ့ရနှင့် ယောက်ယက်ခတ်အလုပ်များနေ သလောက် ရွာလုံးကျွတ် လာရောက်ကြည့်ရှုအားပေးသော ပရိသတ် တွေကလည်း အုံးအုံးကြွက်ကြွက်ထနေသည်။

"ဟယ် . . .မင်းသမီးက 'ဆုယမင်းကျော်'တော့။ လှလိုက်တာ"

"အမေ . . .အမေ ဒီတစ်ခါ ရန်ကုန်သွားရင် မင်းသမီးဆံပင်စည်းထားတဲ့ ကြိုးမျိုး သမီးကို ဝယ်ခဲ့ပေးနော်"

"သန်းစိန်မရေ . . .ဟေ . . .သန်းစိန်မ၊ ညည်းအိမ်က ထမင်းအိုးပျော့ ပြသွားလို့တဲ့။ နင့်လင် နင့်ကို သတ်မလို့ လိုက်ရှာနေတယ်"

"ဘယာကြော်ရမယ် . . .ဘယာကြော်။ ဟာရေး အာ့ကိုဂျီး၊ ဘယာကြော် ပူပူလေး စားဦးမလား"

အရေးထဲမှ ဘယာကြော်ရောင်းသည့် ကုလားမက 'လူတွေအုံနေလျှင်ဖြင့် စီးပွားအရှာကောင်းပြီ'ဟု တွက်သလား မပြောတတ်။ အတင်းတိုးဝှေ့ပြီး ဘယာကြော် လာရောင်းနေသေးသည်။

ဒါရိုက်တာလည်း ရူးချင်သလိုလို ဖြစ်နေ၏။

"အားလုံး ငြိမ်ကြပါ၊ ကျေးဇူးပြုပြီး ငြိမ်ပေးကြပါ"

သူ့လက်ကိုင်စပီကာလေးဖြင့် သံကုန်အော်ပြောလည်း ရွာလုံးကျွတ် ပရိသတ်ကြီးက ဖွဲဆန်ကွဲမျှပင် စိတ်ထဲထင်ဟန်မရှိ။ နည်းနည်းမှ အရေးမလုပ်။ ဆူညံမြဲ ဆူညံပွက်လောရိုက်လျက်။ ဘုန်းတော်ကြီးကလည်း လောကီကိစ္စတွင် ကိုယ်ထိလက်ရောက် မပါချင်သောကြောင့်

www.burmeseclassic.com

ကျောင်းသို့ ပြန်ကြွသွားပြီဖြစ်ရာ ထိန်းမည့်သူ မရှိတော့။

စပီကာတကိုင်ကိုင်နှင့် ဟိုပြေးဒီလွှား မျက်ကလူးဆန်ပြာ ဖြစ်နေသည့် ဒါရိုက်တာကို ကြည့်ရသည်မှာ (လူတကာ၏ အဖက်မတန်သလို အပစ်ပယ်ခံထားသည့်) စိတ္တဇဝေဒနာသည် မိန်းမကြီးတစ်ယောက်နှင့် တူနေ၏။

ထူးဇော်က ဒါရိုက်တာနားကို ကပ်ပြီး . . .

"ဆရာ၊ စိုင်းကျော်ဦးဆိုတဲ့လူကို နွားလှည်းသွားယူခိုင်းလိုက်တာ ခုထိ ပေါ်မလာသေးဘူး၊ ဘယ်လိုလုပ်မလဲ"

"ဒုက္ခပါပဲကွာ"

ဒါရိုက်တာက ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း လက်ထဲမှ စပီကာဖြင့်...

"စိုင်းကျော်ဦး ...စိုင်းကျော်ဦး ရှိလား၊ ရိုက်တော့မယ်၊ အမြန်လာပါ"

ဘေးမှ ဝိုင်းကြည့်နေကြသော ပရိသတ်ကြီးကလည်း သံပြိုင်

"စိုင်းကျော်ဦးရေ ...ဟေး ...စိုင်းကျော်ဦး၊ မင်းကို ခေါ်နေတယ်ကွ"

ရွာလုံးကျွတ် ဟစ်ကြွေးလိုက်သော အသံများက ဖောခိပင်နှင့် ရွှေပလ္လင်ကို လုမည့် မာရ်နတ်၏ စစ်သည်များ ကြုံးဝါးကြသလား အောက်မေ့ရလောက်အောင် တခဲနက် ထွက်ပေါ်လာသည်။

"လာပါပြီ ဆရာ"

အသံညောင်နာနာလေးနှင့်အတူ စိုင်းကျော်ဦး လူကြားထဲမှ တိုးဖွေ့ထွက်လာပြီး . . .

"ဟိုမှာ နွားလှည်းလည်း အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော် ဘယ်ကို မောင်းရမလဲ ဆရာ"

ဒါရိုက်တာက စိုင်းကျော်ဦးကိုကြည့်ပြီး မျက်လုံးပြူသွား၏။ ထို့နောက် အသံတုန်တုန်ယင်ယင်ဖြင့် . . .

"ခင်ဗျား ခင်ဗျားက နွားလှည်းမောင်းမယ့် လူလား"

စိုင်းကျော်ဦး၏ ပုံစံက စောစောကလို စွပ်ကျယ်လက်ပြတ်နှင့် လုံချည်တိုတိုနှင့် မဟုတ်တော့။

ကြည့်ပါ။ မည်းကြုတ်နက်ပြောင်နေသည့် အသားနှင့် ဘယ်လိုမှ အပ်စပ်၍မရအောင် ဝတ်ဆင်လာသည်က အပြာရောင်တောက်တောက် ဃမသခသိဂူန စပို့ရှပ်အကောင်းစား။ အောက်ပိုင်းမှာက နီညိုရောင် ဂျင်းဘောင်းဘီ။ (ဘောင်းဘီက ပွနေသောကြောင့် ခါးပတ်ကို တင်းတင်း ဆွဲပတ်ထားရာ တင်ပါးနေရာတွင် ရှုံ့တွတွကြီး ဖြစ်နေ၏)

မည်းနက်နေသည့် မျက်နှာကို ပေါင်ဒါတွေ အဖွေးသား လူးထား ပုံမှာလည်း တောမှ ကျောင်းဆရာ၏ မြေဖြူသုတ်သော ပုဆိုးစုတ်မှ အမှုန့်တထောင်းထောင်းထွက်နေပုံမျိုး။

တစ်သက်မှာ တစ်ခါဆိုသလို ဗီဒီယိုထဲတွင် ဝင်၍ သရုပ်ဆောင်ရ မည်ဖြစ်သောကြောင့် သူ့မှာ ရှိသမျှ အစွမ်းကုန် 'ဆော်'လာခဲ့ပုံရ၏။

"ထူးဇော် ထူးဇော်၊ ကြည့် ကြည့်ပြောပါဦးကွာ။ ဒီ ဒီပုံစံကြီးက နွားလှည်းမောင်းတဲ့ ရွာသားလုပ်မလို့တဲ့။ အီး ...ဟီး ...ဟီး"

ဒါရိုက်တာက ပြောရင်းနှင့် ငိုသံပါလာသည်။ နောက်ဆုံး ထူးဇော် ကပင် ချော့မော့ပြောပြီး အဝတ်အစားပြန်လဲခိုင်းလိုက်ရ၏။

ထိုစဉ် တိုနီက . .. .

"အာစိ၊ အဲဒီလူ အဝတ်အစားပြန်လဲနေတုန်း တခြား ရွာသား တွေနဲ့ အခန်းကို ကျော်ရိုက်ထားလိုက်ရင် ကောင်းမယ်၊ ငွေ့အငှေါ ကသိပ်စိတ်မချရဘူး"

ကူညီမည့်ရွာသားတွေကို ကြည့်လိုက်တော့ စုစုပေါင်း (၂၈) ယောက်။ ဟင် . . .စောစောက ငါ ရေကြည့်တုန်းက (၂၆)ယောက်ပါ။ နှစ်ယောက်က ဘယ်ကနေ အလစ်ဝင်တိုးလာသလဲ မသိဘူးဟု ဒါရိုက် တာက စိတ်ဆင်းရဲစွာဖြင့် တွေးလိုက်၏။

"ကဲ ...တိုနီ၊ မင်း ကြည့်လုပ်ဦးကွာ။ အယောက်(၂၀)ယောက်ပဲ

www.burmeseclassic.com

လိုတဲ့ ဥစ္စာ။ ပိုနေတဲ့ လူတွေကို မင်း သဘောပေါက်အောင် ပြောပြီး ဖယ်လိုက်”

တိုနီ ဘယ်လိုရှင်းလိုက်သလဲတော့ မသိ။ ရှာသား(၈)ယောက်က မျက်စောင်းတခဲခဲဖြင့် ရိုက်ကွင်းထဲမှ ထွက်သွားသည်။

တစ်ယောက်က လှည့်ကြည့်လှည့်ကြည့်ဖြင့် ထွက်သွားရင်းက အသံကျယ်ကျယ်ဖြင့် ပြောသွားသေး၏။

“ဟေ့ကောင်တွေ လာ . . .သွားမယ်။ မင်းသမီး ကြည့်နေလို့ မုန့်စားရတာ မဟုတ်ဘူးကွ”

ထိုသူက ပြောလည်းပြော လှည့်လည်း လှည့်အထွက်လိုက် သူ့ရင်ဘတ်ကို တစ်စုံတစ်ယောက်က ဝင်တိုးသဖြင့် လန့်သွား၏။

“မုန့်စားချင်လို့လား အစ်ကိုဂျီး၊ ဒီမှာ ဘယာကြော်ရတယ်လေ”

“ဟာ . . .အရေးထဲ ဒင်းကတစ်မျိုး။ မစားဘူး၊ မစားဘူး”

ရုပ်ရှင်ထဲ မပါရ၍ စိတ်တိုနေသည့်ကြားက မုန့်အတင်းလာရောင်း ခံရသောကြောင့် ဒေါသတွေက မုန့်သည်ကုလားမအပေါ် စုပြုံကျသွား၏။

“ဒါဆို အာ့ကိုဂျီး အာပုံ စားမလား”

“ဟယ် ညစ်ညစ်ပတ်ပတ်”

“မညစ်ပတ်ပါဘူး အာ့ကိုဂျီးရဲ့။ ကျွန်မ အာပုံက သန့်ပါတယ်”

ရိုက်ကွင်းပေါ်တွင် ဝရုန်းသုန်းကားနှင့် ဖြစ်ချင်တိုင်းဖြစ်နေကြသည်။ ဒါရိုက်တာကလည်း စပီကာဖြင့် အော်ရင်းဟစ်ရင်း ညွှန်ကြားချက်များ ပေးနေသည်။

“မင်းသမီး အသင့်ဖြစ်ပြီဆိုရင် ရိုက်မယ်ဟေ့”

“ရပြီ ဆရာ”

ဝင်ရောက်ကူညီ သရုပ်ဆောင်မည့် ရှာသားအယောက်(၂၀)က လည်း အသင့်ဖြစ်နေပြီ။ ဒါရိုက်တာက ကင်မရာမင်းနှစ်ယောက်ကို လှမ်းပြောသည်။

“မိုးကြီး။ ရှာသားတွေ နောက်ကျောကို Foregroun ခံပြီး

www.burmeseclassic.com


မင်းသမီးမျက်နှာကို ယူထား။ ကိုထွေး Wide ယူမယ်။ ရပြီလား”

“ရပြီ ရယ်ဒီပဲ”

“ရပြီဆိုရင် ရိုက်မယ်ဟေ့၊ ဆိုင်းလင်း ရိုက်မယ်”

ဆိုင်းလင်းဆိုသည်မှာ Silence (ဆိုင်းလင့်စ်) အသံတိတ် ရိုက်ကူးခြင်းကို ခေါ်သည့် ဝေါဟာရဖြစ်သည်။

သို့သော် ထိုဝေါဟာရကို ဒါရိုက်တာ၏ စပီကာထဲမှတစ်ဆင့်

“ဆိုင်းလင်းရိုက်မယ်”

ဟု ကြားလိုက်ရသော ပရိသတ်ထုကြီးကား . . .

“ဟာ . . .စိုင်းလင်းကို ထည့်ရိုက်မလို့တဲ့ဟေ့”

“ဟေ့ကောင် စိုင်းလင်း၊ မင်းကို ဒါရိုက်တာ ခေါ်နေတယ်”

“စိုင်းလင်းရေ . . .ဟေ . . .စိုင်းလင်း၊ ရိုက်မယ်တဲ့ဟေ့”

ရွာလုံးကျွတ် ဟစ်ကြွေးလိုက်သံများက မာရ်နတ်၏ စစ်သည်များ ဒုတိယအကြိမ် ကြုံးဝါးချီတက်လာကြသလိုမျိုး ကမ္ဘာမြေထု တုန်ဟည်း မတတ် ပွဲတင်ထပ်သွားပြန်လေသည်။ ဒါရိုက်တာကတော့ ကိုယ့်ကိုယ်ကို ကြိုးဆွဲချပြီး သေပစ်လိုက်ချင်သော ဆန္ဒကို မနည်းထိန်းထားရ၏။

ထိုစဉ် လူအုပ်ထဲမှ ရွာသားတစ်ယောက် ပြေးထွက်လာပြီး ...

“ကျွန်တော် . . .ကျွန်တော် ရောက်ပါပြီ ဆရာ”

“ဟမ် . . .မင်းက ဘယ်သူလဲ”

“ကျွန်တော် စိုင်းလင်းလေ ဆရာ။ ကျွန်တော့်ကို ရိုက်မလို့ဆို”

ဒါရိုက်တာ အောင်ကြီးခမျာ ခေါင်းနှစ်ဘက်ကို လက်ဖြင့် အုပ်ပြီး ငယ်သံပါအောင်အော်၍ သည်နေရာမှ ပြေးထွက်သွားချင်စိတ် ပေါ်လာ၏။

“သေတော့မှာပဲ။ ခင်ဗျားကို ခေါ်တာ မဟုတ်ဘူး။ ဆိုင်းလင့်စ် ဆိုတာ အသံတိတ် ရိုက်မှာကို ပြောတာ”

“မသိဘူးလေဗျာ။ စောစောက ခင်ဗျားပဲ စိုင်းကျော်ဦးကို အော်ခေါ်ထားတော့ အခုလည်း ကျုပ်ကိုခေါ်တယ် အောက်မေ့တာပေါ့ ဗျ”

ကံဆိုးသူ စိုင်းလင်းကား ဒါရိုက်တာကို မကျေမနပ်ဖြင့် ပေစောင်း ပေစောင်း ကြည့်ပြီး ထွက်သွားရှာ၏။

●

ဇာတ်ညွှန်းရေးဆရာ ထူးဇော်က တန်းစီပြီးရပ်နေသော ရွာသား အယောက်(၂၀)ကို စိတ်ရှည်လက်ရှည် ရှင်းပြနေ၏။

မင်းသမီးက သူ အင်မတန်ချစ်တဲ့ ခွေးကလေး ပျောက်သွား လို့ စိတ်ပူပြီး သောကရောက်နေတယ်။ ဘယ်ကို လိုက်ရှာရမယ်မှန်း လည်း မသိဘူး။ အဲဒီအချိန်မှာ ရွာသားတစ်ယောက်က ခွေးကလေးကို လည်ပတ်ကြိုးအသစ်ကလေး တပ်ခေါ်လာပြီး . . .

" 'ဒါ ညီမလေး ပျောက်သွားတဲ့ ခွေးမဟုတ်လား' လို့ ပြောရင်း လာပေးရမယ်။ အဲဒါဆိုရင် မင်းသမီးက 'ကျေးဇူးတင်လိုက်တာရှင်' လို့ ပြန်ပြောလိမ့်မယ်။ ဒါပဲ . . .ရတယ်မဟုတ်လား"

ထူးဇော် ရှင်းပြနေခိုက်တွင် အမွှေးစုတ်ဖွားနှင့် ခွေးဖြူဖြူလေး ကို တိုနီက ပွေ့ချီလာပြီး လူအုပ်ရှေ့ လာချ၏။

ရွာသားတစ်ဦးက . . .

"အဲဒီခွေးကို ခေါ်လာတဲ့ ရွာသားနေရာမှာ ဘယ်သူလုပ်ရမှာလဲ"

"ခင်ဗျားတို့ထဲက တစ်ယောက်ယောက်ပေါ့။ ဘယ်သူပဲဖြစ်ဖြစ် လုပ်လို့ရပါတယ်"

ဘယ်သူပဲဖြစ်ဖြစ်ဟု ထူးဇော် ဖြေလိုက်သည်နှင့်တစ်ပြိုင်နက် ရွာသား အယောက်(၂၀)စလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

"ခွေးလည်ပတ်ကြိုး ဘယ်မှာလဲ"

ဟူသော စကားတစ်ခွန်းတည်းကို အလုအယက်ဝိုင်းမေးကြ သည်။ ထူးဇော်က . . .

"တိုနီရေ ...သူတို့ထဲက တစ်ယောက်ယောက်ကို ခွေးလည်ပတ်

ကြိုး ပေးထားလိုက်ကွာ”

“ဒီမှာ လာပြီ အစ်ကို”

တိုနီက ခွေးလည်ပတ်ကြိုး အသစ်လေးတစ်ချောင်းကို ဇော့ကာ ယမ်းကာဖြင့် ရောက်လာပြီး . . .

“ဒီကြိုးက ဘယ်သူ့ကိုပေး . . .”

တိုနီခမျာ စကားကို ဆုံးအောင်ပြောခွင့်မရလိုက်။ လူတစ်ယောက် က ဝုန်းခနဲ ခုန်ထွက်ကာ ကြိုးကို ဆောင့်ဆွဲယူသွား၏။

ကျန်သူများ၏ မျက်နှာမှာ ဟာခနဲဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ မအောင့်အည်းနိုင်သူ နှစ်ယောက်သုံးယောက်၏ နှုတ်မှ . .. .

“အဲဒီ အောင်ခိုင်ဆိုတဲ့ကောင်၊ သောက်ရမ်း လူပါးဝတယ်ကွာ”

“တော်တော်ကျက်သရေတုံးတဲ့ အောင်ခိုင်”

ကြိုးကို လုယူသွားသည့် အောင်ခိုင်ဆိုသော ငနဲက ဘယ်သူနှင့် မှ စကားမပြောတော့ဘဲ ဟိုးခပ်လှမ်းလှမ်းသို့ ထွက်သွားကာ အားလုံးကို ကျောခိုင်းပြီး သစ်ပင်အောက်တွင် တစ်ယောက်တည်း ရပ်နေသည်။ ကျန်သူများနှင့် မျက်နှာချင်းဆုံမိလျှင် အားနာပါးနာဖြင့် ကြိုးကို ပေးလိုက် ရမည် စိုးနေပုံရ၏။

သိပ်မကြာလိုက် . . .

မောင်အေးဟု ခေါ်သည့် ရွာသားတစ်ယောက်က အောင်ခိုင် ရပ်နေရာ အနီးသို့ မယောင်မလည်ဖြင့် ကပ်သွားသည်။ သူ့နှုတ်ခမ်းဖျား တွင်လည်း စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လျက် . . .

အောင်ခိုင်က သူ့အနီးသို့ ကပ်လာသော မောင်အေးကို တစ်ချက် လှည့်ကြည့်လိုက်ရင်း လက်ထဲမှ ခွေးလည်ပတ်ကြိုးကို တင်းတင်းဆုပ်ကိုင် ထားသည်။ မောင်အေးကတော့ စီးကရက်ကို ဖွာရင်း ဟိုငေးဒီငေး လုပ်နေသည်။ အောင်ခိုင်ကိုကော ခွေးလည်ပတ်ကြိုးကိုပါ စိတ်ဝင်စားပုံ မပြ။

အောင်ခိုင် နည်းနည်းစိတ်အေးသွားပုံ ရသည်။ ကြိုးကို ဆုပ်ကိုင်

www.burmeseclassic.com

ထားသည့်လက်မှ ထောင်ထနေသော အကြောတွေ ပြေလျှော့သွား၏။

မောင်အေးက ပုဆိုးကို ပြင်ဝတ်သည်။ အင်္ကျီလက်ဖျားတွေကို ခပ်သေးသေးခေါက်ပြီး လိပ်တင်သည်။ အင်္ကျီလက်ခေါက်နေရင်း ဖြုန်းဆို တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် နှုတ်ခမ်းဖျားမှ စီးကရက်တိုကို ဖြုတ်ပြီး အောင်ခိုင့်ဆီကို လှမ်းပေးသည်။

အောင်ခိုင်ကလည်း ယောင်နနဖြင့် လည်ပတ်ကြိုးကို ညာလက်မှ ဘယ်လက်သို့ စီးကရက်ကို လှမ်းအယူ၊ အခွင့်ကောင်းကို စောင့်နေသည့် မောင်အေးက လည်ပတ်ကြိုးကို ဆတ်ခနဲ ဆောင့်ဆွဲယူလိုက်ပြီး လက်ထဲပါလာသည်နှင့်တပြိုင်နက် ချာခနဲ လှည့်ကာ သုတ်ခြေတင်တော့သည်။

"ဟာ . . .ဟာ . . .ဟေ့ကောင် မောင်အေး"

အလစ်အငိုက်တွင် ခြံုခိုတိုက်ခိုက်ခံလိုက်ရသော အောင်ခိုင်က ပါးစပ်အဟောင်းသား။ နောက် သတိဝင်လာသည်နှင့်တပြိုင်နက် မောင်အေး နောက်သို့ ဒုန်းစိုင်းပြေလိုက်သွားပြီး . . .

"ဟေ့ကောင် ဟေ့ကောင်၊ ငါ့ဟာ ပြန်ပေးကွ"

"ဘာ . . .မင်းဟာလဲ၊ ရသူ ယူကြေးပဲ"

ခွေးလည်ပတ်ကြိုးကို တစ်ယောက်တစ်ဖက်စီမှ ခြေကန်ပြီး ဆွဲကြရင်း . . .

"ဟေ့ကောင် . . .မင်း လူလည်မကျနဲ့ မောင်အေး"

"ဘာခွ . . .မင်းလုပ်သွားတုန်းကတော့ ကောင်းသလား။ မပေးဘူးကွာ . . .မပေးဘူး"

ထိုစဉ် ရပ်ကြည့်နေသော လူအုပ်ကြားထဲမှ မိန်းမတစ်ယောက် ခုန်ထွက်လာကာ...

"ဟဲ့ ငါ့ယောက်ျားကို မတရားမလုပ်နဲ့။ စိန်ပုတဲ့ ဘာမှတ်သလဲ၊ တစ်ပုတည်းရှိတယ်ဟေ့"

သံကုန်ဟစ်ကြွေးကာ ထမီကို ဖြန်းခနဲ တိုတိုပြင်ဝတ်လိုက်ပြီး

www.burmeseclassic.com


အောင်ခိုင်၏ မိန်းမ မစိန်ပုသည် သူ့လင်ဘက်မှ ကူကာ ခွေးလည်ပတ်ကြိုးကို ဝင်ဆွဲတော့သည်။

နှစ်ယောက်နှင့်တစ်ယောက်အား ဖြစ်သောကြောင့် မောင်အေးခမျာ ခြေကန်ရင်း တရွတ်တိုက်ပါသွား၏။

မောင်အေး၏အစ်မ မတရုပ်မသည်လည်း ထမီရင်လျားဖြင့် ပြေးထွက်လာကာ သူ့မောင်ဘက်မှ ကူဆွဲ၏။ ဘေးမှ ဝိုင်းကြည့်နေသူများက ပါးစပ်ဖြင့် မိန်းဗောင်းတီးပေးသည်။

လွန်ဆွဲပွဲလိုလို ဘာလိုလို ဖြစ်နေတော့၏။

နောက်ဆုံး အောင်ခိုင်က သူ့မိန်းမကို အသာမျက်ရိပ်ပြပြီး ခြေကန်ဆွဲနေရာမှ ရုတ်တရက် ကြိုးစကို လွှတ်ပေးလိုက်ရာ မောင်အေးနှင့် မတရုပ်မတို့ အားလွန်ပြီး နောက်ပြန်လဲကျကာ အရှိန်ဖြင့် ကျွမ်းနှစ်ပတ်သုံးပတ်ခန့် လိမ့်သွားကြ၏။

မတရုပ်မကတော့ သစ်မြစ်ဆုံနှင့် ခေါင်းဆောင့်မိပြီး နောက်စေ့တွင် ကွမ်းသီးလုံးခန့် ဖုသွားသည်။ မောင်အေးလည်း ဖုတ်တွေသဲတွေ ထဲမှာ လူးနေတော့၏။

ဘာပဲဖြစ်ဖြစ် မောင်အေးကတော့ သူလိုချင်တာ ရသွားသဖြင့် အကျေနပ်ကြီး ကျေနပ်နေသည်။

●

"ရိုက်မယ် . . .အားလုံးငြိမ်ပါ။ အသံယူမှာနော်။ ကျေးဇူးပြုပြီး စကားမပြောကြပါနဲ့"

ဒိုင်ယာလော့ကို တစ်ခါတည်း အသံဖမ်းယူမည်ဖြစ်သောကြောင့် ဘေးမှပရိသတ်၏ အသံဗလံများ မပါရန် အရေးကြီးသည်။

ထူးဇော်နှင့် တိုနီတို့က ဝိုင်းအုံကြည့်နေကြသော ရွာသူရွာသားများကို စကားမပြော၊ လေမလည်၊ ချောင်းမဆိုးဖို့ လိုက်ပြီး တောင်းပန်

www.burmeseclassic.com

နေရ၏။ တိုနီက ပရိသတ်တွေကြားထဲ ရောက်နေသည့် ဦးသံလွင်ကျော် ဇောကို လှမ်းမြင်သောအခါ . . .

"ဦးဇော ပရိသတ်ကို ဝိုင်းထိန်းပေးပါဦးဗျာ။ ကလေးငယ်ငယ် တွေ ဘာတွေပါနေရင်လည်း လိုလိုမယ်မယ် ခပ်ဝေးဝေးမှာ သွားနေဖို့ ပြောပေးပါ။ တော်ကြာ ရိုက်ပြီဆိုမှ ကလေးက ထပြီး ပြေးခနဲ အော်ငိုလိုက်ရင် ဒုက္ခ"

"အေးပါ အေးပါ"

ဦးသံလွင်ကျော်ဇော ခေါင်းညိတ်လိုက်ရသည်။ နေရင်းထိုင်ရင်း ယောင်တောင်တောင်ဖြင့် သူပါ တာဝန်ရှိသူလိုလို ဘာလိုလိုဖြစ်သွား၏။ ထို့ကြောင့် ဘေးဘီမှ ရွာသူရွာသားများကို . . .

"ကဲ . . .အားလုံးပဲ တိတ်တိတ်နေပေးကြပါ။ ဟိုမှာ မင်းသမီး ပြောတဲ့ စကားကို အသံဖမ်းမှာ မို့လို့ပါ"

ဘာညာဖြင့် ခပ်တည်တည် လျှောက်ပြောပစ်လိုက်သည်။ ကောက်ခါငင်ခါကြီးဆိုသလို ပြောင်းလဲသွားသည်။ သူ့ဟန်ပန်ကိုကြည့်ပြီး ဘေးမှ တောသူမိန်းမဝဝကြီးက နှာခေါင်းရှုံ့၏။

ထိုစဉ် ကင်မရာမင်း မိုးကြီးက . . .

"ဦးဇော မလွတ်ဘူး၊ ကင်မရာထဲ ပါနေတယ်။ နောက် နည်းနည်းဆုတ်"

ဟု လှမ်းအော်သည်။ ဦးသံလွင်ကျော်ဇော ကမန်းကတန်းဖြင့် နောက်ဆုတ်လိုက်၏။ ဖြစ်ချင်တော့ ကိုယ့်လုံချည်စကို နောက်ပြန်တက် နင်းမိပြီး ဖင်ထိုင်ရက် လဲအကျတွင် . . .

"ဖိုက် . . .ဖိုး . . .သရီး . . .တူး . . .ဝမ်း၊ အက်ရှင်"

ရိုက်ကွင်းက စနေပြီ။ ဦးသံလွင်ကျော်ဇောကတော့ ဖင်ထိုင်ရက် လဲအကျတွင် နောက်ပြန်လက်ထောက်လိုက်ရာ နွားချေးပုံပေါ် တည့်တည့် လက်နှစ်ဖက်စလုံး စွပ်ခနဲ မြုပ်ဝင်သွား၏။

"ဟိုက် . . .သွားပြီ"

အသံမထွက်အောင် စိတ်ထဲက ကျိတ်ရေရွတ်လိုက်ပြီး ဘေးဘီဝဲယာကို လှည့်အကြည့်တွင် စောစောက မိန်းမဝဝကြီးက သူ့အဖြစ်ကို ကြည့်ကာ ရယ်တော့မည့်ဆဲဆဲ ပါးစပ်ပြင်နေသည်ကို မြင်လိုက်ရသောကြောင့် . . .

"ရှူး . . .တိတ်တိတ်နေ"

ဟု အရေးတကြီး ဟန့်တားရင်း ထိုမိန်းမကြီး၏ ပါးစပ်ကို နွားချေးပေနေသည့်လက်ဖြင့် လှမ်းပိတ်လိုက်မိသွားသည်။

"ဟဲ့ . . .ဟဲ့ . . .ဖရူး . . .ထွီ ဝေါ့"

(သူ့လက်မှာ နွားချေးတွေ ပေကျံနေသည်ကို ပြန်သတိရလိုက်ချိန်တွင် အတော်ကြီး နောက်ကျသွားပြီဖြစ်၏) မိန်းမဝဝကြီးက ပါးစပ်ထဲဝင်သွားသော နွားချေးများကို ထွီခနဲထွေးထုတ်လိုက်ပြီးသည့်နောက်တွင် ခုနစ်သံချီဟစ်ကာ ပယ်ပယ်နယ်နယ် ကလော်ဆဲပါတော့သည်။

● ● ●

www.burmeseclassic.com

အခန်း (၁၁)

ရှူတင်ပြီး၍ အားလုံး ရန်ကုန်ပြန်ရင် ပြင်ဆင်နေကြသည့်အချိန်တွင်မှ ယမင်း၏ ကားဒရိုင်ဘာက လူချည်းသက်သက်ရောက်ချလာသည်။

“ဝင်းမိုး၊ နင်ကလည်း ကားလေးတစ်ခေါက်သွားပြင်ပါတယ်ကြာလိုက်တာ။ မော်ဘီနဲ့ ဒီနေရာ ဘယ်လောက်များဝေးလို့ ခုမှ ပြန်ရောက်ရတာလဲ။ ဘယ်မှာလဲ ကား။ ပြင်ပြီးပြီလား”

ယမင်းကို မိတ်ကပ်ပြင်သည့် မိန်းမလျာက ဆီး၍ အပြစ်တင်သည်။ ဒရိုင်ဘာက . . .

“ကားက ဝပ်ရှော့မှာ ထားခဲ့ရတယ်။ ဒီမှာပြင်လို့ မပြီးဘူး။ ရန်ကုန်ကို ပြန်ဆွဲသွားမှ ရမှာ”

“ဟင် . . .ဘယ်လိုဖြစ်တာလဲ”

ယမင်း၏လေသံက သောကကြောင့် နည်းနည်းအရောင်ရင့်နေသည် ထင်ရ၏။ ဦးသံလွင်ကျော်ဇော (သူ့ကိုယ်သူ သတိမထားမိခင်မှာပင်) ခြေလှမ်းတွေက ယမင်းအနီးသို့ ရွေ့သွားဖြစ်သည်။

အဲသည်လို မင်း မျက်ဝန်းတွေ အိုသွားတာက ငါ့ကို ကြိုးမိန့်ချလိုက်သလိုပါပဲ မင်းသမီးရယ် . . .။

ဘာဖြစ်လို့လဲ (သို့မဟုတ်) ဘာများကူညီရမလဲဆိုသည့် စကားကို မေးခွင့်ရှိလျှင် သူ မေးကြည့်ချင်ပါသည်။ (သူမ၏ လိမ္မော်ရောင်နှုတ်ခမ်းဖျားက ဓားသန်လျက် အပြုံးထက်ထက်တစ်လက်ကို မြင်ရဖို့ဆိုလျှင် ရှမ်းခနဲကြာပွတ်သံကြားလိုက်သည်နှင့် တစ်ပြိုင်နက် မီးကွင်းထဲ ရိုကျိုးစွာ

www.burmeseclassic.com

ဒိုင်ဗင်ထိုးဝင်ပစ်လိုက်မည့် ဆပ်ကပ်ထဲမှ ခွေးလိမ္မာတစ်ကောင်သည် 'သူ'ဖြစ်လေသည်)

ယမင်းကို ရှင်းပြနေသည့် ဒရိုင်ဘာ၏ စကားသံကို သူ ကြားနေရသည်။

"ကားရေတိုင်ကီက ရေစိမ့်နေတာလေ။ အဲဒါ Heat တွေ တက်ပြီး ဂက်စကတ်ပြတ်သွားတာ။ အင်ဂျင်ဖွင့်ရလိမ့်မယ် မမလေးရဲ့။ ဝပ်ရှော့ရောက်အောင်တောင် ကျွန်တော် မနည်းထိန်းမောင်းသွားရတာ"

"ဟယ် . . .ဒုက္ခပဲ၊ ဘယ်လိုလုပ်မလဲ။ ဒီနေ့မှ မာမီကလည်း မွေးနေ့ဆိုပြီး ဥပုသ်စောင့်ဖို့ နေခဲ့တယ်။ အရေးဟယ်အကြောင်းဟယ်ဆို ဖြစ်လိုက်ရင် အဲသည်လိုချည်းပဲ"

ဦးသံလွင်ကျော်ဇောက သူ့လက်ထဲမှ ကားသော့ကို လက်ညှိုးတွင် သော့ကွင်းချိတ်ကာ ဇေ့ယမ်းလိုက်မိသည်။ (ဘာကြောင့် အဲသည်လို လုပ်မိမှန်း သူ့ကိုယ်သူ မရှင်းပြတတ်။ မသိတ်စိတ်ကိုသာ အပြစ်ပုံချလိုက်၏)

"အဲဒါဆို ရှုတင်ကားနဲ့ပဲ လိုက်သွားမလားဟင် ယမင်း။ ဘော်ဘော် ဒါရိုက်တာကို သွားပြောလိုက်မယ်လေ"

သူ့ကိုယ်သူ 'ဘော်ဘော်'ဟု ပြောလေ့ရှိသော မိန်းမလျာ (နာမည်အရင်းက ဘယ်လိုမှ ကညာမဆန် 'စိန်ဘော်'တဲ့။ ခွေးနာမည် လိုလို ဘာလိုလို) ငရဲသားက ယမင်း၏ အဝတ်အစားသေတ္တာကို ပိတ်သိမ်းရင်း အကြံပေး၏။

ကြည့်စမ်း . . .အဲဒီ တောင်မရောက် မြောက်မရောက် ကျက်သရေတုံးကောင်ရဲ့ ခေါင်းက စကောလောက်မှ စောက်မနက်တဲ့ စိတ်ကူး ထွက်လာပုံများ။ တကယ်ဆို ငါ့ကားနဲ့လိုက်ဖို့ ယမင်းကို တိုက်တိုက်တွန်းတွန်း ပြောသင့်တာပေါ့။

ဦးသံလွင်ကျော်ဇော ကျိတ်ပြီး အကုသိုလ်များနေသည်။ သူ၏ 'ဖိတ်ခေါ်နေသော မျက်လုံးများ'ကို ယမင်းနှင့် အကြည့်ဆုံအောင်

www.burmeseclassic.com

ကြိုးစားရသည်မှာ ချွေးတွေပင် ပြန်စပြုပြီ။

"ယမင်း ဘယ်လို စီစဉ်ချင်လဲ။ ဘော်ဘော် အဝတ်အစားအိတ် သွားတင်လိုက်ရမလား ဟင်"

ယမင်းက တွေတွေငေးငေး စဉ်းစားနေဆဲ။ ဘေးမှ ပဲကြီးလှော် ဝါးသလို စကားတွေ တဖြဲဖြဲပြောနေသည့် မိတ်ကပ်ဘော်ဘော်ကို ကြည့်ပြီး ဦးသံလွင်ကျော်ဇော ကျိန်ဆဲနေမိသည်။

ဟင်း ...အခြောက်တွေထဲမှာတော့ ဒီအခြောက်ဟာ လူယုတ်မာ အခြောက်ပဲ။ အောင်မယ် . . .သူ့ကိုယ်သူ 'ဘော်ဘော်'တဲ့။ သဘော်ာ ဥသြသံလိုလို ဘာလိုလိုနဲ့ ရေထဲကနန်ချပစ်လိုက်ဖို့ပဲ ကောင်းတဲ့ကောင်။

ဦးသံလွင်ကျော်ဇော ဒေါသဖြင့် ဝဲဘက်လက်ဝါးပြင်ကို မာန်ပါပါ ညာလက်သီးဖြင့် ထိုးလိုက်မိသည်။ လက်ညှိုးတွင် ကွင်းလျှိုချိတ်ထား သော ကားသော့က ချွင်ခနဲ မြေပေါ်ပြုတ်ကျသွား၏။

"ချလွမ်"

အသံကြောင့် မိတ်ကပ်ဘော်ဘော်က လှည့်ကြည့်သည်။ သူ့ကို မြင်သွား၏။ ဘော်ဘော်က စိတ်ကူးတစ်ခု ဖျတ်ခနဲ ရသွားပုံမျိုးဖြင့်...

"ဟယ် . . .အတော်ပဲ၊ ဦးဇော်ကြီး ရှိတာကိုး။ ယမင်း ဦးဇော ကားနဲ့ပဲ လိုက်သွားရအောင်လေ . .. .ရတယ်မဟုတ်လား ဦးဇော"

"ဟာ ...ရတာပေါ့။ ရပါတယ်၊ ရပါတယ်၊ လာလေ ...ယမင်း"

သူ အရမ်းတက်ကြွသွားသည်။ ကားတံခါးကို ပြေးဖွင့်ပြီး လှည့်ကြည့်လိုက်သောအခါ 'နှုတ်ခမ်းနှင့် မျက်ဝန်းတို့၏ ဘုရင်မ'သည် သူ့ဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာနေ၏။

မိတ်ကပ်ဘော်ဘော်က အဝတ်အစားအိတ်ကို သယ်လျက် နောက်မှ လိုက်ပါလာသည်။ ဦးသံလွင်ကျော်ဇောက "ဩော် လက်စ သတ်တော့ ဒီအခြောက်က သူတော်ကောင်း အခြောက်ပါလား"ဟု တွေးနေမိ၏။

● ● ●

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

BURMESE CLASSIC .com

အခန်း (၁၂)

မိတ်ကပ်ဘော်ဘော်ကို ရန်ကင်းဈေးကွေ့သို့ ပို့ပေးပြီးနောက် ကားကို ယမင်းနေထိုင်ရာ ဘောက်ထော်ဘက်သို့ ဦးလှည့်မည်ပြုစဉ် ယမင်းက...

"ဦးဇော အချိန်ရလား"

"ရပါတယ်။ ဘာဖြစ်လို့လဲ ဟင်"

"သမီး ကော်ဖီသောက်ရင်း Snack တစ်ခုခု စားချင်လို့။ တစ်နေ့လုံး ကားရိုက်နေရတာ ပင်ပန်းပြီး ဗိုက်ကလည်း ဆာနေပြီ။ ရိုက်ကွင်းကို မာမီလိုက်ရင်တော့ ကော်ဖီတို့ မုန့်တို့ ထည့်ယူလာပေးနေကျလေ။ ဒီနေ့တော့ ဘာကိုမှ မတတ်နိုင်တော့ဘူး"

"သွားလေ . . .ယမင်း။ ဘယ်ကို ပို့ပေးရမလဲ။ Mr. Guitar လား"

သူမက "အင်း၊ ကောင်းသားပဲ"ဟု ဆိုကာ ခေါင်းညိတ်ပြ သည်။ သူ ကားကို ဆရာစံလမ်းဘက်သို့ ပြန်ကွေ့လိုက်သည်။

ယမင်းက ဆယ်လူလာဖုန်းကို နှိပ်ရင်း . . .

"မာမီလား . . .သမီးပါ"

"... ... ..."

"ဟုတ်တယ် . . .ကားက ပျက်သွားလို့။ အဲဒါ မာမီ စိတ်ပူနေမှာစိုးလို့ လှမ်းဆက်တာ"

www.burmeseclassic.com
BURMESE CLASSIC .com

"... ... ..."

"ဟင့်အင်း၊ ရှုတင်ကားနဲ့ မဟုတ်ဘူး။ ဦးဇော လိုက်ပို့ပေးတာ"

"... ... ..."

"ဦးဇောလေ ...မာမီမသိဘူးလား။ အင်း...အင်း...ဟုတ်တယ်။ သူပဲ"

"... ... ..."

"သမီး အခု ကော်ဖီဝင်သောက်မလို့။ ခဏနေရင် ပြန်ရောက်မှာ။ ဒါပဲနော် . . .မာမီ"

သူမက ဖုန်းကို ပိတ်ပြီး သူ့ကို လှမ်းကြည့်ကာ တစ်ချက်ပြုံးပြသည်။ **ဖုံးကြဲတိုက်ရိုက်ခံရသော မြို့တစ်မြို့လို သူ အလုံးစုံ ပြိုလဲကျသွား၏။ ဒါနဲ့တောင် သူက သူ့ကိုယ်သူ တစ်စုခု ရလိုက်သလို ဂုဏ်ယူဝံ့ကြွားစွာဖြင့် တစ်ကမ္ဘာလုံးကို ရင်ကော့ပြလိုက်ချင်သေးသည်။**

ဟို ရုပ်ရှင်ကားတစ်ကား၏ နာမည်ကို အတုခိုးပြီး ပြောလိုက်ချင်၏။

**"အချစ်သည် ဘာလာဒင်"**

●

ညနေစောင်းအချိန်ဖြစ်သောကြောင့် ဆိုင်ထဲတွင် လူရှင်းနေသေး၏။ မှုန်ရီဝေဝါးသော အလင်းထဲတွင် သူမ၏ မျက်နှာကို ကြည့်ရသည်မှာ ငယ်စဉ်ကလေးဘဝတုန်းက တိမ်တွေကို ငေးကြည့်ခဲ့ရသော ခံစားမှုကို ပြန်သတိရစေ၏။

"ဦးဇောကော ဘာမှ မစားဘူးလားဟင်"

"ကိုယ် စားချင်တာ တစ်ခုတော့ရှိတယ်။ ဒါပေမဲ့ ဒီဆိုင်မှာ မရဘူး"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


"ဦးဇော်က ဘာစားချင်လို့လဲ"

"ဆီထမင်းကြော်"

"ဟင် . . .ကြံကြံဖန်ဖန်"

နောက်နေတာလား၊ အတည်ပြောနေတာလားဟု ခွဲခြားရန် စူးစမ်းသလိုမျိုး သူမ၏ မျက်ခုံးကလေးတွေကို ကျုံ့ကာ စူးစိုက်ကြည့်၏။

"ဆီထမင်းကြော်ရတဲ့ ဆိုင်တစ်ဆိုင်တော့ ဒီနားမှာ ရှိတယ်"

"ဘယ်ဆိုင်လဲ . . .ဟင်"

"ဟိုဘက်လမ်းက 'သံလွင်'ဆိုတဲ့ မြန်မာထမင်းဆိုင်"

"သံလွင် . . .ဟုတ်လား"

အတိတ်ဆီကိုသွားသော အမြန်ရထားတစ်စင်း သူမ၏ မျက်ဝန်းထဲတွင် ခုတ်မောင်းသွားသည်ကို ရိပ်ခနဲ တွေ့လိုက်ရ၏။

"အိုး ...သမီး မှတ်မိပြီ။ တကယ်ပြောတာ။ တကယ် မှတ်မိပြီ"

ကစားစရာအသစ်ရလိုက်သည့် ကလေးငယ်တစ်ယောက်၏ ရွှင်မြူးပုံမျိုး ဆွေ့ဆွေ့ခုန်တော့မတတ် လက်သီးကလေးဆုပ်ကာ ဇော့ယမ်းလျက်ပြော၏။

"ဘာကို မှတ်မိတာလဲ"

"ဟွန်း . . .ဆုယမင်းကျော်ကို 'ဆီထမင်းကြော်'လို့ မှားခေါ်တဲ့ အဲဒီဆိုင်ရဲ့ ပိုင်ရှင်ဘဲကြီးကို မှတ်မိတာပေါ့"

ချစ်စရာကောင်းသော လက်ညှိုးကလေးကို သူ့ရင်ဘတ်တည့်တည့်ထိုးပြီး ဖြေသည်။ (အဲဒီလက်ညှိုးကလေးဟာ နဝရတ်ကိုးပါး စီခြယ်ထားတဲ့ ရာဇဝတ်မှုတစ်ခုပါ)

"ဟုတ်တယ် မဟုတ်လား"

"ဟင် . . .ဘာကို မေးတာလဲ"

"အဲဒီထမင်းဆိုင်ပိုင်ရှင်ဟာ ဦးဇော် မဟုတ်လားလို့ မေးနေတာ။ နေဦး နေဦး။ ဒီက ယမင်းရဲ့ မျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီးမှ ဖြေ"

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ။ သူ မျက်နှာကို ခပ်ငုံ့ငုံ့ လွှဲဖြစ်သည်။ ထို့နောက် . . .

"ဘာဖြစ်လို့ မျက်လုံးကို စိုက်ကြည့်ခိုင်းရတာလဲ"

"ညာမှာ စိုးလို့ပေါ့။ ညာတဲ့လူဟာ မျက်လုံးချင်းတည့်တည့် ဆိုင်မကြည့်ရဲဘူးတဲ့။ ဦးဇော က ညာတတ်လားဟင်"

သူ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။ ငါ ညာတတ်ခဲ့ရင်တောင်မှ မင်းသာ တရားသူကြီးလုပ်မယ်ဆိုရင် မင်းရဲ့ ရှေ့မှောက်မှာ အရာရာကို ဖြောင့်ဆိုဝန်ခံချက် ပေးမယ့်သူပါ။ ပထမဦးဆုံးပေးချင်တဲ့ ဖြောင့်ချက်ကတော့ 'ငါ ယမင်းကို ချစ်တယ်'ဆိုတာပါပဲ။

သူ ခေါင်းကို ပြန်မော့ပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ကိုယ် ညာလည်း မညာပါဘူး၊ ငြင်းလည်း မငြင်းပါဘူး၊ ရော့... ဒီမှာ ကိုယ့်လိပ်စာကတ်ပြား"

သူ့ဆိုင်လိပ်စာနှင့် ဖုန်းနံပါတ်ပါသော ကတ်ပြားကို ထုတ်ပေးလိုက်သည်။ သူမကတော့ ပေါ့ပေါ့ပါးပါးနှင့်ပင် လက်ကိုင်အိတ် ပိစိကွေးကလေးကို ဖွင့်ပြီး...

"ဒါက သမီးရဲ့ကတ်။ ရော့...ဦးဇော ယူထား"

ပန်းနုရောင်ကတ်ပြားကလေးက နှင်းဆီရနံ့ သင်းနေ၏။ သူမ၏ ဆယ်လူလာဖုန်းနံပါတ်ကို သူ စိတ်က အလွတ်ရအောင် ကြည့်နေမိ သည်။

'စကြဝဠာကြီးတစ်ခုလုံးကို ဂဏန်းများဖြင့် တည်ဆောက်ထား သည်'ဟုပြောခဲ့သော ပိုက်သာဂိုရပ်၏ အဆိုကို သူ ယုံချင်လာ၏။

● ● ●

www.burmeseclassic.com


အခန်း(၁၃)

ဆယ့်နှစ်ကြိုး ကဝေအတတ်နဲ့…
(ငါ့ရင်ထဲက) မီးခတ်တဲ့ စကားလုံးတွေကို သတ်ငြိမ်း
အိပ်မက်သိမ်းတမ်း ပြုစားတတ်တဲ့… ‘ရှာသူ’ရေ
ရင်ခုန်သံတွေကိုပဲ ‘ခေါ်စာပစ်’လိုက်တယ် . . .
သခင်မ . . .
ပျော်ပါ . . .၊ ပါးပါ . . .၊ စားပါ . . .၊ သောက်ပါ …
မရှိမသေ တမ်းတမိတဲ့
ဟောဒီက အမိုက်အမဲကိုလည်း အပြစ်က လွှတ်တော်မူပါ . . .။
မီးစတစ်ဖက် ရေမှုတ်တစ်ဖက်နဲ့
အကြည့်လက်လက်တွေကိုလည်း
ပေးသနားတော်မူပါ . . .။
‘တရားဝင် စစ်ကြောညာပြီး မတွယ်တာရရင်
ဘာကိုမှ မလုပ်ချင်ဘူး’ ဆိုတဲ့
ဟောဒီက ပျေင်း . . .အတွက်
လက်ကြောတင်းအောင် လွှမ်းခွင့် ပြုတော်မူပါ . . .။

(မင်းခိုက်စိုးစန်)

www.burmeseclassic.com

ဒုတိယမြောက်အခန်း (၁၃)

သူ့ ဆယ်လူလာတယ်လီဖုန်းမှ တီ . . .တီ . . .တီ ဟူသော မြည်သံ ကြားရ၏။ ဖုန်းကို ကြည့်လိုက်သောအခါ ယမင်း၏ ဖုန်းနံပါတ် ပေါ်နေ သည်ကို တွေ့လိုက်ရသောကြောင့် သူ ခေတ္တမျှ အသက်ရှူရပ်သွားသည်။

"ဟဲလို . . ."

"ဟဲလို . . .ဦးဇော်လား၊ ဘော်ဘော်ပါ"

မိတ်ကပ်ဘော်ဘော်၏ အက်တက်တက် လည်ချောင်းသံကို ကြားရမှ သူ အသက်မှန်မှန် ပြန်ရှူဖြစ်၏။

"ဦးဇော . . .၊ ဟိုလေ . . .ယမင်းအတွက် အကူအညီတစ်ခုလောက် တောင်းချင်လို့"

"ပြောလေ . . .ဘာကူညီရမလဲ။ အားနာရမယ့်လူတွေမှ မဟုတ်တာ"

"ယမင်းရဲ့ ကားလေ . . .သိတယ်မဟုတ်လား။ ဝပ်ရှော့ပို့ထားတာ။ အဲဒါ . . .ဂက်စကတ်ပြတ်ပြီး အင်ဂျင်ထဲ ရေရောက်သွားလို့"

"ဒါဆို ရင်း(ဂ)ပါ လဲရမယ် ထင်တယ်"

"ဟုတ်တယ် . . .အဲဒါ အော်ရီဂျင်နယ် ရှာနေတာ၊ ကြာဦးမယ်တဲ့။ ဒီတော့ မထူးတော့ဘူးလေ . . .တစ်စီးလုံး ပြန်ကိုင်ခိုင်းလိုက်တယ်။ အဲဒါ . . .ဝပ်ရှော့ထိုးပြီးမှ ဝပ်ရှော့ဆရာက ခရီးထွက်သွားလို့ ဆယ်ရက်

လောက် ကြာမယ်တဲ့...”

“ဟင် . . .ဒါဆို . . .ဒီရက်ပိုင်း ယမင်း ရှူတင်အသွားအပြန်ကျတော့ ဘယ်လိုလုပ်မလဲ”

“အဲဒါပြောတာပေါ့။ ရှူတင်မန်နေဂျာကို အကြိုအပို့ လုပ်ခိုင်းရင်တော့ ရတယ်လေ . . .။ ဒါပေမဲ့ ဦးဇောက္ကညီရင် ပိုကောင်းမလားလို့။ ရှူတင်မန်နေဂျာ စီစဉ်ပေးတဲ့ ကားနဲ့ဆိုရင် ကိုယ်ရေးကိုယ်တာ သွားစရာ လာစရာ သုံးတဲ့အခါ အားနာနေရဦးမယ်”

သိပ်ဟုတ်တာပေါ့ သူတော်ကောင်းကြီးရယ် . . .ဟု သူ တွေးရင်း ပျော်ရွှင်စွာဖြင့် လက်ဖျောက်တစ်ချက် တီးလိုက်၏။

“အိုကေ . . .ဘယ်အချိန်လာကြိုရမလဲ ပြောလေ . . .”

●

အဲသည်တစ်ခဏတွင် သူသည် ငှက်တစ်ကောင်ဖြစ်သွား၏။ ချစ်သူကို ကျောပေါ်တင်ဆောင်ကာ သမုဒ္ဒရာခုနစ်စင်းကို လှည့်လည် ပျံသန်းချင်ပါသည်။

သူမသာ နွေရာသီဖြစ်မည်ဆိုပါလျှင် နွေရာသီကို ကြိုသော ပျံလွှားငှက်သည် . . .ငါ ဖြစ်၏။

ဟော . . .ဟိုမှာ အချစ်က လက်ယပ်ခေါ်နေပြီ။ အကြိုထောက်ဖို့ သွားရပါဦးမည်။

(သနားသဖြင့် ခေါ်တော်မူခြင်းကို ခံရသော အကြိုတော် တစ်ယောက်သည် နတ်ဆိုးပေးသည့် ဝိုင်ကို သောက်ကာ ဧကရာဇ်တွေ အားလုံး သူ့ခြေထောက်အောက်မှာ ရှိသည်ဟု သွေးနားထင် ရောက်နေ သည်။ ကျေးဇူးပြု၍ သူ့ကို ခွင့်လွှတ်ပေးလိုက်ကြပါ။ အချစ်ဆိုသည်မှာ လူကို နည်းနည်းဖြစ်ဖြစ်တော့ ဘဝင်မြင့်စေတတ်သည် မဟုတ်လား)

● ● ●

www.burmeseclassic.com

အခန်း(၁၄)

ရပ်ရှင်ရိုက်ကွင်းတည်ထားသည့် ခြံဝင်းထဲသို့ ကားကို ထိုးဝင်ကာ ရပ်လိုက်၏။ သူ ကားပေါ်မှ သွက်လက်စွာဆင်းပြီး နောက်ခန်းတံခါးကို ဖွင့်ပေးရင်း ပြောလိုက်သည်။

"ရောက်ပြီ ယမင်း၊ ဆင်းလေ . . ."

ပန်းနုရောင်ဖိနပ်ပါးပါးကလေးဖြင့် ရစ်ပတ်ထွေးပွေ့ထားသော ခြေဖမိုးဖေါင်းဖေါင်းကလေးတစ်စုံ...။

ကြည့်စမ်း . . .ခြေသည်းကလေးတွေ ဖြူစင်သန့်ရှင်းနေလိုက်ပုံများ . . .။ (သူ့ဘဝတစ်ခုလုံးကို သူမ၏ ခြေသည်းခွံကလေးနှင့် လဲလှယ်ယူလိုက်ချင်သည်။ အိပ်မက်တွေအားလုံး ဖြူစင်ပါရစေကွယ် . . .)

ဘုရင်မဆန်သော ခြေလှမ်းများဖြင့် သူမ ကားပေါ်မှ ဆင်းသည်။ သူ ရိုကျိုးစွာဖြင့် ကားတံခါးကို ပြန်ပိတ်လိုက်၏။

ရပ်ရှင်အဖွဲ့သားတွေအားလုံးက သူ့နောက်ကျောကို စိုက်ကြည့်နေကြမည်မှန်း အလိုအလျောက် အာရုံသိဖြင့် သိနေသည်။

(သူ့ ဘီအမ်ဒဗလျူ ကားပေါ်ကနေ ယမင်း ဆင်းလာသည်ကို ဒီလူတွေ မြင်လျှင် ဘာပြောမလဲ၊ . . .ဟူသော အတွေးဖြင့် မနေ့ညက တစ်ညလုံး မအိပ်စက်ဖြစ်ဘဲ မိုးလင်းခဲ့ရပြီး ဖြစ်၏)

ပြောစမ်း . . .မင်းတို့ ကြိုက်သလို ဘာသာပြန်ကြစမ်းကွာ . . .။ ငါကတော့ သူမရဲ့ ခြေသည်းခွံကလေးတွေအကြောင်းကိုပဲ တခမ်းတနား

စဉ်းစားနေပစ်လိုက်မယ်။

●

အဲသည်တစ်နေ့လုံး ရှူတင်မှာ ဦးသံလွင်ကျော်ဇော လမ်းလျှောက်ပုံက ဖနောင့်သံစူးခံထားရသူလို မြောက်ကြွမြောက်ကြွနှင့် ခြေဖျားတထောက်ထောက် ဖြစ်နေ၏။

ဒါရိုက်တာကလည်း အနီးအနားမှ ဖြတ်သွားရင်း သူ့ကို မျက်ခုံးပင့်၍ ကြည့်သွားသည်။ ကင်မရာမင်းတွေကလည်း ကင်မရာဘောင်း (ဘာသကညီ)နှင့် မလွတ်သောကြောင့် သူ့ကို လေးငါးခါအော်ပြီး သတိပေးယူရ၏။ မီးအဖွဲ့သားများကလည်း ဟိုလျှောက်လိုက်၊ ဒီလျှောက်လိုက်လုပ်နေသော သူ့ကို မျက်စိနောက်နေကြလေပြီ။

ဦးသံလွင်ကျော်ဇောဖြတ်သွားစဉ် အနီးရှိ မှန်ထိုးသမားလေးတစ်ယောက်က မိုက်ကရိုဖုန်းကိုင်သည့် ချာတိတ်ကို အသံကျယ်ကျယ် ဖြင့် လှမ်းအော်ပြော၏။

“အဲဒီ ငတိကြီးက ဒီနေ့ အောက်ခြေလွတ်နေတာ . . .ကွ”

“ဟင် . . .ဘယ်သူ့ကို ပြောတာလဲ”

မိုက်ကရိုဖုန်းကိုင်သည့် ချာတိတ်က ပြန်မေးသည်။

ဦးသံလွင်ကျော်ဇော လှမ်းလက်စခြေလှမ်း တန့်သွားသည်။ သူတို့ ဘာဆက်ပြောကြမလဲ ဆိုသည်ကို ဖြောင်ရပ်ပြီး နားထောင်မှ ဖြစ်တော့မည်။

မှန်ထိုးသမားလေးက ဦးသံလွင်ကျော်ဇောကို သိသိသာသာ မျက်လုံးဝေ့ကြည့်လိုက်ပြီးမှ အနည်းငယ်ရယ်လျက် ခြံပြင်မှ ဖြတ်သွားသော ဆိုက်ကားစီး ခရီးသည်ဆီ မေးငေါ့ကာ . . .

“ဟောဟိုမှာ ဆိုက်ကားစီးသွားတဲ့လူကို ပြောတာပေါ့ကွ။ မင်း မတွေ့ဘူးလား။ ခြေထောက်ကို တန်းပေါ်မှာတင်ပြီး ထိုင်လိုက်သွားတော့ ခြေထောက်က မြေကြီးနဲ့ မထိဘူးလွတ်နေတယ်လေ။ အဲဒါပြောတာ ...ဟဲ...ဟဲ”

www.burmeseclassic.com

အနီးအနားမှလူများ ပြုံးစေ့စေ့ လုပ်ကြသည်။ ဦးသံလွင်ကျော်ဇောကတော့ သူတို့နှင့်ဝေးရာဆီ အမြန်ဆုံး သုတ်ခြေတင်ရတော့၏။

သိသိကြီးနှင့် ခံလိုက်ရသည်။ ဘာမှ မတတ်နိုင်။

●

နောက်...ကရိန်းအဖွဲ့နားသွားကာ ယောင်ပေ ယောင်ပေ လုပ်သည်။ ဟိုဟာ ဝိုင်းကိုင်တော့မလိုလို၊ ဒီဟာ ဝိုင်းမပေးတော့မလိုလိုနှင့် ကြာလာတော့ ကရိန်းအဖွဲ့ကလူတွေပါ သူ့ကို သိပ်ကြည့်မရတော့။

ကရိန်းဆိုသောအရာက ကလေးတွေကစားသည့် ဆီးဆောလိုမျိုး။ တစ်ဖက်ကို နှိမ့်လျှင် ကျန်တစ်ဖက်စွန်းက မြင့်တက်သွားသော မောင်းတက်ကြီးဖြစ်သည်။

ကင်မရာမင်းက တစ်ဖက်စွန်းတွင် ထိုင်ရ၏။ ထို့နောက် ကင်မရာအပေါ်စီးမှ ရိုက်လိုသောအခါ ကျန်တစ်ဖက်စွန်းတွင် လူတစ်ယောက်က ဝင်ထိုင်ပြီး အခြားလူများကပါ ဝိုင်းဆွဲမှ ဒီဘက်အစွန်းက မြေကြီးဆီ နှိမ့်ဆင်းလာပြီး ကင်မရာရှိသည့်ဘက်က အပေါ်မြောက်တက်သွားမည်ဖြစ်၏။

ကင်မရာမင်းက မြေကြီးပေါ် ပြန်ဆင်းလိုသောအခါတွင်ကား ဒီဘက်အစွန်းကို ဝိုင်းဆွဲထားကြသူများက လွှတ်ပေးလိုက်ရုံပင်။ ဒီဘက်အစွန်းက မြောက်တက်သွားမည်။ ကင်မရာမင်းက လူကိုယ်ခန္ဓာအလေးချိန်ဖြင့် မြေကြီးပေါ် ပြန်နှိမ့်ဆင်းလာမည်။

"မိုးကြီး...မင်းက ကရိန်းနဲ့ High Angle ယူထား။ မင်းသားဒေါသနဲ့ ပြေးထွက်သွားတဲ့အချိန်မှာ ကရိန်ဆင်းမယ်။ ရှင်းလား"

ဒါရိုက်တာအောင်ကြီးက ကင်မရာမင်းကို ကရိန်းပေါ် တက်ခိုင်း၏။ ဦးသံလွင်ကျော်ဇောလည်း ယောတောယောင်တောင်ဖြင့် ကရိန်း ကြိုးကို ဝင်ဆွဲသည်။

အလုပ်သမားတစ်ယောက်က ဦးသံလွင်ကျော်ဇော၏ ပုဆိုးအောက်နားစကို ကရိန်းသံဘားမှာ ချည်ပေးထားလိုက်၏။

●

ညနေ ရှူတင်မှအပြန် ကားပေါ်တွင် ယမင်းက...

"ဦးဇော...ဒီနေ့ည Pioneer မှာ ပွဲရှိတယ်။ အဲဒါ သမီးကို ဖိတ်ထားလို့။ ဦးဇော လိုက်ပို့ပေးပါလား..."

"ပို့ပေးမှာပေါ့...ယမင်းရဲ့။ ဘယ်အချိန်လောက် သွားချင်တာလဲ"

ပြောသာ ပြောလိုက်ရသည်၊ Pioneer ကို သူ တစ်ခါမျှ မရောက်ဘူးချေ။ အဲသည်လိုနေရာသည် လူငယ်တွေ ပျော်မွေ့ရန်သာ ဖြစ်ပြီး သူ့လို အသက်အရွယ် ငနဲကြီးတစ်ယောက်အတွက်တော့ လမ်း ကြုံဘို့ အတော်ဝေးသော ခရီးဖြစ်၏။

ဘာပဲဖြစ်ဖြစ်လေ...ယမင်းနဲ့ဆိုရင်တော့ အတူသွားကြည့်စမ်း ချင်တယ်...ဟု သူ တွေးသည်။

ယမင်းက...

"ခုနစ်နာရီခွဲလောက် လာခေါ်ပါလား ဦးဇော"

"အင်း...စောင့်နေနော်"

●

'စောင့်နေမည်'ဟု အဓိပ္ပါယ်ရသော အကြည့်ဖြင့် သူမက ကြည့်လိုက်သောအခါ ဦးသံလွင်ကျော်ဇော ကိုယ့်အသား ကိုယ်ကုန်းကိုက် ရတော့မလိုလို...ရွစိ ရွစိ ခံစားလိုက်ရ၏။

● ● ●

www.burmeseclassic.com

အခန်း(၁၅)

"အချစ်ဆိုတာ ပေါင်မုန့်ဖုတ်သလိုပဲ။ တဖြည်းဖြည်းချင်း အချိန်ယူပြီး လုပ်ရတယ်"ဟု ပြောခဲ့သော အာဆူလာလီဂူအင် (Ursula Le Guin)၏ စကားကို ဦးသံလွင်ကျော်ဇော ပြန်သတိရနေမိသည်။

သူ့လက်က နာရီကို ငုံ့ကြည့်လိုက်တော့ ရှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်။ နောက်...ဆယ်မိနစ်လောက်ဆိုရင် Pioneer Club ကို ရောက်ပြီ။ ဘုရားရေ...ငါ ကားမောင်းတာ သိပ်မြန်နေသလား...။

ဘေးမှ ဆုယမင်းကျော်ကတော့ Discman ထဲမှ သံချင်းသံကို နားကြပ်ဖြင့် နားထောင်ရင်း အပြင်သို့ ငေးနေ၏။

အခုနေ...သူမကို 'ချစ်တယ်'ဆိုတဲ့စကား ဖွင့်ပြောဖို့ အချိန်တန်ပြီလား...ဟု ဦးသံလွင်ကျော်ဇော ကိုယ့်ကိုကိုယ် ပြန်မေးနေမိသည်။ သေချာသည်ကတော့ သူမနှင့် နှစ်ယောက်ချင်း တွေ့ခွင့်ရသော ရှားရှားပါးပါး အခိုက်အတန့်ကလေးက လျင်မြန်စွာ ကုန်ဆုံးနေခြင်းပင် ဖြစ်၏။

●

'အခုနေ...ဖွင့်ပြောပြီး သူမဆီက အချစ်ကို ရအောင် ယူနိုင်မယ်ဆိုရင်တော့ ငါဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံး ပေါင်မုန့်ဖုတ်သမား ဖြစ်သွားမှာပဲ'...ဟု သူ တွေးနေမိလေသည်။

။

www.burmeseclassic.com


အလံပြဘုရားလမ်းပေါ် ရောက်လာချိန်တွင် သူမက သီချင်းနားထောင်နေရာမှ နားကြပ်ကို ဖြုတ်လိုက်ပြီး...

"ဦးဇော Pioneer ကို မကြာခဏ ရောက်ဖြစ်လား"

"ဟင့်အင်း...၊ ကိုယ် ဘယ် Club ကိုမှ သွားလေ့မရှိဘူး။ Club တွေ ဖွင့်ကာစတုန်းက ခဏခဏ ရန်ဖြစ်တဲ့ သတင်းတွေချည်းပဲ ကြားနေရတာ"

"ဟိုတုန်းကပါ...အခု ရန်ဖြစ်တယ်ဆိုတာ မရှိသလောက် ရှားသွားပါပြီ။ ဘာဖြစ်လို့လဲ...ဦးဇောက ကြောက်လို့လား"

"ဟာ...ယမင်းကလည်း ဘာလို့ ကြောက်ရမှာလဲ။ ကိုယ် ငယ်ငယ်တုန်းကဆို ကိုယ့်ကို ဘယ်သူ့မှ စော်ကားလို့ မရဘူး။ သုံးယောက်နဲ့ တစ်ယောက်ဆိုလည်း ချတာပဲ။ လေးယောက်နဲ့ တစ်ယောက်ဆိုလည်း ချတာပဲ။ ငါးယောက်နဲ့ တစ်ယောက်ဆိုလည်း ချတာပဲ"

"ဟင် တကယ်..."

"တကယ်ပြောတာပေါ့ ယမင်းရဲ့...။ ကိုယ်က သုံးယောက်တို့၊ လေးယောက်တို့၊ ငါးယောက်တို့ဘက်ကနေ ချတာပေါ့"

သူမ၏ လိမ္မော်ရောင် ရယ်သံကလေးက သူ့သွေးကြောမျှင်များအားလုံးကို နွေးထွေးသွားစေသည်။

Pioneer ရှေ့တွင် ကားကို ရပ်မိချိန်အထိ သူပိုင်ဆိုင်သော ညသည် လိမ္မော်ရောင် တောက်ပစိုစွတ်နေဆဲ...။

ဆုယမင်းကျော်က ရှေ့မှ ဦးဆောင်ပြီး သွက်လက်စွာ ဝင်သွား၏။ သူကတော့ ကားတံခါးကို ပိတ်ရင်း နှောင့်နှေးစွာ ကျန်ခဲ့သည်။ တစ်ခါမှ မရောက်ဘူးသောကြောင့် သူမ၏ အရိပ်အခြည်ကိုသာ ကြည့် ကာ အရှက်မကွဲအောင် မှေးလိုက်ရတော့မည်ဟု စိတ်ကူးလိုက်၏။

လှေခါးထိပ်တွင် စောင့်နေသူနှစ်ဦးက ယမင်းကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြုံးပြသည်။ သူမက ဓားကို တစ်ချက်ဖေ့ယမ်းပြီး ဓားအိမ်ထဲ ပြန်ထည့်လိုက်သလိုမျိုး လှစ်ခနဲအပြုံးဖြင့် ခေါင်းညိတ်အသိအမှတ်ပြုကာ

 www.burmeseclassic.com

ခပ်သွက်သွက် ဝင်သွား၏။

သူ ခြေလှမ်းတွေကို အရှိန်မြှင့်လိုက်သည်။ သို့သော်…လှေခါးထိပ်သို့ ရောက်သည့်အချိန်မှာပင်…

“အန်ကယ်…ခဏလောက်”

သူ့ခြေလှမ်းတွေ ရပ်တန့်သွား၏။ ညှော်ကြိုချာတိတ်က ရိုရိုသေသေဖြင့်…

“ဆောရီးနော် အန်ကယ်။ ဒီနေ့ သည်းခံပါခင်ဗျာ။ မနက်ဖြန်ကျမှ လာပါနော်…”

“ဘာလဲကွ။ ငါ ဘာဖြစ်လို့ ဝင်လို့ မရ ရမှာလဲ။ ပိုက်ဆံပေးရင် လူတိုင်းဝင်လို့ ရရမှာပေါ့”

ညှော်ကြိုချာတိတ်က သူ့ကို အားတုံ့အားနာဖြင့် ကြည့်ရင်း…

“ဟို…ဒီနေ့က **Minnesota** အရောင်းမြှင့်တင်ရေး စပွန်ဆာလုပ်တဲ့ ပွဲမို့လို့ပါ။ အသက်(၃၀)အောက် လူငယ်တွေအတွက် သီးသန့်ပါခင်ဗျာ”

‘အသက်(၃၀)အောက် လူငယ်တွေအတွက်’…တဲ့။ သူ အူကြောင်ကြောင်ဖြစ်သွားပြီး ခေါင်းကို ကုတ်မိသည်။ (သူ့စိတ်တွင်တော့ ထိုညှော်ကြိုငတိလေးက သူ၏ စပို့ရှပ်အောက်မှ စူထွက်နေသော ဝမ်းဗိုက်ကို ကြည့်ရင်း ပြုံးစိစိနှင့် ပြောနေသည်ဟု ထင်ဖြစ်၏)

သူ ဝင်သက်ကို မသိမသာ ခိုးရှူရင်း ဝမ်းဗိုက်ကို ရှပ်ထားလိုက်မိသေးသည်။ တော်တော်ကြီးကို အူကြောင်ကြောင်နိုင်သည့် ကိစ္စဖြစ်မှန်း သူ့ဘာသာ သူလည်း သိနေ၏။

●

ကားကို တရကြမ်း မောင်းထွက်လာခဲ့သည်။ စိတ်ထဲတွင် ထူပူနေ၏။ မီးရောင်တွေ လင်းလက်နေသော ဆူးလေလမ်းမပေါ်တွင် သူ့

ဘီအမ်ဒဗလျူကားတစ်စီးတည်း ယိမ်းထိုး မူးယစ်နေသည်။

'ငါ...ဘာလုပ်ရမလဲ'ဟူသည့် မေးခွန်းတစ်ခုတည်းကိုသာ သူ့ဘာသာ ရှုးသွပ်စွာ အကြိမ်ကြိမ် ပြန်မေးနေမိလေသည်။

... ... ... ကျေးဇူးပြုပြီး ငါ့ကို မလှောင်ပြောင်ပါနဲ့ကွယ်။ အသက်(၃၀)ကျော်သွားတာဟာ ရယ်စရာကိစ္စ 'သေးသေးလေး'တစ်ခု မဟုတ်ပါဘူး...။

သူ့ကိုယ်သူ ထပ်မေးလိုက်သည်။

"ငါ ဘာလုပ်ရမလဲ"

... ... ...

သိပ်မစဉ်းစားလိုက်ရဘဲ သူ အဖြေတစ်ခုရသွား၏။

●

နောက် မိနစ် ၂၀အကြာတွင် **Pioneer** ရှေ့သို့ ဦးသံလွင်ကျော်ဇော၏ ဘီအမ်ဒဗလျူကားကြီး ပြန်ရောက်လာပြန်သည်။

အဝင်ဝမှ ညေ့်ကြိုနှစ်ယောက်က 'ဒါ...စောစောကမှ ထွက်သွားတဲ့ ကားမဟုတ်လား'ဟု မှတ်မိသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်စဉ်မှာပင် ကားပေါ်မှ ဆင်းလာသော ဦးသံလွင်ကျော်ဇော၏ ပုံစံကို ကြည့်ပြီး မျက်လုံးပြူးသွားကြ၏။

စောစောက ဦးသံလွင်ကျော်ဇော မဟုတ်တော့...။

ပုံစံက လုံးဝပြောင်းလဲသွားပြီ ဖြစ်သည်။ ဦးသံလွင်ကျော်ဇော၏ ခေါင်းမှ ဆံပင်တွေက **Spike** ပုံစံ ထိုးထိုးထောင်ထောင်နှင့် အချွန်အတက်တွေ ထွက်နေသည်။ အမှတ်တမဲ့ လှမ်းကြည့်လိုက်လျှင် ဒူရင်းသီးအခွံကို ခေါင်းမှာ စွပ်လာသလိုလို...။

လည်ပင်းမှာလည်း လက်သန်းလုံးခန့်တုတ်သော ရက်အင်ဒီးယန်းစတိုင် သစ်သားလုံးဆွဲကြိုးရှည်ကြီး တိုးလိုးတန်းလန်း...။ သို့သော်

www.burmeseclassic.com

ကံက ဆိုးချင်တော့ သစ်သားလုံးများပေါ် ရောင်စုံချယ်ထားသည့် ဆေးတို့က အရောင်ပျက်နေပြီဖြစ်ရာ...ရက်အင်ဒီယန်းဆွဲကြိုးနှင့် မတူဘဲ ပုတီးရှည်ကြီးတစ်ကုံး လည်ပင်းမှာ စွပ်လာသည်နှင့်သာ တူနေ၏။ အကြောင်းမသိလျှင် ဘိုးတော်ရူးလိုလို...ဘာလိုလို။

မိုက်ရွဲနေသည်ကို ဖုံးအုပ်ရန် စွပ်လာသော တီရှပ် ဖိုးယိုးဖားယားကြီးကလည်း အနီရဲရဲပေါ်တွင် စတက်ကာ ပြောင်ပြောင်လက်လက်တွေနှင့်...။ လက်မှာလည်း သံမှိုတွေ ဗရပွရိုက်ထားသည့် သားရေပြားအနက်ကြီးကို ပတ်လာသေးသည်။

ခါးပတ်ကလည်း နည်းနည်းနှောနှောမဟုတ်။ ဇျက်က ခြောက်လက်မခန့်ရှိသော အပြားအကြီးကြီး ဖြစ်၏။ အရောင်လွင့်နေသော ဂျင်းဘောင်းဘီကိုလည်း ဒူးဆစ်နှင့် ပေါင်လည်နေရာများတွင် အစအနတွေ ဖွာထွက်အောင် ဆုတ်ဖြဲထားလိုက်သေး၏။

တစ်ခုပဲ ပြောစရာရှိသည်။ ဂျင်းဘောင်းဘီက သူနှင့် တော်တော်ကျပ်နေသောကြောင့် (အတင်းကြိတ်မှိတ် ထိုးသိပ်ထည့်ပြီး ဝတ်လာရခြင်းဖြစ်ရာ) ဘောင်းဘီအပေါ်ဆုံးကြယ်သီးကို တပ်မရဘဲ ဖြုတ်ထားရ၏။ ဒုတိယကြယ်သီးကလည်း ပြုတ်ထွက်ရန် တဲတဲကလေးသာ လိုတော့သည်။

မည်သို့ပင် ဖြစ်စေကာမူ ဦးသံလွင်ကျော်ဇော၏ ဒီဇိုင်းက 'အပြတ်မိုက်'သည်။ 'ရေရေလည်လည် မိုက်'သည်။ လုံး၀...'လုံး၀ မိုက်'သည်။ (နောင်အခါတွင် နီးစပ်ရာမိတ်ဆွေများက ထိုအကြောင်းကို ပြန်သိရ၊ ကြားရသောအခါ 'ခွေးထက်တောင် မိုက်သေးသည်'ဟု ပြောစမှတ်ပြုကြလေသည်)

ဦးသံလွင်ကျော်ဇော မျက်နှာကို တင်းကာ ဘယ်သူ့ကိုမှ မကြည့်ဘဲ စွတ်ဝင်ချသွားသည်။ ပထမအခေါက်တုန်းကလို မဝံ့မရဲဖြင့် ဟိုလူကြည့်၊ ဒီလူကြည့် လုပ်မနေတော့။ တော်ကြာ...မျက်လုံးချင်း ဆုံမိနေ လျှင် အပေါက်ဝမှ ငတိလေးများက 'အန်ကယ်...ဆောရီးပဲ။ ဒီနေ့

www.burmeseclassic.com


အသက်(၃၀)အောက် စပွန်ဆာမို့လို့ပါ'...ဘာ ညာတွေ ပြောနေဦးမည်။

ဒင်းတို့ကို မသိချင်ယောင်ဆောင်ပြီး အတင်းဝင်သွားတာပဲ ကောင်းမည်။

... ... ..

အဝမှ ညှော်ကြိုချာတိတ်နှစ်ယောက်က ဦးသံလွင်ကျော်ဇောကို တစ်ချက်ခိုးကြည့်ပြီး စိတ်မသက်သာစွာဖြင့် သက်ပြင်းချကြသည်။ တစ်ယောက်က တီးတိုးလေသံဖြင့်...

"ရောဂါ တော်တော်ကြီးပုံ ရတယ်ကွ"

"မနိုင်တော့ဘူး။ လွှတ်ပေးထားလိုက်ပါကွာ"

သူတို့ အားနာပါးနာဖြင့် မသိချင်ယောင် ဆောင်ပေးနေလိုက်ကြ၏။

●

အထဲရောက်သွားသည့် ဦးသံလွင်ကျော်ဇောကတော့ သူ့ကိုယ်သူ အတော်ပီတိဖြစ်နေ၏။

'ကဲ...ခုလို ဒီဇိုင်းလုပ်ချလာတော့ ငါ့ကို အသက်လေးဆယ် ရှိပြီလို့ ဘယ်သူ ပြောနိုင်မှာလဲ။ ဟင်း ...တွေ့တယ် မဟုတ်လား။ ချာတိတ်တွေတောင် ငါ့ကို ရေရေလည်လည် ဖြုံသွားတယ်'

သို့သော် ...သူ့ပီတိက ကြာကြာမခံ။ မှောင်မိုက်နေသောကြောင့် လှေခါးထစ် တစ်ထစ်နှင့်တစ်ထစ်ကြား ချော်မကျအောင် သတိထား စမ်းနေရသည်နှင့်ပင် တော်တော်ချွေးပြန်သွား၏။

Dancing Floor ရှိရာသို့ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဆူညံသော ဂီတသံကြောင့် သူ သရဲအခြောက်ခံရသလို ခံစားလိုက်ရ သည်။ သူ့အာရုံနှင့် စိမ်းနေသော တူရိယာသံမှာ ဘတ်စကားဘော်ဒီ အိမ်ဟောင်းကို သွပ်ရေပုံးအစုတ်ဖြင့် ကောက်ပေါက်လိုက်သလို 'ဂွမ်း'ခနဲ

www.burmeseclassic.com

မြည်သံဖြင့် စတင်ဖွင့်လှစ်သည်။ ထို့နောက်...ချစ်တီးဘုရားခေါင်းလောင်းထိုးသံ၊ ကြောင်ကို ဆိုက်ကားတက်ကြိတ်မိ၍ အော်သံ၊ ကတ္တရာလမ်းပေါ် သံဘီးတပ်လှည်း တရကြမ်းမောင်းနှင်သံ၊ ကားဘော်ဒီထုသံ၊ ထမင်းဆိုင်တွင် ဒန်အိုးများကို ကြွက်တိုးသည့်အသံ...စသည်ဖြင့် စုပြုံရောနှောကာ သူ့ နားနှစ်ဖက်စလုံးကို ဒိန်ချဥ်ဖျော်သည့် ဒလက်ဖြင့် မွှေသလို ဆူညံသွားစေတော့သည်။

မှောင်ထဲတွင် တိုးရင်း ဝှေ့ရင်း လူငယ်တွေကြားမှာ 'ယမင်း'ကို တွေ့ရနိုးနိုးနှင့် သူ မျှော်လင့်တကြီး ရှာမိသည်။ ပြန်ထွက်လာသည်။ မှန်တံခါး၏အပြင်ဘက် ဝရံတာတွင် ရပ်ပြီး စကားပြောနေကြသည့် လူငယ်တွေထဲမှာများ ရှိမလား ...။

သူ့စိတ်ကူး (ရှားရှားပါးပါး) မှန်သွား၏။ မှောင်ထဲက ထွက်လာကာစမို့ မျက်စေ့ ကျင့်သားမရသေးခင်မှာပင် ယမင်းကို သူ မှတ်မိလိုက်သည်။ သို့သော် ယမင်းတစ်ယောက်တည်းတော့ မဟုတ်။ လူငယ်တစ်ယောက်နှင့်...။

ယမင်းက (သူမနှင့် ရွယ်တူလောက်ရှိမည်ဖြစ်သော) အသားဖြူဖြူ၊ နှုတ်ခမ်းမွှေး၊ မုတ်ဆိတ်မွှေး ရေးရေးနှင့် လူငယ်ကို...

"တကယ်ပြောတာပါ ဖွဲ့မွန်ရယ်...အဲဒီနေ့က ပြက္ခဒိန်သွားရိုက်ပေးနေရလို့ ...။ နို့မိုဆို ယမင်းလည်း Shopping လိုက်ဖြစ်တာပေါ့"

"ယမင်းကလည်းကွာ...ကိုယ့်အတွက် တစ်ရက်လောက်တောင် မှ ပေးစရာအချိန် မကျန်တော့ဘူးလား"

"ကြည့်...ဖွဲ့မွန်ကလည်းကွာ...စိတ်ဆိုးတဲ့ လေသံကြီးနဲ့ ပြောနေပြန်ပြီ...။ ယမင်းက မလိုက်ချင်လို့ ငြင်းတာမှ မဟုတ်တာ။ အလုပ်ရှိလို့ ပျက်သွားတဲ့ ဟာကို...။ ဟင်း...ဟင်း...စိတ်မဆိုးနဲ့နော်...နော် ...ဖွဲ့မွန်"

အခန်းထဲမှာတုန်းက ဆူညံသောသီချင်းသံကြောင့် ဦးသံလွင် ကျော်ဇော ယခုထက်ထိ နားတွေ အူနေဆဲ...။ သူတို့ ပြောနေသည့်

www.burmeseclassic.com


စကားများထဲမှ 'ဓွဲမွန်'ဟူသော နာမည်တစ်လုံးမှ လွဲ၍ ကျန်တာ သိပ် သဲသဲကွဲကွဲ မကြားရ။

ဦးသံလွင်ကျော်ဇောက သူ့ရှေ့မှ လူတစ်ယောက်ကို အတင်း တွန်းဖယ်ပြီး ယမင်း၏နောက်ဘက်သို့ ရောက်အောင် တိုးသွားလိုက်သည်။ သူ့မျက်လုံးတွေကလည်း ယမင်းနှင့် ရပ်စကားပြောနေသော လူငယ်ကို ဝန်တို မစ္ဆရိယစိတ် ကြီးမားပြင်းထန်စွာဖြင့် စူးစူးကြည့်နေမိသေး၏။ သူ့စိတ်ထဲတွင် ယမင်းက သူ့ကို လှည့်လည်း လှည့်ကြည့်စေချင်သည်။ ကြည့်လည်း မကြည့်စေချင်။ ဘာဖြစ်မှန်း မသိ။

ယမင်းက…

"အဲဒီနေ့က ဘာတွေဝယ်ဖြစ်သေးလဲဟင်…ဓွဲမွန်"

"ဘောင်းဘီ တစ်ထည် နှစ်ထည်လောက်ပါပဲ။ ယမင်းမှ မပါ တာ…ကိုယ်လည်း သိပ်စုံစုံစေ့စေ့ လျှောက်ကြည့်ချင်စိတ် မရှိတော့ဘူး ပေါ့။ ဩော်…'ကန်းထရီးဒေါက်' ဖိနပ်တစ်ရံ ဝယ်ဖြစ်တယ်။ ဒီမှာလေ… အခုစီးလာတာ"

ယမင်းနှင့် ထိုလူငယ်က အခန်းထဲသို့ ပြန်ဝင်ရန် မှန်တံခါးချပ် ဆီ သွားနေကြသည်။ ယမင်းက ဦးသံလွင်ကျော်ဇောကို မမြင်။ သူမ၏ အာရုံက ဓွဲမွန်စီးထားသော ဖိနပ်ဆီသို့သာ စူးစိုက်နေ၏။

"ဟယ်…ဒါလား။ မိုက်တယ်နော်။ အရမ်းကြိုက်တယ်ကွာ"

ဦးသံလွင်ကျော်ဇော မျက်မှောင်ကုတ်မိသည်။ 'ကန်းထရီးဒေါက်' တဲ့။ ယမင်းက ကြိုက်လှချည်ရဲ့ဟု ဆွေ့ဆွေ့ခုန်မတတ် ပြောနေသော ထိုဖိနပ်ကို အသာခေါင်းငဲ့၍ ကြည့်မိသည်။ ဘာတွေများ ထူးနေလို့လဲ။

ဘာမှ မထူးပါ။ ဖိနပ်ထိပ်ဦးချွန် လည်ရှည်နှင့် အမေရိကန် နွားကျောင်းသား ကောင်းဘွိုင်များ စီးလေ့ရှိသော ဖိနပ်မျိုးသာ ဖြစ်သည်။

ဒါကိုမှ မင်းက ကြိုက်သတဲ့လား။

ငါ့ရဲ့ ဘုရင်မလေးရယ်…။

အိုကေ…။

www.burmeseclassic.com

ယမင်းနှင့် ဖွဲ့မွန်တို့က မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်သွားကြသည်။

ဦးသံလွင်ကျော်ဇောကတော့ သူတို့နောက် ချက်ချင်းလိုက်မသွားသေးဘဲ သူ မြင်လိုက်ရသော ဖိနပ်၏ပုံကို စိတ်မှတ်စုထဲတွင် အသေအချာပုံဆွဲ၍ မှတ်နေ၏။

သေချာပြီ...ဒီပုံစံပါပဲ။

မေ့သွားစရာအကြောင်း မရှိတော့။ ပုံစံလွဲမှားသွားစရာအကြောင်း မရှိတော့။ သူ အားရကျေနပ်စွာဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ထို့နောက် သူ့ကိုယ်သူ အားပေးရင်း အခန်းထဲသို့ လိုက်ဝင်သွားသောအခါ Dancing Floor မီးရောင်အောက်တွင် အခြားလူငယ်လူရွယ်များနှင့်အတူ ပျော်ရွှင်စွာ ကခုန်နေသော ယမင်းကို တွေ့လိုက်ရသည်။

ယမင်းကနေသည်ကို ကြည့်ရင်း သူပါ ပျော်ရွှင်လာသည်။ သီချင်းသံကလည်း သွေးခုန်သံအသစ်လို မြူးကြွနေ၏။ သူလည်း က,ချင်သလိုလို ဖြစ်လာသည်။ သီချင်းသံကို နားထောင်ရင်း စည်းချက်အတိုင်း သူ့ပခုံး၊ ခါး၊ ခြေထောက်များကို ဆတ်ခနဲ ဆတ်ခနဲ လှုပ်ခါယိမ်းမိညွတ်မိသည်။ အနည်းငယ် ခုန်ဆွခုန်ဆွ လုပ်မိသည်။

စားပွဲထိုးလေးတစ်ယောက်က ဗြုန်းခနဲ သူ့အနားရောက်လာပြီး သူ့ခြေထောက်များအောက်သို့ ပြူးတူးပြဲတဲ ငုံ့ကြည့်၏။

ဦးသံလွင်ကျော်ဇော စိတ်တိုသွားသည်။ ဘာလဲ ဒီကောင်က ဘာလာငုံ့ကြည့်နေတာလဲ။ ငါ့ဘာသာငါ ဘယ်လို က...ကပေါ့...ဟု တွေးရင်း သူ ဒေါကန်ကန်ဖြင့် ဟောက်လိုက်၏။

“ဟေ့ကောင် ဘာဖြစ်လို့ ငါ့ခြေထောက်ကို ငုံ့ကြည့်နေတာလဲ”

“ဟို...ဟို...ကျွန်တော် ကျပျောက်သွားတဲ့ ခက်ရင်းကို အန်ကယ်တက်နင်းမိပြီး စူးလို့ ခုန်နေသလားလို့”

● ● ●

www.burmeseclassic.com


အခန်း(၁၆)

ဓာတ်ညွှန်းရေးဆရာ ထူးဇော်က စိတ်ဓာတ်ကျစွာဖြင့် ခေါင်းကို ခါယမ်းလိုက်ပြန်သည်။ ဦးသံလွင်ကျော်ဇောကတော့ လုံး၀ လုံး၀ စိတ်ဓာတ်ကျပုံမပေါ်။ အရောင်းစာရေး ချာတိတ်လေးကို လှမ်း၍...

"ဟော့...နောက်ထပ် သရီးကွာတားဘောင်းဘီ (၃)ထည်လောက် ယူခဲ့ဦး"

ဟု အော်ပြောကာ ဆိုင်ခန်းနောက်ဖက်ရှိ အ၀တ်အစားလဲသည့် အကန့်လေးထဲသို့ ဘောင်းဘီတိုများ တပွေ့တပိုက်နှင့် ၀င်သွားပြန်လေသည်။

ဆိုင်ရှင်နှင့် အရောင်းစာရေးလေးများကလည်း အတော်စိတ်ရှည်သည်းခံကြရှာ၏။

"ငါသာဆိုရင်တော့ ဘောင်းဘီလေး နှစ်ထည် သုံးထည်လောက် ရောင်းရဖို့ ဒီလောက်သည်းခံနိုင်မှာ မဟုတ်ဘူး"

ဟု ထူးဇော် စိတ်ထဲက ကြိတ်တွေးနေမိသည်။ လူငယ်ကြိုက် အ၀တ်အစားရောင်းသည့် Fancy Shop များကို ၀င်သည်မှာ သည်ဆိုင်နှင့်ပါဆိုလျှင် (၁၄)ဆိုင်တိတိ ရှိပြီ။ ဗိုလ်ချုပ်ဈေးတစ်ဈေးလုံးကိုလည်း ခြေထောက်တွေ ပျော့ခွေပြီး တိုလိပ်သွားတော့မတတ် ချာလပတ်ရမ်း အောင် အနှံ့လျှောက်မွှေခဲ့ပြီးပြီ။ ယခုအချိန်ထိ ဦးသံလွင်ကျော်ဇော၏ ဗိုက်ပူပူကို စွပ်လို့ရမည့် ဘောင်းဘီတိုကို ရှာမတွေ့နိုင်သေး။

www.burmeseclassic.com

ဦးသံလွင်ကျော်ဇော၏ ဝမ်းဗိုက်က ကိုယ်ဝန်ဆောင်မိန်းမ တစ်ယောက်၏ (၄)လသက်တမ်း အရွယ်အစားခန့်ရှိသောကြောင့် ဘောင်းဘီခါးနံပါတ်(၃၆)နှင့်မှ ဝတ်၍ ရမည်ဖြစ်၏။

သရီးကွာတားဘောင်းဘီတိုများက လူငယ်များအတွက်သာ သီးသန့်တင်သွင်းခြင်းဖြစ်ရာ ခါးနံပါတ် (၃၄)ထိသာ အများဆုံးရှိတတ်ကြ ၏။ သို့တိုင် ဦးသံလွင်ကျော်ဇောက ဇွဲမလျှော့။

တစ်ထည်မဟုတ် တစ်ထည် ရနိုးနိုးဖြင့် ဆိုင်ပေါက်စေ့ဝင်ပြီး တွေ့သမျှဘောင်းဘီတိုကို အားမနာ ပါးမနာ ကောက်စွပ်သည်။ ပြီးလျှင် အဝတ်အစားလဲခန်းထဲမှ (အပေါ်က ဝတ်ထားသည်က ကော်လာကတုံး အင်္ကျီလက်ရှည်၊ အောက်က ဘောင်းဘီတိုနှင့် ကိုးယိုးကားယား ဘိုသီ ဘတ်သီ) ထွက်ထွက်လာပြီး...

"ဟေ့ကောင် ထူးဇော်။ ငါနဲ့ ဒီဘောင်းဘီ လိုက်ရဲ့လား"

ဟု ကားကားကြီးရပ်ကာ မေးတတ်စမြဲ။

ထူးဇော်ကလည်း ခေါင်းကိုသာ တွင်တွင်ခါပြီးရင်း ခါလျက် 'ဝဋ်ကြွေးရှိရင်လည်း ဒီဘဝ ဒီမျှနဲ့သာ ကျေပါစေတော့'ဟု ရေရွတ်နေမိ တော့သည်။ နောက်ဆုံး သည်းမခံနိုင်လွန်းလောက်အောင် ဖြစ်လာသည့် အချိန်တွင်တော့ ထူးဇော် စိတ်ကူးတည့်ရာ အကြံတစ်ခု ပေးမိသည်။

"ဟေ့ကောင် ဖိုးဇော။ ဒီဆိုင်တွေမှာ ရောင်းတဲ့ ဘောင်းဘီတို တွေက မင်းနဲ့တော်တဲ့ Size ရှိမှာ မဟုတ်ဘူး။ လာပါကွာ...ပြန်ရအောင်။ အိမ်ကျမှ မင်းနဲ့တော်မယ့် ဘောင်းဘီကို ငါ လုပ်ပေးမယ်"

"ဟမ်...မင်းက ဘယ်လိုလုပ်မှာလဲ"

"လွယ်လွယ်လေးပဲကွာ...။ မင်းဝတ်နေကျ စတိုင်ဘောင်းဘီ ရှည်တွေကို ဒူးဆစ်အောက်နားလောက် မှန်းပြီး ကတ်ကြေးနဲ့ ဖြတ်လိုက် ပေါ့"

●

www.burmeseclassic.com


နောက်ထပ်ပြသနာတစ်ခုက ဖိနပ်ဖြစ်သည်။ ယမင်းကြိုက်သော ကန်းထရီးဒေါက် (အမှန်တော့ **Western Boot** ဟု ခေါ်သည့် ကောင်းဘွိုင်စီး လည်ရှည်ဖိနပ် ဖြစ်သည်)၏ ပုံစံကို လျှောက်လွှာစာရွက် ကြီး တစ်ရွက်ပေါ်တွင် ဆော့လ်ပင်ဖြင့် ပြန်ကူးဆွဲထားပြီး ဆိုင်တစ်ဆိုင်ဆိုင် ဝင်တိုင်း...

"ဒါမျိုးရှိလား..."

ဟု ဆိုကာ စာရွက်ကို ဈေးရောင်းသူ၏ မျက်နှာပေါ် အုပ်မိ တော့မတတ် ထောင်ပြပြီး မေးသည်။

တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် နောက်ဆုံး **FMI** ရှိ **Easy Riders** တွင် သူလိုချင်သည့်ပုံစံကို တွေ့ပြီး သုံးသိန်းဖြင့် ဝယ်ဖြစ်သွား တော့မှ ကိစ္စပြတ်တော့သည်။

ထူးဇော်က တောင်းပန်တိုးလျှိုးသည့် လေသံဖြင့်...

"ဒီမှာ ချစ်သူငယ်ချင်းကြီး ဖိုးဇော။ မင်းလိုချင်တာ ရပြီဆိုရင် လည်း ပြန်ကြပါစို့လားကွာနော်...။ မနက်ကတည်းက မင်းနောက်ကို တကောက်ကောက်လိုက်နေရတာ...ငါ ဘာမှ မစားရသေးဘူး။ ခြေ ထောက်တွေလည်း ညောင်းလှပြီ"

ဦးသံလွင်ကျော်ဇောက လက်မှ နာရီကို တစ်ချက်မြှောက်ကြည့် လိုက်ရင်း ...

"အေး...ပြန်ကြတာပေါ့။ ထမင်းကိုတော့ ငါ့ဆိုင်ကျမှပဲ စားလိုက် ပါတော့ သူငယ်ချင်းရာ။ ဟိုမှာ ခုချိန်လောက်ဆို ဆရာအင်ဒရူး ရောက် နေပြီ ထင်တယ်။ ဒီနေ့မှ ပထမဦးဆုံး စသင်ရမှာကို ကိုယ့်ဖက်က နောက်ကျလို့ စောင့်နေရတယ်ဆိုရင် မကောင်းဘူး။ အားနာစရာကြီး"

အတည်ပေါက်ပြောနေသည့် ဦးသံလွင်ကျော်ဇော၏ မျက်နှာကို အကဲခတ်ရင်း ထူးဇော် ပဟေဠိဖြစ်နေသည်။ ဒီအရွယ်ကြီးကျမှ ဆရာကို အိမ်ပင့်ပြီး သင်ရလောက်အောင် ဘာပညာရပ်တွေများ ဆည်းပူးလိုက်စား ဦးမလို့ပါလိမ့်ဟု သူ စဉ်းစားမရ။

www.burmeseclassic.com

“နေစမ်းပါဦး ဖိုးဇော့ရ။ မင်းပြောတဲ့ ဆရာအင်ဒရူးဆိုတာက ဘာသင်တာလဲ”

“သူက အကနည်းပြ ဆရာလေကွာ”

“ဘာဗျ ...ဖိုးဇော။ မင်း...မင်း...”

“ဟုတ်တယ်...ငါ အက သင်မလို့”

“အာ...မင်း တကယ်ပြောနေတာလား ဖိုးဇော”

“တကယ်ပြောတာပေါ့ကွ။ အဲဒါ မင်းက ဘေးကနေ ထိုင်ပြီး ငါ ဘယ်လောက်တိုးတက်လာသလဲဆိုတာ နည်းနည်းပါးပါး အကဲဖြတ်ပေးစမ်းပါ။ ကဲ လာ...သွားရအောင်”

“ဟာ...ဟာ...နေဦး။ ငါလေ ငါ အခု ဗြုန်းစားကြီး ဗိုက်ထဲက ရစ်ပြီးတော့ သရိုးသရီ ဖြစ်လာလို့။ ဟဲ...ဟဲ...မင်းပဲ ပြန်တော့နော်။ ထမင်းလည်း ငါ့ဘာသာငါ ကြုံရာမှာ စားလိုက်တော့မယ်။ ငါ့အတွက် ဘာမှ စိတ်မကောင်းမဖြစ်နဲ့ သူငယ်ချင်း။ သွားပြီ...တာ့...တာ”

“ဟေ့ကောင် မရဘူး။ ဘယ်မှ လစ်ပြေးဖို့ မကြံနဲ့။ မင်းဘာသာ မင်း ကောက်ခါငင်ခါ ကာလနာပဲတိုက်တိုက်၊ လေသင်တုန်းပဲဖြစ်ဖြစ် ငါ ကတာကိုတော့ မကြည့်မဖြစ် လိုက်ကြည့်ရမယ် ထူးဇော်။ ဒါပဲ”

●

ငရဲကြီးရှစ်ထပ်တွင် အမြင့်ဆုံးငရဲခန်းသည် ဦးသံလွင်ကျော်ဇော၏ ထမင်းဆိုင်အပေါ်ထပ်က အခန်းကလေး ဖြစ်ပါသည်။

ကက်ဆက်ကို သံကုန်ဖွင့်ထားသောကြောင့် အလုံပိတ်သော့ခတ်ထားသည့်အခန်းထဲတွင် ဝုန်းဒုန်းကြဲ ဆူညံနေသည်။ (အခန်းတံခါးကို သော့ခတ်ထားရခြင်းမှာ ဆိုင်မှ အလုပ်သမားလေးတစ်ယောက်ယောက်က အလုပ်ကိစ္စဖြင့် ဗြုန်းခနဲ အပေါ်ထပ်သို့ တက်လာလျှင် သူတို့ဆိုင်ပိုင်ရှင်၏ အကြည်ညိုပျက်ဖွယ် ‘ကဟန်မူယာစုံလင်စွာ’ကို မတော်တဆ မြင်မသွား

www.burmeseclassic.com

နိုင်ရန် ကာကွယ်ထားသော ဦးသံလွင်ကျော်ဇော၏ အစီအမံဖြစ်သည်)

ဓာတ်ညွှန်းရေးဆရာ ထူးဇော်ကတော့ 'ဝင်ရှိသရွေ့တော့ ခံရပေဦးတော့မည်'ဟူသည့် မျက်နှာပေးမျိုးဖြင့် အခန်းထောင့်တွင် ဆောင့်ကြောင့်ကလေး ထိုင်နေရှာ၏။

"တစ်...နှစ်...သုံး...လေး...။ တစ်...နှစ်...သုံး... လေး..."

ဗိုက်ရွှဲရွှဲလူကြီးတစ်ယောက်က စွေ့ခနဲ စွေ့ခနဲ ခုန်ကာပေါက်ကာဖြင့် ပါးစပ်က တစ်...နှစ်...သုံး...လေး စည်းချက်အော်ရင်း ကနေပုံ သည် မည်မျှ အော်ဂလီဆန်ဖွယ် ကောင်းလိုက်ပါသနည်းဟု ထူးဇော်စိတ် ထဲမှ (အသုဘကမ္ဘဌာန်းရှုသလို) သံဝေဂ ပွားနေမိ၏။

သော့ခတ်ထားသော အခန်းတံခါးအပြင်ဘက်တွင်တော့ ဆိုင်မန်နေဂျာဖိုးအေးနှင့် အလုပ်သမားတစ်စုသည် စိုးရိမ်မကင်းသော မျက်နှာများနှင့် လှေခါးထိပ်တွင်ရပ်လျက် အခန်းထဲမှ ပွက်ပွက်ညံနေသည့် အသံဗလံတို့ကို နားစွင့်နေကြသည်။

ဆူလောင်နေသည့် သီချင်းသံကြားမှ ရောနှော၍ ထွက်ပေါ်လာသည့် သူတို့ဆိုင်ပိုင်ရှင် ဦးသံလွင်ကျော်ဇော၏ တစ်...နှစ်...သုံး...လေး ရေရွတ်သံသည် 'ရွာသူ'ပြုစားခံထားရသော အမှောင့်ပယောဂ ပူးကပ်နေသလိုလို။

"ငါတို့ဆိုင်ရှင်တော့ 'သွား'ရှာပြီ ထင်ပါရဲ့"ဟူသော အတွေးဖြင့် ဆိုင်မန်နေဂျာနှင့် အလုပ်သမားများအားလုံး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေကြလေတော့သည်။

●

ထူးဇော် ခေါင်းကိုသာ တဖြင်းဖြင်းကုတ်နေမိတော့သည်။ ည (၈)နာရီကျော်နေပြီ။ ခုချိန်ထိ သူ အိမ်မပြန်ရသေး။ ကြာတော့ သူ အမြင်ကပ်လာပြီး...

 www.burmeseclassic.com

"ဟော့ကောင် ဖိုးဇော။ မင်းဟာက တစ်ခုပြီးတစ်ခု ငါ့ကို ညှင်းဆဲလို့ကို မဆုံးနိုင်တော့ပါလား။ ဘောင်းဘီရှာဝယ်ရတာနဲ့၊ အကသင်ရတာနဲ့၊ Western boots ဖိနပ် အစီးကျင့်ရတာနဲ့ မိန်းမတစ်ယောက် ကြိုက်ဖို့ ဒီလောက်မလိုပါဘူးကွာ"

"ဟာ...ဘာလို့ မလိုရမှာလဲ။ ငါချစ်နေတာက တောကြိုအုံကြားထဲက သာမညမိန်းကလေးတစ်ယောက် မဟုတ်ဘူး။ ဟောဒီ ခေတ်တစ်ခေတ်လုံးရဲ့ ဘုရင်မကွ"

"အဲဒါကိုက မင်း အတွေးအခေါ် နောက်ကျကျန်ခဲ့တယ်ဆိုတာ ပြနေတာပဲ ဖိုးဇော။ မင်းရဲ့ နည်းဗျူဟာတွေက အဲဒီတောကြိုအုံကြားက မိန်းမတွေအတွက်ပဲ မှန်တယ်။ ဒီဘက်ခေတ်ထဲအထိတော့ ရောက်မလာနိုင်ဘူး"

"ဟင်...ဘာဖြစ်လို့လဲ။ မိန်းကလေးတစ်ယောက် ကိုယ့်ကို ချစ်လာဖို့ဆိုရင် သူ့အကြိုက်နဲ့ကိုက်အောင်တော့ ကိုယ်က ကြိုးစားပြီး နေပြရမှာပေါ့"

ထူးဇော်က လှောင်သံဖြင့် ရယ်လိုက်ပြီး...

"အဲဒါ စစ်ကြိုခေတ်လောက်က မိန်းမတွေအတွက်ပဲ မှန်မယ် ဖိုးဇော။ ခုခေတ်မှာ အဲဒီလောက် သိုင်းဝန်းချဲ့ထွင် လှည့်ပတ်နေဖို့ အချိန်မရှိတော့ဘူး။ မိန်းကလေးတစ်ယောက်ကလည်း မင်း ကြိုးစားပြနေသမျှ ထိုင်ကြည့်ပြီး အမှတ်ပေးဖို့ စောင့်မနေနိုင်ဘူး။

လူငယ်တွေကွ။ လုပ်စရာတွေ အများကြီး။ အချိန်က အဖိုးတန်တယ်။ အဲဒီတော့ သွယ်ဝိုက်ကွေ့ပတ်မနေဘူး။ တည့်တည့်ပဲ။ ချစ်ရင် ချစ်တယ်၊ မချစ်ရင် မချစ်ဘူး။ ရှင်းရှင်းလေး။ သူတို့က အရှိကို အရှိ အတိုင်း ကြည့်တယ်။ ရင်ခုန်သံ မလာလို့ကတော့ မင်းဘာသာမင်း ဘယ်လောက်ပဲ ကြိုးစားပြ ကြိုးစားပြ ဆောရီးပဲ"

ထူးဇော်၏ စကားအဆုံးတွင် ဦးသံလွင်ကျော်ဇော ငိုင်သွား၏။ အတော်ကြာမှ...

www.burmeseclassic.com


"ဒါဆို ငါ ဘာလုပ်ရမလဲ။ ထူးဇော်"

"မင်းကို ယမင်းက သူ့ Hand Ph: နံပါတ် ပေးထားတယ်ဆို လှမ်းဆက်လိုက်ပေါ့"

ဦးသံလွင်ကျော်ဇော ပြူးပြာပြာဖြစ်သွားပြီး...

"ဟာ...ဟော့ကောင် မဖြစ်ဘူးထင်တယ်။ ဟိုဒင်း...အဲ...ငါ... ငါ မပြောရဲဘူးကွ"

"ဘာမပြောရဲစရာ ရှိသလဲ။ ဖုန်းနံပါတ်ပေးထားတယ်ဆိုကတည်းက ဆက်ဖို့ ပေးထားတာပဲ"

ထူးဇော်က မိုင်ကုန် 'ပို့'ပေးနေသည်။ ဦးသံလွင်ကျော်ဇောက တော့...

"ဆက်ပြီး ငါက ဘာ...ဘာပြောရမှာလဲ"

"ရိုးရိုးလေးပါကွာ...။ 'ယမင်းရေ ကိုယ် မင်းကို Dinner ကျွေးချင်တယ်...လက်ခံနိုင်မလား'ဒါပဲပေါ့ကွာ။ သူ မင်းကို Chemistry လာရင် မင်း Dinner ကျွေးတာကို လက်ခံလိမ့်မယ်။ Chemistry မလာရင် 'ကျွန်မ မအားလို့ပါ' ဘာညာနဲ့ ငြင်းမယ်။ ပြီးပြီ ဒါပဲ"

ဦးသံလွင်ကျော်ဇောက ခေါင်းကို ကုပ်လိုက်ပြီး...

"ဘာလဲကွ မင်းစကားက။ Chemistry လာတယ်ဆိုတာ ဘာလဲ"

"ကျွတ်...မင်း လူငယ်တွေနဲ့ တော်တော်ဝေးသေးတာပဲ ဖိုးဇော ရာ။ **ဒါ...အင်တာနက် ဘာသာစကားကွ။ အချစ်စိတ်နဲ့ ရင်ခုန်တာကို 'Chemistry လာတယ်'**လို့ သုံးတယ်။ ခေတ်တယ် ကွာ...ဘောင်းဘီတို ဝတ်ရုံ၊ ကလပ်မှာ ကတတ်ရုံနဲ့ မင်းကိုယ်မင်း လူငယ်ယောင်ဆောင်လို့ရပြီ ထင်နေလား။ ဟူး...ဝေးသေးတယ်။ **လူငယ်ဆိုတာ ခေတ်တစ်ခေတ်ရဲ့ မီးတောင်တစ်လုံးပဲ။ သူတို့ကို အပြင်ပန်းကကြည့်ပြီး နားလည်နိုင်ဖို့ ခက်လိမ့်မယ်။** ဟောဒီ Globalization ဆိုတဲ့"

www.burmeseclassic.com

"ဟေ့ကောင်...ထူးဇော် သိပ်မပြောနဲ့ကွာ။ သူများတွေကြားရင် ငါ့ကို မင်းတပည့်ကြီးလို့ ထင်ကုန်လိမ့်မယ်"

ထူးဇော်ကတော့ ကျေနပ်စွာဖြင့် တဟဲဟဲ ရယ်နေ၏။ ပြီးမှ...

"ကဲ...ငါပြောသလိုသာ လုပ်တော့ ဖိုးဇော။ မင်းအပေါ်မှာ ယမင်းရဲ့နှလုံးသားက အပေါင်းလက္ခဏာ ပြသလား၊ အနုတ်လက္ခဏာ ပြသလားဆိုတာ ချက်ချင်းတန်းပြီး သိနိုင်မယ့်နည်းက ဒါပဲကွ"

ဦးသံလွင်ကျော်ဇော၏ မျက်ဝန်းထဲမှာ ဆောင်းနှောင်းမြူခိုးတွေ ဝေလာသည်။ သူက သက်ပြင်းကို ဖွဖွချလိုက်ပြီး...

"ငါ...ငါ ဘယ်လိုစကားစရမလဲ ထူးဇော်"

"ဟာ...မပူနဲ့ လုံးဝ မပူနဲ့။ ဟောဒီမှာ မင်းရဲ့အချစ်ဆုံး သူငယ်ချင်းက ဇာတ်ညွှန်းရေးတဲ့ကောင်ပါကွာ။ ပေးစမ်း...စာရွက်တစ်ရွက်။ မင်းပြောရမယ့် ဒိုင်ယာလော့ (Dialogue)တွေကို ငါ ဇာတ်ညွှန်းဆင်ပေးမယ်"

ထူးဇော်က ပြောပြောဆိုဆိုနှင့် စာရွက်တစ်ရွက်ကိုယူကာ ဦးသံလွင်ကျော်ဇောပြောရမည့် စကားများကို ဇာတ်ညွှန်းရေးတော့သည်။

ဦးသံလွင်ကျော်ဇောကတော့ စာမေးပွဲခန်းထဲတွင် သူ ကျက်ထားသောစာများ စပေါ့ (Spot)တိုးမတိုး ရင်ခုန်စွာဖြင့် မေးခွန်းစာရွက် လှန်ကြည့်ရသည့် ကျောင်းသားတစ်ယောက်လို ခြေဖျားလက်ဖျားတွေ အေးစက်နေ၏။

"ရော့...ပြီးပြီ။ ဟောဒီမှာ ငါ ရေးထားတဲ့အတိုင်း ဖုန်းထဲမှာ ပြောထည့်လိုက်ပေတော့"

ထူးဇော်က စာရွက်ကို ထိုးပေးသည်။ ထို့နောက် "ကျက်၊ အဲဒါတွေ အကုန်လုံးကို အခုရအောင်ကျက်"ဟု ခိုင်း၏။

ဦးသံလွင်ကျော်ဇောမှာ စာရွက်ကို လက်နှစ်ဖက်ဖြင့် တုန်တုန် ယင်ယင်ကိုင်ရင်း ကျက်ရသည်။ ထူးဇော်ကတော့ သူ့ဘက်က တစ်လှည့် ပြန်ပြီး ဒက္ခပေးခွင့်ရပြီဖြစ်သောကြောင့် တပြုံးပြုံးနှင့် ကျေနပ်နေ၏။

www.burmeseclassic.com


တစ်ချက်တစ်ချက်တွင် ဦးသံလွင်ကျော်ဇော၏ လေယူလေသိမ်း အသံထွက်တို့ကို ပြင်ဆင်ပေးရင်း ဆူရ ငေါက်ရသည်မှာ အတော်အရသာရှိသည်။

နောက်ဆုံး ထူးဇော်က လေသံအဆွဲအငင် အဖြတ်အတောက်အားလုံး စိတ်ချရပြီး 'အိုကေ'ဟု မီးစိမ်းပြလိုက်သောအခါတွင်မှ ဦးသံလွင်ကျော်ဇော ဖုန်းဆက်ဖို့ ပြင်သည်။ အရင်ဆုံး သူ့နှလုံးသားအပေါ် အကန့်ညာဖက်သွေးဝင်ခန်းထဲတွင် သိမ်းဆည်းထားသည်။ ယမင်း၏ လက်ကိုင်ဖုန်းနံပါတ်ကို စိတ်ထဲမှ တိုးတိုးလေး တစ်ခေါက်ပြန်ရွတ်ကြည့်လိုက်သည်။

ထို့နောက်...

(၁) အခန်းတံခါးလက်ကိုင်ဖုကို အသာလှည့်ပြီး သော့ချထား မထား သေချာအောင် စစ်ဆေးကြည့်သည်။

(၂) သူပြောရမည့် ဒိုင်ယာလော့စာရွက်ကို စာမေးပွဲခန်းထဲဝင်ခါနီး စာပြန်နွှေးသလို နောက်ဆုံးတစ်ခေါက် အပြေးအလွှားကြည့်သည်။

(၃) စာရွက်ကို စားပွဲပေါ် ပြန်မှောက်ထားလိုက်သည်။

(၄) နောက် တစ်စုံတစ်ခုံကို အလန့်တကြားသတိရလိုက်သလို ဗြုန်းခနဲ ကမန်းကတန်းစာရွက်ကို ကောက်လှန်ပြီး အစတစ်ကြောင်း နှစ်ကြောင်းကို ပြန်ကြည့်ပြန်သည်။

(၅) သေချာသွားမှ စိတ်လုံခြုံခွင့်ရသလို သက်ပြင်းချပြီး စာရွက်ကို မှောက်လိုက်၏။

(၆) သူ့ကိုယ်သူ မှန်ရှေ့မှာ သွားရပ်ကြည့်ပြီး ဖရိုဖရဲဖြစ်နေသော ဆံပင်များကို သပ်တင်သည်။ အနည်းငယ် အဆီပြန်နေသည့် မျက်နှာကို တစ်ရှူးစက္ကူဖြင့် တို့သည်။

(၇) လက်ကိုင်ဖုန်းကို ပြောင်လက်ပြီး အရောင်တဖိတ်ဖိတ် ထွက်လာတော့မတတ် ဘောင်းဘီဖြင့် အကြိမ်ကြိမ်ပွတ်သပ်သည်။

သူလုပ်နေသမျှ အဆင့် တစ်ဆင့်ချင်းစီကို မနည်းကြိတ်မှိတ်

www.burmeseclassic.com

သည်းခံကာ စောင့်ကြည့်နေရသည့် ထူးဇော်၏မျက်နှာမှာ ကျွဲချေးပုံ နေလှန်းထားသလို မဲ့သထက်မဲ့၊ ရှုံ့တွသထက်ရှုံ့တွ၊ နောက်ဆုံး သည်းခံရ လွန်း၍ သူ့ကျန်းမာရေးကိုပင် ထိခိုက်နိုင်သော အခြေအနေဖြစ်လာတော့မှ

"ဟေ့ကောင် ဖိုးဇော။ ဒီဘက်ခေတ်ထဲမှာ ဖုန်းဆက်ဖြစ်ဦးမှာ လား။ မဆက်ရင်လည်း ပြော ...။ ငါ ပြန်မယ်"

အသံမာမာဖြင့် ဟောက်လိုက်သည့်အခါတွင်မှ ဦးသံလွင်ကျော် ဇော သတိဝင်လာကာ နတ်ကတော် ကန်တော့ပွဲ ပင့်သလို ဟန်းဖုန်းကို သူ့နဖူးဆီ မြှောက်ကိုင်ထိကာ ပသပြီး နံပါတ်များကို နှိပ်သည်။

ယမင်း၏ ဖုန်းဆီမှ မြည်သံရှည် ပြတ်တောင်းပြတ်တောင်း ကြားရသည်။

ဘုရား...ဘုရား...

ဟော...ယမင်းအသံကို ကြားရပြီ...။

"ဟဲလို..."

"ယမင်းလား...ကိုယ် ကိုယ်ပါ...ဦးဇောလေ။ ကိုယ်...ဟိုဒင်း လေ။ ဒင်နာ...အဲ...ဒင်နာ"

"သြော်...မောင်သံလွင်ကျော်ဇောလားကွဲ့...အန်တီပါ။ သမီးက ရေချိုးခန်းထဲဝင်နေလို့ သူ့ဖုန်းကို အန်တီ ခဏကိုင်ထားတယ်"

ဟိုက်...သေပြီ။ လွှတ်ခနဲ လန့်အော်လိုက်မိခါနီး ပါးစပ်ကို မနည်းပြန်ပိတ်လိုက်ရ၏။ ပြဿနာပဲ...ယမင်းအမေကြီးနဲ့မှ တည့်တည့် သွားတိုးတာကိုး။

ဦးသံလွင်ကျော်ဇောက နဖူးတွင် စို့လာသော ချွေးစက်များကို ကမန်းကတန်း သုတ်ပစ်လိုက်ပြီး ...

"သြော်...အန်တီလား...ဟဲဟဲဟဲ...ဟင်းဟင်းဟင်း"

အောက်ညှစ်ညှစ်အသံဖြင့် ရယ်သလိုလို ငိုက်ဖျားတက်သလိုလို ဘာမှန်းမသိသော တဟင်းဟင်း တဟဲဟဲ ဘာသာစကားကို ပြောလိုက် ရ၏။ အဖွားကြီးက...

"နေစမ်းပါဦးကွဲ့။ စောစောက မင်းပြောတာ ဘာတဲ့...။ ဒင်နာ ဆိုလား...ဘာဆိုလား"

"ဟာ...မဟုတ်ပါဘူး အန်တီရဲ့။ အန်တီ နားကြားမှားလို့ပါ။ ဒင်နာမဟုတ်ပါဘူး...။ ဟိုဒင်း...ဟိုလေ...ဘင်နာ...ဘင်နာ။ ဟဲ...ဟဲ ဟုတ်တယ်။ ကျွန်တော့်သူငယ်ချင်း ဓာတ်ညွှန်းဆရာ ထူးဇော်လေ... အန်တီသိတယ် မဟုတ်လား...အင်း...သူပေါ့။ ဘင်နာလိုလို၊ ဖွတ်စအို နာလိုလို...ခွေးဘရင်ဂျီနာလိုလို...ဖြစ်နေလို့...။ အဲဒါ အနာပေါက်ကုတဲ့ ဆရာကောင်းကောင်းများ သိမလားလို့ လှမ်းမေးကြည့်တာ...ဟဲ ဟဲ"

။

နောက်ဆုံးတော့ ဦးသံလွင်ကျော်ဇောနှင့် ထူးဇော်တို့ လက်သီး လက်မောင်းတန်းကာ တစ်ယောက်ကို တစ်ယောက် အော်ကြီးဟာစ်ကျယ် အပြစ်တင်ကြရင်းဖြင့်သာ အဆုံးသတ်သွားသည်။

ဦးသံလွင်ကျော်ဇောက...

"တော်ပြီကွာ...မင်းက ငါ့ကို အမြဲတမ်း ချောက်ထဲတွန်းချဖို့ပဲ တတ်တဲ့ကောင်။ နောက်...ဘယ်တော့မှ မင်းနဲ့ မတိုင်ပင်တော့ဘူး"

"သြော်...ခုတော့ မင်းက ငါ့ကို ဒီလိုပြောပြီပေါ့...။ ဟုတ်လား ဖိုးဇော...။ မင်းလို စာဘူးတောင်းဦးနှောက်နဲ့ကောင်ကို ငါမို့လို့ ဖေးဖေး မမနဲ့ ဇိကုပ်ပြီး နတ်ပြည်တင်နေတာ။ ငါ့အကြံဉာဏ်တွေသာ မပါရင် မင်းတော့လား...မင်း...အခုလောက်ဆို ကိုယ်ကျိုးကြီးနည်းလို့ ဒူးနဲ့ မျက်ရည်သုတ်နေရပြီပေါ့"

မျက်ရည်ကို ရိုးရိုးမသုတ်ဘဲ ဒူးဖြင့် သုတ်ရသည်ကတော့ အတော်ပင် ကို့ရိုးကားရား နိုင်ပေလိမ့်မည်။ ထူးဇော်ကတော့ အထက်စီး ရနေသော လေသံဖြင့် ခပ်မာမာပင်...။

"ကိုင်း...စဉ်းပဲ စဉ်းစားကြည့်စမ်းပါဦးတော့။ ဟောဒီ အနုပညာ

www.burmeseclassic.com

နယ်မှာ ငါကလွဲရင် မင်းကို အကြံကောင်း ဉာဏ်ကောင်း ပေးနိုင်တဲ့သူ ဘယ်သူရှိသေးလို့လဲ။ အရင်တုန်းက ဆိုင်ကိုလာပြီး မင်းနဲ့ လေကန်နေကျ အင်တာဗျူးဂျာနယ်က အယ်ဒီတာဆရာ မာဂျေတောင် အခု မော်ဒယ်ဂဲလ်လေးတစ်ယောက်နဲ့ ဘာလိုလို ညာလိုလိုဖြစ်နေတော့ မင်းဆိုင်ဘက် ခြေဦးတောင် မလှည့်တော့ဘူး မဟုတ်လား”

ထူးဇော်ပြောလိုက်သော စကားထဲတွင်ပါသည့် ‘အယ်ဒီတာ’ ဟူသော ဝေါဟာရကြောင့် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရလိုက်မိ၏။

မဟေသီမဂ္ဂဇင်းမှ အယ်ဒီတာ မောင်သန်းထိုက်...။ သူနှင့် မတွေ့ရတာ ကြာပြီ။ သူကတော့ ထူးဇော်လို မဟုတ်။ အေးအေးဆေးဆေးနှင့် အမြဲတမ်း ကြည်လင်စွာ ပြုံးနေတတ်သူ...။

‘ငါ့နယ်...အစကတည်းက ဒီဇာတ်ညွှန်းရေးဆရာ သောက်ပေါခိုင်းတာ လျှောက်လုပ်မယ့်အစား သန်းထိုက်နဲ့ အရင်တိုင်ပင်လိုက်တာမှ ဟုတ်ဦးမယ်...’

ဟု ဦးသံလွင်ကျော်ဇော ကျိတ်ပြီး ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။ မနက်ဖြန် ယမင်းကို ရှူတင်မှ ပြန်ပို့ပြီးလျှင် မောင်သန်းထိုက်ဆီ ဝင်တွေ့ဖို့ စိတ်ထဲက အစီအစဉ် ဆွဲလိုက်၏။

● ● ●

အခန်း(၁၇)

သည်နေ့...ရှူတင်တစ်ခုလုံး မျက်စိနောက်ရသောနေ့ပင် ဖြစ်လေသည်။ ကောင်းဘွိုင်ဖိနပ်ရှည် (Western Boots) စီးထားသော ဦးသံလွင်ကျော်ဇော၏ 'ခြေထောက်ကြီး'ကို နေရာမလပ် မြင်နေရ၏။

ဖိနပ်ရှည်ကြီးကို ကြွားကြွားရွားရွားစွပ်၊ ဗိုက်ပူပူကို ရှေ့သို့ ကော့ထုတ်ထားပြီး လည်တဆန့်ဆန့် ခေါင်းတမော့မော့နှင့် ဦးသံလွင်ကျော်ဇော...။

လမ်းလျှောက်သည်။ လျှောက်ပြီးရင်း လျှောက်သည်။ သောက်ကျိုးနည်း အမြင်ကတ်လောက်အောင် လျှောက်သည်။ သူ့ဖိနပ်ကို ယမင်းက မချီးကျူးမချင်း နှစ်နာရီတိတိကြာအောင် လုံးဝမထိုင်ဘဲ ရှူတင်နေရာအနှံ့ ခြေထောက်တယမ်းယမ်းနှင့် မညောင်းတမ်း လမ်း လျှောက်သည်။

ဟိုလူ့ခြေထောက်တက်နင်း၊ ဒီလူ့ခြေထောက်တက်နင်းနှင့် တစ်မနက်ခင်းလုံး တောင်းပန်နေရသည်မှာလည်း အကြိမ်ပေါင်း မနည်းတော့။ ပိုဆိုးသည်က မီးကြိုးတွေကို တက်နင်းခြင်းပင် ဖြစ်၏။

မီးဆရာ ဦးစိုးမြင့်က အမြင်ကတ်ကတ်ဖြင့် သူ့ဖိနပ်နှင့် ငြိနေသော မီးကြိုးကို ဆောင့်ဆွဲလိုက်ရာ မှောက်ရက်လဲကျသည်အထိ ဖြစ်ပြီးပြီ။

မင်းသား ငိုကြွေးသည့် အလွမ်းခန်း ရိုက်မည်ဖြစ်သောကြောင့်

www.burmeseclassic.com

'သားညီ'တစ်ယောက်တည်း ဇာတ်လမ်းထဲတွင် စိတ်ကို နှစ်ပြီး၊ ကြေကွဲသည့် သြသိ သွင်းကာ ခံစားမှုကို တဖြည်းဖြည်းချင်း ပျိုးယူနေခိုက်...

ဟန်ပါပါ လမ်းလျှောက်လာသော ဦးသံလွင်ကျော်ဇော၏ ဖိနပ်က မင်းသား၏ ခြေချောင်းများပေါ် တက်နင်းလိုက်မိရာ...

"အား"

ခနဲအော်ပြီး သားညီခမျာ (လွမ်းစရာမလိုဘဲ) မျက်ရည် ပိုးပိုးပေါက်ပေါက် ကျသွား၏။

●

ကြာတော့ ဒါရိုက်တာကိုယ်တိုင်က သူထိုင်သော ထိုင်ခုံကို အတင်းထိုးပေးပြီး ဦးသံလွင်ကျော်ဇောကို တောင်းတောင်းပန်ပန်ဖြင့် ထိုင်ခိုင်းရတော့သည်။

ရှူတင်တစ်ခုလုံးတွင် ဦးသံလွင်ကျော်ဇောကို မျက်စိမနောက်သူဟူ၍ တစ်ဦးတည်းသာ ရှိသည်။ ဆုယမင်းကျော်တော့ မဟုတ်...။

ဆုယမင်းကျော်၏ မိတ်ကပ်အလှဖန်တီးရှင် မိန်းမလျာ စိန်ဘော်။

ယမင်းကိုယ်တိုင်က...

"ဘော်ဘော်က ဦးဇောကိုတော့ တော်တော်သံယောဇဉ် ရှိတဲ့ပုံပဲ..."

ဟု ရယ်သံတစ်ဝက်ဖြင့် လာပြောသောအခါ သူ ကျောထဲစိမ့်သွားသည်။ ငယ်ငယ်တုန်းက တစ္ဆေသရဲတွေကို နှင်သလိုမျိုး မြေကြီးကို ထွီခနဲ တံတွေး ထွေး၍ ဖနောင့်ဖြင့်ပေါက်ရင်း ပါးစပ်ကလည်း 'ဖွဟဲ့...ဖွဟဲ့'ဟု သုံးခါလောက် လုပ်လိုက်သည်။

သူ အထိတ်တလန့်ဖြစ်နေပုံကို ကြည့်၍ ယမင်း အသံအနည်းငယ်ထွက်အောင် ရယ်သည်။ ထို့နောက်...တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

www.burmeseclassic.com


"သြော်...ဒါနဲ့ ဦးဇော မနက်ဖြန်ည အားလားဟင်"

"အားပါတယ်။ ယမင်း ဘယ်သွားချင်လို့လဲဟင်...ဘယ်ကို လိုက်ပို့ပေးရမလဲ"

"ဦးဇောကို သမီး Dinner ကျွေးမလို့"

"ဟင်..."

ဘာကြောင့်မှန်းမသိဘဲ သူ့ရင်ထဲမှာ စိုးရိမ်ထိတ်လန့်သလို ခံစားလိုက်ရသည်။ တိတ်ဆိတ်မှုက နားကွဲ ပွင့်ထွက်သွားတော့မတတ် ဟိန်းလျက်...။

အတန်ကြာမှ သူ့ကိုယ်သူ ဣန္ဒြေပြန်ဆည်လိုက်ရင်း ...

"ဘာဖြစ်လို့လဲ ယမင်းရဲ့...။ ယမင်းက ဒီလောက် အချိန်ပြည့် အလုပ်များနေတာ...။ အားတာလဲ မဟုတ်ဘဲနဲ့"

"အို...ဦးဇောကျတော့ ဆိုင်ကို ပစ်ထားပြီးတော့တောင် သမီးကို လိုက်ကူညီသေးတာ...အချိန်မရလည်း မပူနဲ့။ အေးဆေးပဲ။ ဒါရိုက်တာကို သမီး မေးပြီးပြီ။ မနက်ဖြန်ရိုက်မယ့် Scene တွေက မိုင်နာပါ။ တစ်ဆင်း နှစ်ဆင်းပဲ ...။ Heavy ဆိုလို့ တစ်ခန်းပဲ ပါတယ်'

"ဘယ် ဇာတ်ဝင်ခန်းလဲ"

"ဟိုဥစ္စာလေ...သားညီ နိုင်ငံခြားမှာ ဆုံးသွားပြီဆိုတဲ့သတင်းကြားလို့ သမီးက ကြေကွဲပြီး ငိုတဲ့အခန်း ...။ အဲဒါ ရိုက်မှာ..."

"သြော် ...အဲဒီလို ငိုရတဲ့ အခန်းတွေကျတော့ သရုပ်ဆောင်ရတာ ခက်မှာပဲနော်။ အရမ်းပင်ပန်းလား ...ဟင်"

သူ ကရုဏာဖြင့် မေးမိသည်။ ယမင်းက မပွင့်တပွင့်ရယ်လိုက်ပြီး ...

"ပိုင်ပါတယ် ဦးဇောရဲ့ ...။ မယုံရင် မနက်ဖြန် စောင့်ကြည့်။ သမီး အပီအပြင် လုပ်ပြမယ်"

ယုံပါတယ် ကိုယ့်ရဲ့ ဘုရင်မလေးရယ်...ဟု သူ စိတ်ထဲမှ တီးတိုးပြောဖြစ်၏။

www.burmeseclassic.com

"ဟော့လူ ကိုဇော"

ယမင်းနှင့်စကားပြောနေရာမှ ခေါ်သံကြား၍ နောက်လှည့်ကြည့်လိုက်သောအခါ ဂျာနယ်အယ်ဒီတာ မောင်နန်းမိုးကို တွေ့ရသည်။

"ဟာ...ကိုနန်းမိုး ဘာလာလုပ်တာလဲ"

"အောင်မာ ...အဲဒီစကားက ကျွန်တော်က မေးရမှာဗျ။ ကျွန်တော်က ကိုယ့်အလုပ်နဲ့ကိုယ်။ ဂျာနယ်အတွက် အင်တာဗျူး လာလုပ်တာ။ ခင်ဗျားကကော..."

"ကျွန်တော့်ကားကို ဒီမှာ Actor သုံးဖို့ ငှားထားလို့ပါဗျာ...။ ခင်ဗျားကလည်း"

"ဩော်...ဩော်...ဩော်"

အာမေဍိတ်အသံကို 'ဩော်...'ဟု တစ်လုံးတည်း ရေရွတ်လျှင် ရပါလျက်နှင့် သုံးခွန်းဆင့်ပြီး ရေရွတ်လိုက်သောအခါ ရွဲ့သလိုလို ခနဲ့သလိုလို လေသံပေါက်သွား၏။ သူ အတော်ပင် အနေရအထိုင်ရခက်သွားသည်။

ရုတ်ချည်းဆိုသလို မောင်နန်းမိုးက မျက်နှာတည်သွားပြီး ...

"မနက်တောင် ခင်ဗျားဆိုင်ကို ဝင်ခဲ့သေးတယ်။ ပြောစရာရှိလို့ ဟိုဥစ္စာ ခင်ဗျား သိပြီးပြီလား"

"ဘာကိုလဲ"

မောင်နန်းမိုးက ခဏကြာအောင် နှုတ်ဆွံ့နေသည်။ ပြီးမှ ...

"မဟေသီက ခင်ဗျားသူငယ်ချင်း အယ်ဒီတာ သန်းထိုက်လေ ဗျာ။ မနေ့ညကပဲ ဆုံးသွားပြီ"

"ဟင်"

●

www.burmeseclassic.com


အဲသည်ညက တစ်ညလုံး သူ အိပ်၍မပျော်။

ညီငယ်တစ်ယောက်လို သူ ချစ်ခင်တွယ်တာရသူ တစ်ဦးကို ထာဝရဆုံးရှုံးလိုက်ရပြီဆိုသော အတွေးက အသည်းယား စက်ဆုပ်တုန်လှုပ်ဖွယ်ကောင်းသော ပင့်ကူတစ်ကောင်လို သူ့မျက်နှာပေါ် တရွေ့ရွေ့ တွားသွားတက်လာသည်ဟု ခံစားရ၏။

အိပ်မပျော်လျက်က အိပ်မက်ဆိုးများ၏ လက်ယပ်ခေါ်ခြင်းကို မြင်ရသည်။ ဟင့်အင်း...ငါ မအိပ်စက်ပါရစေနဲ့။ ငါ မအိပ်စက်ပါရစေနဲ့ ညီလေးရယ်။

အမြဲတစေ ပြုံးရယ်နေတတ်သည့် ခင်မင်နှစ်လိုဖွယ် ဖြူဖြူစင်စင် လူငယ်လေးတစ်ယောက် ကမ္ဘာမြေ၏ နာရီလက်တံများ၊ အချိန်ကာလ သတ်မှတ်ချက်များနှင့် လွတ်ကင်းဝေးကွာသော တစ်နေရာဆီသို့ ခရီးထွက်သွားပြီ။

အိမ်၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ ရုံး၊ သုသာန် အားလုံး ဝဲပျံနေကြ။ အားလုံး လှည့်ပတ်နေကြ။ ဈေး၊ သုသာန်၊ ကျောင်း၊ အိမ်၊ ရုံး၊ ဆေးရုံ အားလုံး လှည့်လည်နေကြ။ ငါတို့ ဘယ်နေရာတွေကို ရောက်ခဲ့ကြပါသလဲ။

တနင်္ဂနွေလား ...။ ဟင့်အင်း...ဒီနေ့ တနင်္လာပါ။ အင်္ဂါ၊ ဗုဒ္ဓဟူး ငါတို့အားလုံး အရူးတွေလို ခြေရာအထပ်ထပ် ပတ်နေမိ။ ပိုးနှံကောင်လေးတွေလို ငါတို့ပိတ်မိနေခဲ့တာ ကြာပါပြီ။

တနင်္ဂနွေနေ့တစ်ရက်ပဲ အသက်ရှင်ခွင့်ရတဲ့ ပိုးဖလံတစ်ကောင်က ပြောတယ်။ 'ဘဝဆိုတာ အင်မတန်ရှည်လျားတဲ့ အားလပ်ရက်ကြီး တစ်ရက်ပဲ'တဲ့။

အဲဒါပါပဲကွယ်...။

တစ်ရက်စာထဲနဲ့တော့ ဘယ်သူက ဘယ်လောက် ဝေးဝေး ရောက်အောင် ပျံနိုင်မှာတဲ့လဲ။ ခြေရာအထပ်ထပ် လှည့်ပတ်နေမိ။

မိုးသားတိမ်လိပ်တွေကို ငေးကြည့်နေရုံပဲ။

ကြောင်နှစ်ကောင်စာအုပ်တိုက်

 www.burmeseclassic.com

ဒါပဲ တတ်နိုင်တော့တယ်ကွာ။

သူ စိတ်တွေ ရှုပ်ထွေးစွာဖြင့် တယ်လီဖုန်းကို ကောက်ကိုင်မိသည်။ လက်ချောင်းကလေးတွေက ရည်ရွယ်ချက်ကင်းမဲ့စွာဖြင့် တို့ထိလိုက်ဖြစ်သောနံပါတ်များကို သတိထားမိသည့်အခါ 'ယမင်း'၏ လက်ကိုင်ဖုန်းနံပါတ် ဖြစ်နေသည်။

ဖုန်းခေါ်သံက တီတီ...တီတီ ဖြင့် မြည်နေသည်။ သူမ ဖုန်း မကိုင်။ ခဏအကြာ...

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့် ..."

သူ ဖုန်းကို ပိတ်ပစ်လိုက်၏။

● ● ●

www.burmeseclassic.com


အခန်း(၁၈)

ရေဝေးသုသာန်။

မောင်သန်းထိုက်၏ နှုတ်ခမ်းတွေက ပြုံးလျက်ပင် ရှိနေသည်ကို မြင်ရသည်။ သူ့နံဘေးမှာ စံပယ်ကုံးတွေ။ နောက် ပန်းနုရောင် ဇာပဝါ ပါးပါးဖြင့် သူ့တစ်ကိုယ်လုံးကို အုပ်လွှမ်းထားသည်။

ကွယ်လွန်သူတစ်ယောက်၏ နှုတ်ခမ်းပေါ်မှ အပြုံးသည် နွေး ထွေးစွာ အေးစက်နေ၏။ မှိတ်ထားသော မျက်လုံးအစုံအောက်မှာ ရာသက်ပန် သိမ်းဆည်းခံထားလိုက်ရပြီဖြစ်သော နေရောင်ခြည်တွေ ရှိနေသည်ဟု ဦးသံလွင်ကျော်ဇော ခံစားရသည်။

ထို အလင်းတွေကို ဘယ်သူမှ မြင်ခွင့်မရတော့ပါ။

ညီလေးရေ ...။

မင်း ဘာဖြစ်လို့ အများကြီး ပြုံးပစ်လိုက်ရတာလဲကွာ။ လောက ကြီးက အဲဒါကြောင့် မင်းကို သတ်ပစ်လိုက်တာများလား မသိဘူး။ မင်းက ဘဝတစ်သက်လုံးသာ ခွဲတမ်းဝေစုရတဲ့ အပြုံးတွေကို ခဏလေးနဲ့ ကုန်အောင် သုံးပစ်လိုက်တာကိုး။

အခု မင်းကို လောကကြီးက ထပ်ပြီး ပြုံးခွင့် မပေးတော့ဘူးပေါ့။

ကြေးစည်သံတစ်ချက် ကြားရသည်။

ထိုအသံသည် သူ့ဦးနှောက်အတွင်းပိုင်းထဲမှ မကောင်းဆိုးရွား တစ်ကောင်က နာနာကျင်ကျင် သံရှည်ဆွဲငင်၍ အူလိုက်သလိုမျိုး။

www.burmeseclassic.com

အသုဘ စံပယ်ပန်းရနံ့တွေ မွှေးမြရီဝေလာ၏။ ဦးသံလွင်ကျော်ဇော နေရာမှာပင် မလှုပ်မယှက် ရပ်နေမိဆဲ။

သူ့ပါးပြင်တွင် ပူနွေးသော ခံစားမှုတစ်ခုကို ရသောကြောင့် လက်ခုံဖြင့် သုတ်လိုက်သည်။ ရွှဲရွှဲစိုသွား၏။

ဘုရားရေ…ငါ ငိုနေတာလား။ သူ အံ့သြတုန်လှုပ်သွား၏။ တကယ်ပင် သူ ငိုကြွေးနေခြင်း ဖြစ်နိုင်ပါသည်။ သေတော့ မသေချာ။ သို့သော် ပါးပြင်ပေါ်မှာတော့ မျက်ရည်တွေ စီးကျနေ၏။

သူ မရှိုက်မိ၊ မျက်တောင် မခတ်မိ၊ အသက်မရှူမိ။ ကျောက်သားနံရံတစ်ခုလို ရပ်နေခြင်း ဖြစ်သည်။

မျက်ရည်တွေကတော့ ဒဏ်ရာတစ်ခုမှ သွေးတွေ စိမ့်စိမ့်ထွက်သလို ယိုစီးကျလာနေကြဆဲ။

တကယ်တော့လည်း မျက်ရည်ဆိုတာ သံယောဇဉ်ကကျတဲ့ သွေးပါပဲကွာ။

ငါ ပြန်တော့မယ် ညီလေးရေ …။

နေခဲ့တော့…။

မင်း…နေရစ်ခဲ့ပါတော့။

●

“ဖိုက် ဖိုး သရီး တူး ဝမ်း၊ အက်ရှင်”

ကလက်သံ ဆုံးသည်နှင့်တစ်ပြိုင်နက် တူးကေ မီးမောင်းနှစ်ခုအောက်ရှိ ‘ဆုယမင်းကျော်’က မျက်နှာကို လက်ဝါးပေါ် မှောက်အုပ်ပြီး ငုံ့ထားရာမှ ဆတ်ခနဲ ခေါင်းမော့လိုက်သည်။

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်စက်တွေ တပေါက်ပေါက် လိမ့်ဆင်းကျလာနေ၏။

ငိုနေသည်။

www.burmeseclassic.com


သူမ ငိုနေခြင်းဖြစ်သည်။

ကင်မရာက တရွေ့ရွေ့ဖြင့် သူမအနီးဆီ ဖြေးညှင်းစွာ တိုးရွေ့သွားနေ၏။ ရိုက်ကွင်းပေါ်မှ လူတွေအားလုံး အသက်ရှူရန် မေ့လျော့လျက် သူမကိုသာ စိုက်ကြည့်နေဖြစ်ကြသည်။

ဘုရင်မသည် အားလုံးကို နူးညံ့ညင်သာစွာ သိမ်းပိုက်လိုက်ပြီ ဖြစ်လေသည်။

'အင့်'ခနဲ သူမ၏ ရှိုက်သံတစ်ချက် ထွက်ပေါ်လာသည်။ သူမ၏ ပခုံးတွေ တသိမ့်သိမ့်တုန်ခါနေကြ၏။ဘုရင်မက မျက်ခွံအစုံကို ကျက်သရေရှိစွာ ပိတ်လိုက်သောအခါ ပါးပြင်ပေါ်တွင် မျက်ရည်တွေ ရွှဲရွှဲစိုသွားတော့လေသည်။

"ကတ်...ရပြီ"

ဒါရိုက်တာ၏ အဆုံးသတ်စကားသံနှင့်အတူ ကြောက်မက်ဖွယ် သင်ခန်းစာတစ်ခု ပြီးဆုံးသွားကြောင်း ကြားလိုက်ရသည့် အတန်းထဲမှ စာသင်သားတွေလို လူတွေအားလုံး 'ဝေါ'ခနဲ သက်ပြင်း ပြိုင်တူချလိုက်ကြ၏။

"သိပ်ကောင်းတယ် သမီး။ အိုကေပဲ"

ဒါရိုက်တာအောင်ကြီးက လက်မထောင်ပြရင်း ယမင်းကို ကျေနပ်အားရစွာ လှမ်းပြော၏။

ယမင်းက မျက်ရည်တွေကို သုတ်ပစ်ပြီး စိတ်လက်ပေါ့ပါးစွာ ရယ်မောလိုက်၏။

"သမီး မနေ့ကတည်းက ပြောသားပဲ။ ပိုင်ပါတယ်ဆို...။ ဒါမျိုးတွေက အေးဆေးပါ"

ပြောရင်း မျက်လုံးကို ဝေ့အကြည့် မလှမ်းမကမ်းတွင် နံရံကို မှီလျက် ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီးရပ်နေသော ဦးသံလွင်ကျော်ဇောကို မြင်သွား၏။

"ဟော...ဦးဇော။ ရောက်နေတာ ကြာပြီလား။ ဒီနေ့ နေ့လည်

www.burmeseclassic.com

အသုဘတစ်ခု ပို့စရာရှိတယ်ဆို”

“အင်း …အခု အဲဒီက ပြန်ပြန်ချင်း ဒီကို ဝင်လာတာ”

သူကိုယ်တိုင် သေဆုံးခဲ့ရာမှ ပြန်လာခဲ့သူလိုမျိုး အေးစက်စွာ မလှုပ်မယှက် ဖြစ်နေသည့် ဦးသံလွင်ကျော်ဇောကို ကြည့်ပြီး ယမင်းက တအံ့တသြဖြင့် …

“ဟင်…ဦးဇော ဘာဖြစ်နေတာလဲ။ အသံကလည်း တစ်မျိုးကြီးပဲ။ ခါတိုင်းပြောသလိုလည်း မဟုတ်ဘူး။ နေမကောင်းဘူးလား”

သူမပြောမှ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။ ငါ တကယ်ပဲ နေမကောင်းဘူးလား။

“ကောင်းပါတယ် ယမင်းရဲ့။ ဘာဖြစ်လို့လဲ”

“သြော်…နေမကောင်းဖြစ်နေရင် ညကျတော့ ယမင်းကျွေးတဲ့ Dinner လိုက်မစားနိုင်မှာ စိုးလို့ပေါ့။ ခဏနော် ဟိုမှာ ဒါရိုက်တာ လှမ်းခေါ်နေလို့”

ယမင်းက ပြောပြောဆိုဆိုနှင့် သွက်လက်စွာ လှည့်ထွက်သွား၏။

ဦးသံလွင်ကျော်ဇော သူ့နဖူးသူ ပြန်စမ်းကြည့်လိုက်သောအခါ ကိုယ်ပူနေသည်ကို တွေ့ရ၏။

သူ နေမကောင်းဖြစ်နေခြင်းတော့ မဟုတ်ပါ။ သူ ကြောက်လန့် တုန်လှုပ်နေခြင်းသာ ဖြစ်လေသည်။

ဘုရင်မလေးရေ …

မင်းရဲ့ မျက်ရည်တွေကို

ငါ…ကြောက်တယ်။

●

စောစောကလေးတင် သူကိုယ်တိုင် ရှိုက်သံတစ်ချက် မထွက် မျက်တောင်တစ်ချက် မခတ်ဘဲ ငိုခဲ့ရသည့် ငနဲတစ်ကောင် ဖြစ်ခဲ့သည်။

(သူ့အတွက်တော့ ငိုတယ်ဆိုတာ ညီအစ်ကိုအရင်းလို သံယောဇဉ်တစ်ခုကို အစိမ်းလတ်လတ် ဆုတ်ဖြဲလိုက်ရတာပါ)

ယမင်းရဲ့ မျက်ရည်တွေကကော...။

ဒါရိုက်တာက 'ကတ်'ဟု အော်လိုက်မည်။ ထို့နောက် မီးမောင်းကြီးများမှ အလင်းရောင်တွေ ငြိမ်းသွားမည်။ အားလုံးက လက်ခုပ်သြဘာပေးကြမည်။ ပြီးတော့...ပြီးတော့ ဝမ်းနည်းကြေကွဲမှု အခမ်းအနားတစ်ခု လှပစွာ အဆုံးသတ်သွားပြီး ငိုကြွေးနေသူက မျက်ရည်တွေကို သုတ်ကာ ပျော်ရွှင်စွာ ရယ်မောလိုက်မည်။ ဒါပဲ ဖြစ်သည်။

●

အတုသည် အစစ်နှင့်တူလွန်းသောအခါ ကြောက်စရာကောင်းလှပါသည်။

● ● ●

www.burmeseclassic.com

ဒုတိယမြောက် အခန်း(၁၈)

ရွှိုင်ရယ်ဂါးဒင်း (Royal Garden)

ည(၈း၀၀)နာရီ ဘုရင်မနှင့် နှင်းဆီပွင့်တို့၏ ညစာစားပွဲ။ သူ ကြောက်ရွံ့တုန်လှုပ်နေဆဲပင် ရှိသေး၏။

ဆုယမင်းကျော်ကတော့ သွက်လက်ရွှင်မြူးစွာဖြင့် ပုရစ်ကလေး တစ်ယောက်လို စကားတွေ ပြောနေသည်။ ရိုက်လက်စ ဇာတ်ကား ကလည်း လေးပုံသုံးပုံကျော်ကျော် ပြီးနေပြီဖြစ်သောကြောင့် သူမ စိတ် လက်ပေါ့ပါးနေပုံ ရ၏။

ငွေဆောင်တွင် နောက်ထပ် ဇာတ်ဝင်ခန်း ခုနစ်ခန်း၊ ရှစ်ခန်း ရိုက်ပြီးလျှင် အားလုံးပြတ်ပြီ။ ရန်ကုန်တွင် မနက်ဖြန်တစ်ရက် ရိုက်ဖို့သာ ကျန်တော့သည်။

ရှူတင်မန်နေဂျာက နောက်သုံးလေးရက်ခန့်အကြာတွင် ငွေဆောင် သို့ ထွက်ရန် စီစဉ်ထား၏။

ဆုယမင်းကျော်က စားရင်းသောက်ရင်း ခရီးထွက်မည့်ကိစ္စ အကြောင်း ပြောနေရာမှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"သြော်...ဟိုတစ်နေ့က သမီးဆီကို ဦးဇော ဖုန်းဆက်တယ်ဆို၊ မာမီပြောတယ်"

သူ့လည်ပင်းကို တစ်စုံတစ်ယောက်က ရုတ်တရက် လာရောက် ဖျစ်ညှစ်လိုက်သလိုမျိုး ခံစားလိုက်ရ၏။ အသက်ရှူကျပ်လာသည်။ နားတွေ

www.burmeseclassic.com

အူလာသည်။

“အင်း ...ဟုတ်တယ်”

ဟူသော ဝန်ခံစကားကို မပီမသဖြင့်ပင် လျှာပေါ်မှာ လုံးထွေး၍ ပြောလိုက်ရ၏။ ယမင်းက ...

“ဘာပြောစရာရှိလို့လဲဟင် ...ဦးဇော”

ထိုမေးခွန်းအဆုံးတွင် ဇမ္ဗူဒီပါလကျောတောင်ကျွန်းတစ်ခုလုံး တိတ်ဆိတ်ကာ အသံမဲ့သွားသည်။

နားထဲတွင် မှောင်မိုက်နေ၏။

●

သူမကို ချစ်သည့်အကြောင်း ပြောချင်သည်ဆိုလျှင် ယခု အခိုက် အတန့် ပြောဖို့ အသင့်တော်ဆုံးအချိန်ပင် ဖြစ်သည်ဟု သူ နားလည် လိုက်၏။

သူ ယမင်းကို လှမ်းကြည့်လိုက်သည်။ ယမင်း၏ မျက်နှာက ပကတိရိုးသားစင်ကြယ်စွာ အဖြူရောင် အစစ်ဖြင့် သန့်နေ၏။

မည်သို့ပင်ဖြစ်စေ သူ တစ်ခုခုတော့ ပြောရပေတော့မည်။

●

တကယ်တမ်း ပြောဖြစ်သွားသောအခါ သူ နှုတ်ခမ်းတွေက တည်တည်ငြိမ်ငြိမ်ရှိလွန်းနေသဖြင့် သူ့ကိုယ်သူပင် ပြန်အံ့ဩနေမိသည်။

“မနက် မနက်ဆို ကိုယ့်ရဲ့လမ်းကလေးမှာ နှင်းမြူတွေခိုလို့ ဖွေးဖွေးဆွတ်အောင် မှိုင်းနေတတ်တယ်။ အဲဒီ ခပ်စောစော ရောက်လာ တတ်တဲ့ နံနက်ခင်းတွေမှာ ကိုယ်အမြဲတမ်း လမ်းလျှောက်ဖြစ်တာပဲ။

ကိုယ် လမ်းလျှောက်ထွက်တိုင်း လေပြေထဲမှာ မြတ်လေးပန်း

www.burmeseclassic.com

ရနံ့လို စိုစွတ်အေးမြနေတဲ့ အနံ့တစ်မျိုး သင်းပျံ့နေတတ်တယ်။ သစ်ရွက်တွေကလည်း ခရမ်းရောင်ဖျော့ဖျော့ကလေး သန်းနေတတ်တယ်။

ပြီးတော့...ကိုယ် တစ်ခါမှ မြင်ခွင့်မရတဲ့ ငှက်ကလေးတစ်ကောင်ကလည်း သီချင်းဆိုနေတတ်တယ်။ ကိုယ် အဓိကပြောချင်တာ အဲဒီငှက်ကလေးအကြောင်းပါပဲ”

သူ စကားကို ခေတ္တဖြတ်ပြီး ယမင်း၏ မျက်နှာကို အေးအေးဆေးဆေး လှမ်းကြည့်လိုက်၏။ သူမ၏ မျက်ဝန်းတွေက မသိနားမလည်မှုဖြင့် ငေးလျက်သား ...။

ငှက်ကလေးတစ်ကောင်အကြောင်းကို ဘာဖြစ်လို့များ တဖွဲ့တနွဲ့ပြောပြနေရတာပါလိမ့်ဟု တွေးနေပုံပေါ်သည်။

သူ သက်ပြင်းတစ်ချက်ချပြီး စကားကို ဆက်၏။

“ကိုယ် လမ်းလျှောက်ထွက်တဲ့ မနက်ခင်းတိုင်း အဲဒီငှက်ကလေးရဲ့ ‘ဥသြ ဥသြ’ဆိုတဲ့ တွန်သံကို ကြားရတယ်။ သူ့အသံက နေခြည်ပြောက်ကလေးတွေဆီက လာသလိုမျိုး။ ဒါမှမဟုတ်ရင် သစ်ရွက်ကလေးတွေဆီက လာသလိုမျိုးပဲ။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ် အဲဒီငှက်ကလေးကို မြင်ချင်လို့ခေါင်းမော့ကြည့်ပြီး လိုက်ရှာမိတိုင်း သစ်ပင်ပေါ်မှ သစ်ရွက်ခက်လက် တွေနဲ့အရွက်စိမ်းစိမ်းတွေကြားက အဝါရောင်ဖျော့ဖျော့သန်းနေတဲ့ နေခြည်ပြောက်ကလေးတွေကိုပဲ တွေ့ရတယ်။ အဲဒီငှက်ကလေးကိုတော့ လုံးဝရှာမတွေ့ခဲ့ဘူး”

ရှိမှန်းသိလျက်နှင့် ရှာမတွေ့နိုင်ခဲ့သောအရာတွေ ဘဝမှာ များစွာရှိပေလိမ့်မည်ဟု သူ ထင်၏။ ဘယ်အရာတွေများ ဖြစ်နိုင်မလဲ။ အချစ်စစ်စစ်တစ်ခုလား၊ အမှန်တရားလား။

ရွှေရောင်လင်းလက်တောက်ပနေသည့် သုညတစ်လုံးလား။ နာဖျားခြင်းကင်းမဲ့သည့် သီချင်းတစ်ပုဒ်လား။ ရုပ်လား။ နာမ်လား။ ကံကြမ္မာ ပန်းချီကားချပ်များ ချိတ်ဆွဲထားသည့် ဧည့်ခန်းတစ်ခန်းလား။

ပန်ပွင့်လား။ လေပြေလား။ တွေဝေ မိုက်မဲတတ်သော အိပ်မက်တစ်ဆင်စာလား။ အနတ္တတရားမေ့လား။

ကျေးဇူးပြု၍ ပြန်ရှာပေးကြပါ။ ငါ့'သိမှတ်စိတ်' ပျောက်ဆုံးသွားခဲ့တာ ကြာပါပြီ။

"ငှက်ကလေးကို ရှာမတွေ့လို့ စိတ်ညစ်နေတဲ့အချိန်မှာ ကိုယ့်ခေါင်းထဲမှာ အသိဉာဏ်တစ်ခု ဖျတ်ခနဲ လင်းသွားတယ်။ ငှက်ကလေးရဲ့အသံက အေးမြတယ်။ ငြိမ်းချမ်းတယ်။ ဒါပေမဲ့ အဲဒီအသံလေးကို အသံအတိုင်း ခံစားရုံနဲ့ မတင်းတိမ်နိုင်ဘဲ အသံပိုင်ရှင်ကိုပါ မြင်ချင်လာတဲ့ ငါ့ရဲ့ အတ္တကတော့ ပူလောင်လှချေလားလို့ နားလည်လာတာ။ ဒါပါပဲ ယမင်းရယ်...။

အသံလေးကို ချစ်တယ်ဆိုရင် အသံကြားရရုံနဲ့ ကျေနပ်လိုက်တာ အကောင်းဆုံးပါပဲ။ စိတ်ကို စိတ်အတိုင်း ထားနိုင်ရမှာပေါ့။ ခံစားချက်ဆိုတာ အတ္တမပါမှ ဖြူစင်တယ်။ ယမင်း ကိုယ်ပြောတာ နားလည်ရဲ့လား"

● ● ●

www.burmeseclassic.com

အခန်း(၁၉)

မင်း …နားလည်လိမ့်မယ်လို့
ငါ မထင်ပါဘူး
ကောင်မလေးရယ်…။

●

တိမ်တိုက်များကို လှဲကျင်းသုတ်သင်လိုက်သည်။ မိုးကာအင်္ကျီဝတ်ထားသော အချစ်သည် ဖွန်လတစ်လလုံး ရပ်စောင့်နေခဲ့၏။ နယ်ရုပ်ကလေးများကို ထိုးကျွေးလိုက်ပါ။ ဒီကစားပွဲသည် နယ်ရုပ်များလောက်နှင့်သာ သင့်လျော်သော ရွှေ့ကွက်ဖြစ်သင့်သည်။ ဘုရင်ထွက်စရာ မလို။

ပုတ်သင်ညိုတစ်ကောင်၏ ကိုယ့်ကိုယ်ကို လှောင်ပြောင်လိုက်သော ရယ်သံသည် ဧရာဝတီမြစ်ကို ဆန်တက် ကူးခတ်သွားသည်။ မနက်အိပ်ရာထတိုင်း နာမဝိသေသနများဖြင့် ပလုပ်ကျင်းပါ။ လည်ချောင်းနာ ပျောက်မည်။

ငါ လည်ချောင်းနာနေသည်မှာ ကြာပါပြီ။ ဖြူစင်နူးညံ့သိမ်မွေ့သော ခြေထောက်ကလေးများကို ငါ ချစ်သည်။ ငါ အန်ပါရစေ။ ဒါမှမဟုတ် ငါ တစ်ခုခု စားပါရစေ။ အရှုးတွေအားလုံး လည်ချောင်းနာနေကြ၏။

www.burmeseclassic.com


သူမ၏ အကြည့်က စိတ်ကူးတွေအားလုံးကို သတ်လိုက်သည်။ သူမသည် အာဏာပါးကွက်သား ဖြစ်၏။ အနံ့ခါးခါးရေမွှေးတစ်ပုလင်းကို ဘဝပေး၍ ဝယ်ခဲ့သည်။ ပြတင်းပေါက်အပြင်ဘက်တွင် ကြည့်ပါ။ ကတိတွေ ကြယ်လို ကြွေခဲ့ဖူးပါသလား။ သူများက သင့်ကို မညာခင် သင့်ကိုယ်သင် အရင်ဦးအောင် ပြန်ညာလိုက်ပါ။

ငါတို့၏ လျှာများသည် ပန်းခရမ်းရောင် ပြာနှမ်းနှမ်းဖြစ်နေကြ၏။ ဘုန်းတော်ဘွဲ့ကြိုးသီချင်းတစ်ပုဒ်ကို ဆိုပါ။ ကိုယ့်လျှာကို ကိုယ်ထွေးထုတ်ပါ။ ကုလားအုတ်တစ်ကောင်ကို မျိုချပါ။ နောက်ဆုံးရထားကို မီဖို့ ဘယ်လောက်ကြာကြာ သွားရဦးမလဲ။ လမ်းမပေါ်ရပ်၍ ပျစ်ပျစ်နှစ်နှစ်ကလော်ဆဲကာ အော်ဟစ်ရယ်မောပစ်လိုက်သည်။

စက်ဝိုင်းသည် ဝိုင်း၏။ အခြားသော စက်ဝိုင်းတစ်ခုနှင့် 'မင်းနဲ့ငါ ဘယ်သူ ပိုဝိုင်းသလဲ'ဟု နှိုင်းယှဉ်ကြည့်နေစရာ မလိုပါ။

အချစ်သည် ရှည်မျောမျော လေးထောင့်ပုံ စက်ဝိုင်းတစ်ခု ဖြစ်၏။

●

မနက်ဖြန်ဆိုလျှင် ငွေဆောင်သို့ ထွက်ရတော့မည်။

သူမနှင့် စကားပြောချင်စိတ်က စစ်တုရင်ကွက်ထဲမှ ရထားရုပ်က မြန်းခနဲ ထွက်လာပြီး ကိုယ့်ကစားကွက်ကို အပိုင်စီးလိုက်သလိုမျိုး သူ့နှလုံးသားကို ရုတ်တရက် သိမ်းပိုက်လိုက်သည်။

သူ အိပ်ရာပေါ်မှ ဆတ်ခနဲ ထထိုင်လိုက်၏။

ည(၉း၀၀)နာရီ ထိုးတော့မည်။ ကိစ္စမရှိ။ စကားတစ်ခွန်းနှစ်ခွန်း ပြောရလျှင် တော်ပြီဟု သဘောထားကာ ယမင်း၏ ဟန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

ရှုတင်မရှိသည်မှာ နှစ်ရက်တိတိကြာသွားပြီ ဖြစ်သောကြောင့်

www.burmeseclassic.com

သူမနှင့် စကားပြောချင်စိတ်က မြွေကိုက်သလို တဆစ်ဆစ်နှင့် အဆိပ်တက်နေ၏။

နောက်ဆုံးရှူတင်ရှိသည့်နေ့ကလည်း ယမင်းနှင့် ကောင်းကောင်းစကားမပြောလိုက်ရ။

မိတ်ကပ်ဖန်တီးရှင် 'ဘော်ဘော်'က တစ်ချိန်လုံး အတင်းလိုက်ကပ်သဖြင့် သူ ထွက်ပြေးနေရသည်။ 'ကြာရင် ငါ့ကို ယမင်း အထင်လွဲတော့မှာပဲ'ဟု တွေးရင်း ဦးသံလွင်ကျော်ဇော အနေရ အထိုင်ရ ခက်နေ၏။

အထင်လွဲပုံကလည်း တခြားမိန်းကလေးတစ်ယောက်နှင့်ဆိုလျှင် ပြေသာသေးသည်။ မိန်းမလျာနှင့် အထင်လွဲခံရမည့်အချက်ကတော့ အဖြစ်ဆိုးလှ၏။

တွေးရင်း ...

ချွေးတွေ ပြန်လာသည်။

ယမင်းကလည်း ခုချိန်ထိ ဖုန်းမကိုင်သေး။

မင်း ...ဘာလုပ်နေတာလဲ။

မင်း ...ဘာဖြစ်နေတာလဲ။

မင်း ...ဘယ်ရောက်နေသလဲ။

ငါ့ရဲ့ ဘုရင်မလေးရယ်...။

"တီတီ...တီတီ...တီတီ"

ဖုန်းခေါ်သံကို နားထောင်ရင်း ရင်မောဖွယ် အတွေးများကို သူ မေ့ပစ်ဖို့ ကြိုးစားနေသည်။ ခဏကြာတော့ ဖုန်းထဲမှ ...

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့်..."

●

www.burmeseclassic.com


သူ ဖုန်းကို လွှင့်ပစ်ချင်စိတ်ဖြင့် ကျစ်ကျစ်ပါအောင် ကိုင်ပြီး ငိုင်နေမိ၏။ ည ၉ နာရီ ၃ မိနစ်။

မင်း

ဘာတွေ လုပ်နေသလဲကွယ်။

● ● ●

www.burmeseclassic.com

အခန်း(၂၀)

လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှာ ဝုန်းခနဲ ဝုန်းခနဲ ကမ်းခြေကို လာရိုက်ခတ်နေသည့် လှိုင်းသံတွေကို ကြားနေရ၏။

အစိမ်းခါးခါး ပင်လယ်သည် ကောင်မလေး သေးသေးလေး တစ်ယောက်လို ချစ်စရာကောင်းနေသည်။ ဆားငန်ငွေ့တွေ တွဲချိတ်နေသော ကျောက်ဆောင်တို့သည် ကောင်းကင်ထဲ မြုပ်နေသည့် တိမ်တိုက်များနှင့် တူနေလေသည်။

ယမင်းက ပင်လယ်လေတိုးသဖြင့် တဖျတ်ဖျတ်လွင့်ပျံနေသော ဆံနွယ်စများကို စုသိမ်းရင်း ဦးသံလွင်ကျော်ဇောဘက်သို့ လှည့်ပြောလိုက်သည်။

"ပင်လယ်ကြီးက အရမ်းချစ်ရာကောင်းတာပဲနော် ဦးဇော"

ဦးသံလွင်ကျော်ဇောက ခေါင်းခါသည်။

"ဟင့်အင်း…ကိုယ်ကတော့ မချစ်ရဲဘူး။ ကိုယ့်ကိုယ်ကို ကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အရမ်းချစ်လွန်းတဲ့ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကို မထိန်းသိမ်းနိုင်တဲ့အခါ ကိုယ်ချစ်တဲ့လူ ကိုယ်ချစ်တဲ့အရာကို ထိခိုက်နာကျင်အောင် လုပ်သလို ဖြစ်သွားမိမှာ စိုးလို့ပဲ"

"သမီးကတော့ အဲဒီလို မထင်ဘူး။ ချစ်ခြင်းမေတ္တာဆိုတာကိုပဲ ကြောက်စရာကောင်းတယ်လို့ ထင်တယ်။ တစ်စုံတစ်ခုကို ကိုယ်ပိုပြီး ချစ်မိလာလေလေ အဲဒီတစ်စုံတစ်ခုက ကိုယ့်ဆီက ပိုပြီး ယူသွားလေလေပဲ

လို့ ထင်တယ်။ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲလေ။ ကိုယ်က ချစ်မိပြီဆိုမှ တော့ ဘယ်လောက် ဆုံးရှုံးဆုံးရှုံး ပေးဆပ်ရတော့မှာပဲပေါ့”

သူမ၏ စကားကြောင့် ဦးသံလွင်ကျော်ဇော ပြုံးမိသည်။

နောက်…

“ဒါကတော့ ယမင်းရယ်…ကိုယ့်အယူအဆနဲ့ ကိုယ်ပေါ့။ ခွဲစိတ်ကုဆရာဝန်တစ်ယောက်ဟာ ခွဲစိတ်ပြီး ကုရတဲ့ ကုထုံးကိုမှ ယုံကြည်တတ်ကြသလိုမျိုးပဲ။ လူတွေဟာ သူတို့ သိထားနားလည်ထားတဲ့အပေါ်မှာ အစွဲအလမ်း ကြီးတတ်ကြတယ်”

သောင်ပြင်ပေါ်တွင် ပြေးလွှားနေသည့် ကဏန်းကလေးများကို မြင်ရသည်။ လှိုင်းတွေကို သဲများက စုပ်ယူလိုက်ကြသည်။ ရေကျသွားသော သဲသောင်ပြင်သည် နူးညံ့မာကျောနေ၏။

ဦးသံလွင်ကျော်ဇောက…

“တကယ်တော့ အချစ်ဆိုတာ ကိုယ်တို့အားလုံး အဓိပ္ပာယ်ပြည့်ပြည့်စုံစုံ ဖွင့်ဖို့ မတတ်နိုင်လောက်အောင် ခမ်းနားကြီးကျယ်တဲ့ အရာဖြစ်ချင်ဖြစ်နေမှာပေါ့။ လူရဲ့အသိဉာဏ်ဟာ မေတ္တာတရားနဲ့ ယှဉ်လိုက်ရင် သေးငယ်လွန်းတယ်လို့ မထင်ဘူးလား”

“လူဆိုတာ သိပ်ကို သဘာဝကျတဲ့ တိရစ္ဆာန်တစ်မျိုးပဲ ဦးဇော။ ‘အချစ်’ဆိုတာကို ခဏလေးပဲ ခံစားတယ်။ ဂုဏ်သိက္ခာ၊ ငွေကြေးနဲ့ စဉ်းစားဆင်ခြင်မှုကိုတော့ တစ်သက်လုံး ခံစားတယ်”

“ဒါဆို အချစ်ဆိုတာ အစိတ်အပိုင်းသေးသေးလေးတွေနဲ့ ဖွဲ့စည်းထားတာလို့ ပြောချင်တာလား ယမင်း။ အချစ်ဟာ အရေးမကြီးဘူးလား”

သူ့ အမေးစကားကြောင့် ယမင်း သက်ပြင်းဖွဖွချသည်။ နောက်

“အစိတ်အပိုင်းသေးသေးလေးတွေနဲ့ ဖွဲ့စည်းထားတိုင်း အရေးမကြီးဘူးလို့တော့ ပြောလို့ မရပါဘူးလေ…။ ဥပမာပြောရရင် ဂုဏ်သိက္ခာဆိုတာလည်း အစိတ်အပိုင်းသေးသေးလေးတွေနဲ့ ဖွဲ့စည်းထားတဲ့အရာပဲ။ နည်းနည်း နည်းနည်းချင်းစီ စွန့်လွှတ်လိုက်ရရုံနဲ့ နောက်ဆုံးမှာ ဘာမှ

www.burmeseclassic.com

မကျန်ဘဲ ဖြစ်သွားတတ်တာမျိုးပဲ”

ယမင်းဆီမှ ဒီလိုစကား ကြားရလိမ့်မည်ဟု မျှော်လင့်မထားမိသောကြောင့် သူ့ရင်ထဲမှာ နွေးခနဲ တစ်စုံတစ်ရာ ခံစားလိုက်ရသည်။

ယမင်းလှည့်ထွက်သွားသည်ကို သူ ရပ်ငေးကြည့်နေမိ၏။ ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေကြောင့် ယမင်း၏ အနီရောင်ရဲရဲဆိုးထားသည့် ဆံပင်တွေ တဖျတ်ဖျတ် လူးလွန့်နေသည်။

သူမသည် ဖယောင်းတိုင်ထိပ်မှ မီးလျှံနှင့် တူနေလေသည်။

●

သောင်စပ်ဆီသို့ တလိပ်လိပ်တက်လာသော ရေလှိုင်းများကို ငေးကြည့်နေစဉ်မှာပင် သူ့နောက်ကျောဘက်၌ တစ်စုံတစ်ယောက် လာရပ်သည်ကို ဦးသံလွင်ကျော်ဇော သတိထားလိုက်မိသည်။

သူ လှည့်ကြည့်မည်ပြုစဉ် နောက်မှ ခေါ်သံက...

“ဦးဇော”

ချွဲချွဲပျစ်ပျစ်ခေါ်သံကြောင့် သူ့ကျောထဲ စိမ့်ဝင်သွားသည်။ မိတ်ကပ် ‘ဘော်ဘော်’။ ဘုရားရေ...သူ ငါ့ကို ဘယ်အချိန်ကတည်းက ချောင်းနေတာပါလိမ့်။

“ဦးဇော...ဟင့်...ဟင့်”

ဘက်ထရီမကောင်းသော ကားဟွန်းအပျက်ကို ခပ်ကြာကြာ ဆွဲ၍ နှိပ်ထားသလိုမျိုးအသံဖြင့် ထပ်ခေါ်နေသောကြောင့် သူ ကြောက်လန့်တကြား လှည့်ကြည့်လိုက်ရသည်။

“ဩော်...ဟဲ ...ဟဲ ...ဘော်ဘော်ပါလား။ ဟဲ ...ဟဲ ...ဘယ်သွားမလို့လဲဟင်”

ဘော်ဘော်က ခြေမဖျားလောက်ကြီးသော နှုတ်ခမ်းထူလပျစ်ကြီးများကို စူထားလိုက်ရင်း ...

"အချစ်ရှိတဲ့အရပ်ကို သွားမလို့...ဟင့်"

"ဩော်...ချစ်တီးထမင်းဆိုင်ကို သွားမလို့ကိုး"

ဦးသံလွင်ကျော်ဇော၏ ညစ်တစ်တစ်စကားကြောင့် ဘော်ဘော့် မျက်နှာသည် လေလျှော့ထားသည့် ပူဖောင်းလို ရှုံ့သွား၏။ ထို့နောက်...

"ဟင်း ...ဦးဇောကတော့ လျှောင်နိုင်မှာပေါ့လေ။ အသည်းနှလုံးမှ မရှိဘဲ။ ဘော်ဘော်ကသာ ဝေဒနာခံစားနေရတာ...သိလား"

"ဒူလာဖြစ်မှာပေါ့။ သူများတွေက မိုးရွာမှသာ ဒူလာထကြတာ။ ကိုစိန်ဘော့ရောဂါက အဆန်းပဲနော်"

"ကြည့်ပါလား...ဒီက အကောင်းပြောနေတဲ့ ဟာကို...။ ဘော်ဘော် ငိုချင်လာပြီနော်...ဟင့်...ဟင့်"

ပြောရင်းနှင့် ဘော်ဘော့်မျက်လုံးမှ မျက်ရည်တွေက ဆီးရှင်ဆေး စားထားသလို တဖြိန်းဖြိန်းကျလာ၏။ ဦးသံလွင်ကျော်ဇော မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကမန်းကတန်းချော့ရသည်။

"ဟာ...ကန်တော့...ကန်တော့။ အဲ...မဟုတ်ပါဘူး။ဆောရီး... ဆောရီး...။ မငိုနဲ့...မငိုနဲ့တော့နော်။ တိတ်...တိတ်"

ဘော်ဘော်က မျက်ရည်နှင့်နှပ်ချေးများကို သုတ်ရင်း တရှုံ့ရှုံ့ ဖြင့်...

"ဘော်ဘော်ကလေ...အသည်းနုလို့လား မသိဘူး၊ မျက်ရည် လည်း အရမ်းလွယ်တာ။ ချစ်လည်း အရမ်းချစ်တတ်တာ သိလား...။ ကိုယ်ချစ်တဲ့သူဆိုရင် ဇီးဖြူဖန်ခါးလို ပါးစပ်ထဲမှာ ငုံထားချင်တာ"

'ကိုယ်ချစ်တဲ့သူ'ဟူသော စကားကိုပြောရင်း မျက်နက်ဝန်း ကလေးကို ဦးသံလွင်ကျော်ဇောဘက်သို့ ထောင့်ကပ်ကြည့်လိုက်၏။ ဦးသံလွင်ကျော်ဇောကတော့ နေရာတွင်ပင် ပစ်လှဲပြီး အသက်ကို ဖြစ်သည့် နည်းဖြင့် ထွက်ပစ်လိုက်ချင်စိတ် ပေါက်သွား၏။ သူက ...

"လူတစ်ယောက်လုံးကိုတော့ ခုအတိုင်းကြီး ငုံလို့ ဆံ့မှာ မဟုတ်ဘူး ထင်တယ်။ အရင်ဆုံး အစမ်းသဘောလောက် ညောင်ရေအိုး

www.burmeseclassic.com

လောက်ဖြစ်ဖြစ် အလေ့အကျင့်ရအောင် တစ်နေ့ သုံးခါလောက် ငုံကြည့်ပါလားဟင်...”

“ဟင်း...ဦးဇော်နော်။ ဒီက အကောင်းပြောနေတာ...သိလား”

“အား...သိတယ် သိတယ်။ ဟဲ...ဟဲ...သွားတော့မယ်နော်”

“ဟင်...ဘယ်သွားမှာလဲ၊ ကြည့်ပါလားလို့...။ ဒီက စကားတောင် ကောင်းကောင်း မပြောရသေးဘူး”

ဘော်ဘော်က ဦးသံလွင်ကျော်ဇောလက်ကို အတင်းဆွဲ၏။ ဦးသံလွင်ကျော်ဇော၏ မျက်လုံးတွေ ချာချာလည်သွားသည်။ ဟိုက်... ပြဿနာပဲ။ ဒီပုံစံနဲ့များ ငါ့ကို ယမင်းမြင်သွားရင်တော့ ရှင်းရခက်ပြီဟု အထိတ်အလန့်တွေးလိုက်ရင်း...

“ဟို...ဟိုဒင်း...အေးအေးဆေးဆေးပေါ့ ဘော်ဘော်ရယ်။ နောက်တွေ့ဖို့ အချိန်တွေ အများကြီး ရှိသေးတဲ့ဥစ္စာ။ နောက်မှ...နော်။ နောက်တော့မှ...”

“ဘာ...နောက်တော့မှလဲ။ အဲဒီလို အချိန်တွေဆွဲရင်းဆွဲရင်းနဲ့ ဝေးနေရတာ ကြာလှပြီ။ ဘော်ဘော်ကတော့လေ ဦးဇောနားမှာ အမြဲနေချင်တာ သိလား...။ တစ်စက္ကန့်လေးတောင် မခွဲချင်ဘူး။ ဟို...ပုံပြင်ထဲကလိုလေ...။ လူမျက်နှာနဲ့ အတောင်ပံနှစ်ဖက်ပါတာ...အဲဒါ ဘာလဲ”

“လူပျံတော်ပတ္တမြား ဖြစ်မှာပေါ့”

“ဟာ...မဟုတ်ပါဘူး။ ဩော်...သိပြီ။ ကိန္နရီ ကိန္နရာမောင်နှံလိုလေ...”

ကိန္နရီကိန္နရာမောင်နှံ မျက်ရည်ချောင်းစီးတယ်ဆိုတာ ဒါမျိုး နေမှာပဲဟု ဦးသံလွင်ကျော်ဇော တွေးမိသည်။ အခု သူလည်း မျက်ရည်ချောင်းစီးအောင် အော်ငိုပစ်လိုက်ချင်နေ၏။ သူက...

“အဲဒီ ကိန္နရီမောင်နှံက အိမ်သာဝင်ရင်တော့ အတူတူဝင်လို့ ရမှာ မဟုတ်ဘူးနော်”

သူ့စကားကြောင့် ဘော်ဘော်က အူတူတူဖြင့် ခေါင်းခါပြ၏။

ဦးသံလွင်ကျော်ဇောက...

“ခု ကိုယ်လည်း...ဟဲ...ဟဲ...အရမ်း အိမ်သာတက်ချင်နေလို့ ကိန္နရီမောင်နှံတွေလို ခဏလောက်တော့ ခွဲရအောင်နော်...တာ့တာ”

ပန်းတိုင်ဝင်ခါနီး အပြေးသမားတစ်ယောက်၏ သွက်လက်မှုမျိုးဖြင့် ဝိုးခနဲ လေကိုဆန်ကာ ခြေကုန်သုတ်ခဲ့သည်။ ယမင်း မြင်မသွားလို့ တော်ပါသေးရဲ့ဟု တွေးကာ သက်ပြင်းချဖြစ်၏။

● ● ●

www.burmeseclassic.com

အခန်း(၂၁)

သောင်စပ်တွင် ရုပ်ရှင်ရိုက်ကွင်းအတွက် ပြင်ဆင်နေသည်ကို ဦးသံလွင်ကျော်ဇော ငေးကြည့်နေမိသည်။ ရေပုံးသယ်သည့်ကိရိယာနှင့်တူသော ကရိန်းကိုလည်း အလုပ်သမား ၅ယောက်၊ ၆ယောက်လောက်က ဝိုင်းဝန်းတပ်ဆင်နေကြ၏။

ယမင်းကိုတော့ မမြင်ရသေး။ အခန်းထဲ၌ အလှပြင်နေဆဲပင်ရှိလိမ့်ဦးမည်ဟု သူ တွက်မိ၏။ ထိုစဉ် တိုနီက ပျာယာ ပျာယာဖြင့် သူ့အနားရောက်လာပြီး...

"ဦးဇော ဆက်တင်လုပ်ထားတဲ့လှေကို ဆေးသုတ်ပေးပါဦး။ ခိုင်းတယ်လို့တော့ မထင်ပါနဲ့ဗျာ။ ဟဲ...ဟဲ...ဒါမျိုးက ကူညီရခဲတယ်နော်"

"ဟာကွာ...မင်းကလည်း"

ဆေးဝင်သုတ်ပေးရလျှင် သူ့လက်တွေကို ပေကျံကုန်မည်စိုးသောကြောင့် ဦးသံလွင်ကျော်ဇော တွန့်သွား၏။ ဒီနေ့မှ သူကလည်း တီရှပ်ဆင်စွယ်ရောင်နှင့် 501 ဂျင်းဘောင်းဘီကျပ်ကျပ်ကို ဝတ်ပြီး ကြောက်ခမန်းလိလိ အပုံစား လှပသားနားနေခြင်း ဖြစ်သည်။

"မင်းတို့ ဒါရိုက်တာကော...ဘယ်ရောက်နေလဲ"

သူ့စကားကြောင့် တိုနီ တစ်ချက်ရယ်သည်။ ထို့နောက်...

"ဒါရိုက်တာ ငါးသွားဖမ်းနေတယ်ဗျ"

ကောင်းရောကွာ...ဟု သူ့စိတ်ထဲမှ ရေရွတ်မိသည်။ ဒါရိုက်တာအောင်ကြီးက ငါးဖမ်းရတာ တော်တော်ဝါသနာပါပုံ ရသည်။ (ငွေဆောင်မှာလာရိုက်သည့် ရည်ရွယ်ချက်ကပင်လျှင် ဇာတ်ကားကိစ္စက ၃၀ ရာခိုင်နှုန်း၊ သူ ငါးဖမ်းချင်သည်က ၇၀ ရာခိုင်နှုန်းလောက် ပါသည် ထင်၏)

"ဒါဖြင့် ဇာတ်ညွှန်းရေးဆရာ ထူးဇော်ကော..."

"သူလည်း မနေ့ညနေက ရေထဲဆင်းပြီးဆော့တာ အဆော့လွန်သွားလို့ မျက်မှန် ရေထဲကျွတ်ကျသွားတယ်။ ခုတော့ ဘာမှ မမြင်ရလို့ ငုတ်တုတ်ထိုင်နေတယ်လေ"

ဦးသံလွင်ကျော်ဇောဲ စိတ်ညစ်သွားသည်။ ကိုယ့်ထက်ကဲတဲ့လူတွေနဲ့ချည်းပဲ တိုးနေပါရောလားဟု တွေးဖြစ်၏။ မတတ်နိုင်တော့။

"ကဲ...ကဲ...ဆေးပုံးတွေ ငါ့ကိုပေး။ ဘယ်မှာလဲ ဆေးသုတ်ရမယ့်လှေ"

"ဟိုမှာ...ဆေးပုံးတွေနဲ့ လေးလက်မ စုတ်တံအပြားတွေပါ။ အသင့်ပြင်ထားပြီးသား...ဆေးစပ်ပြီး သုတ်ရုံပဲ"

ဆေးပုံးတွေက မရမည်ဖြစ်သောကြောင့် ဦးသံလွင်ကျော်ဇောကကားသော့ကို သူ့ဂျင်းဘောင်းဘီ ရှေ့အိတ်ထဲသို့ ထိုးထည့်လိုက်၏။

ထို့နောက် ဆေးပုံးများထဲသို့ ပလတ်စတစ်သုတ်ဆေး (Plastic Paint) အဖြူရောင်များ လောင်းထည့်ကာ မွှေသည်။ လိုအပ်သည့်အရောင် ရလာသည့်အခါတွင်မှ ဆက်တင်လုပ်ထားသည့် လှေကိုဆေးသုတ်တော့သည်။

နာရီဝက်ခန့်အကြာတွင်...

"ဦးဇော..."

စာကလေးကို ကြောင်ခုပ်သည့်အသံမျိုး ကြားလိုက်ရကတည်းက မိတ်ကပ်ဘော်ဘော်ဖြစ်မှန်း လှည့်ကြည့်စရာမလိုဘဲ သိလိုက်၏။ ဦးသံလွင်ကျော်ဇောက လန့်ပြီး အော်ပြေးချင်စိတ်ကို မနည်းအားတင်းထိန်းချုပ်ထားရသည်။

www.burmeseclassic.com

ဆေးသုတ်သည့်အလုပ်ထဲတွင် အာရုံနစ်မြုပ်နေသလိုလို ဘာလိုလို ဟန်ဆောင်နေလိုက်၏။ ဘော်ဘော်က ခြေကို ဆောင့်ရင်း...

"ဦးဇော...ကြည့်ပါလား။ ခေါ်နေတဲ့ဥစ္စာကို..."

"ဟမ်...ဘာလဲဟင်"

"ကားထဲမှာ ဘော်ဘော့်နေကာမျက်မှန် ကျန်နေခဲ့လို့။ အဲဒါ သွားယူမလို့။ ဦးဇောဆီက ကားသော့ လာတောင်းတာ"

ကားသော့က သူ့ဂျင်းဘောင်းဘီ ရှေ့အိတ်ထဲမှာ။ သူ့လက်နှစ်ဖက်လည်း ဆေးရောင်မျိုးစုံ ပေပွနေပြီဖြစ်ရာ သူက...

"ယူသွားလေ...ကားသော့က ဘောင်းဘီရှေ့အိတ်ထဲမှာ"

သူ့နားက မြန်မြန်သွားပါစေတော့ဟူသည့်သဘောဖြင့် ပြီးစလွယ် ပြောလိုက်သည်။

ဘော်ဘော်က...

"ဟွန်း...လူကြီးကိုကနော်။ ရိုးသလိုလို အသလိုလိုနဲ့ ဉာဏ်များလိုက်တာ...မုန်းစရာကြီး"

ဟု ပြောရင်း ဦးသံလွင်ကျော်ဇော၏ ခါးကို နောက်မှ သိုင်းဖက်ရင်း ဘောင်းဘီရှေ့အိတ်နှစ်ဖက်ထဲသို့ လက်ဖြင့် စုံနှိုက်လိုက်၏။

"ဟိုက်...ဒုက္ခပါပဲ"

ဦးသံလွင်ကျော်ဇော၏ မျက်စိနှစ်လုံးက တရုတ်အသုဘတွင် တီးသည့် လင်ပန်းလောက်နီးနီး ပြူးထွက်လာသည်။ ဂျင်းဘောင်းဘီက တင်းကျပ်နေသဖြင့် ဘော်ဘော်၏လက်နှစ်ဖက်ကလည်း ချက်ချင်းပြန်ထုတ်၍ မရ။

ထိုအချိန်မှာပင် "ဘော်ဘော်ရေ..."ဟူသည့် ခေါ်သံနှင့်အတူ ဘွားခနဲထွက်လာသည့် ယမင်းကို တွေ့လိုက်ရသည်။ ယမင်းကလည်း ရုတ်တရက်မို့ ဦးသံလွင်ကျော်ဇောနှင့် ဘော်ဘော်တို့ ဖြစ်နေကြပုံကို တည့်တည့်ကြီး စိုက်ကြည့်နေမိပြီးမှ သတိဝင်လာသလို 'ဩော်...'ဟု ခပ်တိုးတိုးရေရွတ်ပြီး စိတ်ထဲမှ တိတ်တဆိတ် ကျိတ်ရယ်မောကာ

လှည့်ထွက်သွား၏။

ဦးသံလွင်ကျော်ဇောကတော့ ယမင်း ကျိတ်ရယ်သွားသည်ကို မသိလိုက်။ သူနှင့်ဘော်ဘော်ကို မြင်ပြီး ယမင်းစိတ်ထဲ တစ်မျိုးထင်သွားပြီဟု အောက်မေ့ကာ ခေါင်းကို လော်ရီကားဆယ်စီး တက်ကြိတ်သွားသလို ခံစားလိုက်ရ၏။

"ဟာ...ယမင်း...ယမင်း နေဦး။ ခဏနေပါဦး။ ကိုယ်ပြောပြပါရစေ။ ဟာ...သွားပါပြီကွာ"

●

ထိုနေ့တစ်နေ့လုံး (အကြောင်းမသိသူများအဖို့) ဦးသံလွင်ကျော်ဇောကို ကြည့်ရသည်မှာ ပဋ္ဌာစာရီဇာတ်ကဖို့ လေ့ကျင့်နေသလားဟုပင် ထင်စရာကောင်း၏။

ဟိုပြေးလိုက်...ဒီပြေးလိုက်ဖြင့် ပျာယာခတ်နေ၏။ ထိုင်လျှင်လည်း ကြာကြာမထိုင်။ ရပ်လျှင်လည်း တစ်နေရာတည်း ကြာကြာမရပ်။ ဂနာမငြိမ်စွာဖြင့် နှာခေါင်းကို နှိုက်လိုက်၊ နားရွက်ကိုကုတ်လိုက်၊ ခေါင်းကို ပွတ်လိုက်နှင့် ဣန္ဒြေမရ ဖြစ်နေ၏။

ရိုက်နေဆဲ ဇာတ်ဝင်ခန်းတစ်ခန်းနှင့်တစ်ခန်းကြား အချိန်ရလျှင် ရသလို လစ်လျှင်လစ်သလို ယမင်းအနားသို့ ပြေးကပ်သွားပြီး...

"ယမင်း...ကိုယ် ရှင်းပြပါရစေ ယမင်းရယ်။ ဟို...ဟို... မနက်တုန်းက ဖြစ်ပုံက ဒီလို...အဲ...ဘော်ဘော်ကလေ ကိုယ့်ဆီကိုလာ ပြီး ကားသော့တောင်းတာ။ အဲဒါ ကားသော့ကလည်း ဘောင်းဘီအိတ်ထဲမှာဆိုတော့ ကိုယ့်လက်တွေကလည်း ပေနေတာနဲ့ သူ့ကို နှိုက်ယူခိုင်းနေတုန်း ဟိုဒင်း...ယမင်းက ရောက်...ရောက်လာပြီး"

"ခစ်...ခစ်...ခစ်..."

ယမင်းကတော့ စကားဆုံးအောင်ပင် နားမထောင်။ တခစ်ခစ်

www.burmeseclassic.com

ရယ်ပြီး ထပြေးထွက်သွားသည်။ အမှန်တော့ ယမင်းက အစအဆုံးသိပြီးသား။ ဖြစ်ပုံက သည်လောက်ရယ်စရာမကောင်း။ သို့သော် ထိုကိစ္စကို မနေနိုင်မထိုင်နိုင်ဖြင့် သူမကို နာရီဝက်တစ်ခါနှုန်းလောက် ခဏခဏလာလာရှင်းပြနေသော ဦးသံလွင်ကျော်ဇော၏ လုပ်ပုံက ပိုရယ်စရာကောင်းနေ၏။

ဦးသံလွင်ကျော်ဇောကလည်း သူ ရှင်းပြသည်ကို သေသေချာချာ နားမထောင်ဘဲ ရယ်ရုံသာ ရယ်ပြီး သူ့အနားမှ ခွာခွာသွားသော ယမင်းကို ကြည့်ကာ...စိုးရိမ်ကြောင့်ကြစိတ်တွေ ပိုပိုများလာသည်။

ဘာဖြစ်လို့ ငါ့ကို သူ့အနား အကပ်မခံတာလဲ။ အရင်တုန်းက ဒီလိုမှ မဟုတ်တာ။ ဘော်ဘော်ကများ ယမင်းကို ဘာတွေလျှောက်ပြောထားသလဲ။ သူ ဘာဖြစ်လို့ ငါ့ကို ရယ်တာလဲ။ သရော်တာလား။ လှောင်တာလား။ ရွံ့ချချင်တာလား။

သည်လိုနှင့် သူ့အတွေးတွေ ရှုပ်ထွေး မွစာကြကာ စဉ်းစား ဆင်ခြင်နိုင်စွမ်းဒီဂရီ သုညအမှတ်သို့ ထိုးဆင်းသွား၏။ ယမင်းက ပြေးလေလေ သူက အတင်းလိုက်ပြီး ရှင်းပြလေလေဖြင့် ရှုပ်ပြီးရင်း ရှုပ်နေလေတော့သည်။

အဲသည်နေ့ ညနေခင်း...

အလွမ်းဇာတ်ဝင်ခန်းတစ်ခု ရိုက်ရန်ပြင်ဆင်နေကြဆဲ...ယမင်းက ရှူတင်အဖွဲ့သားများအားလုံးနှင့် ဝေးသောနေရာတွင် တစ်ယောက်တည်း သွားထိုင်ကာ ဇာတ်လမ်းအရ သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်ကို ခံစားချက် ပြန်သွင်းလျက် ကြေကွဲသည့် Mood ကို စိတ်ထဲမှာ ပျိုးယူနေသည်။

သရုပ်ဆောင်ရမည့် ဇာတ်ကောင်၏ ခံစားချက်က တစ်စိမ့်စိမ့် စီးဝင်လာသည်နှင့်အမျှ သူမ၏ ရင်ထဲတွင်လည်း ကြေကွဲဆွတ်ပျံ့မှုတွေ လွှမ်းမိုးကာ မျက်ရည်ဝဲလာသည်။ ဗွီဒီယိုရိုက်ကွင်း မီးရောင်အောက်ဝင်ဖို့ အသင့်ဖြစ်ပြီး သူမမျက်ရည်တွေကို စုနေအောင် ထိန်းထားလိုက်၏။

ထိုအချိန်တွင် သူမ၏ဘေးကို ဖြုန်းခနဲရောက်လာသူက ဦးသံလွင်ကျော်ဇော…

"ယမင်း…ကျွန်တော် ပြောပြတာကို နားထောင်ပါဦး ယမင်း ရယ်။ အမှန်ကလေ…ဘော်ဘော်က ကျွန်တော့်ဘောင်းဘီအိတ်ထဲက ကားသော့ကို နှိုက်တာ သိလား။ ကျွန်တော်ကလည်း ဆေးသုတ်ရမှာ ဆိုတော့ ကားသော့ကို အမှတ်တမဲ့ ဘောင်းဘီအိတ်ထဲ ထည့်မိ…"

ယမင်း ဘယ်လိုမှ အောင့်မထားနိုင်တော့ဘဲ ရယ်ချပစ်လိုက်တော့သည်။ စောစောက သူမ ကြိုးစားပမ်းစားစုထားသမျှ မျက်ရည်တွေ ဘယ်လိုရောက်သွားပြီမှန်း မသိတော့။ ကြေကွဲလို့လည်း မရ။ ဝမ်းနည်းလို့လည်း မရ။ ဗိုက်ကိုနှိပ်ပြီး ရယ်၍သာ နေချင်တော့သည်။

ကြာကြာနေလျှင် ဒီအလွမ်းခန်းကို ဘယ်လိုမှ ရိုက်၍ရမည် မဟုတ်တော့။ ထို့ကြောင့် ယမင်းက အတင်းမျက်နှာပိုးသတ် အရယ်ရပ်ပြီး

"ကဲ…ဦးဇော။ ဒီနေ့အဖို့တော့ သမီးကို ဘာစကားမှ လာမပြော ပါနဲ့တော့နော်။ ကျေးဇူးပြုပြီး ခပ်ဝေးဝေးမှာ နေပေးပါ။ ဟုတ်ပြီလား။ သမီး အလုပ်လုပ်ရဦးမှာမို့လို့ပါ…နော်"

ဦးသံလွင်ကျော်ဇောကတော့ မျက်လုံးလေးများကို ပြာလတွတ် ပြာလတွတ်လုပ်ရင်း ချာတိချာလည်ဖြင့် အကြောင်းသား ရပ်ကာ ကျန်ခဲ့၏။

●

ည ခုနစ်နာရီ ခွဲတော့မည်။

ဦးသံလွင်ကျော်ဇော ထမင်းမစားရသေး။ ပင်လယ်ကမ်းခြေဘက် မျက်နှာမူထားသော ဟိုတယ်ခြံစည်းရိုး အုတ်နံရံပုပုကလေးနှင့် အလှစိုက် ပန်းပင်ကလေးများ၊ အုန်းပင်များကြားတွင် ခေါက်တုန့်ခေါက်ပြန် လျှောက် ရင်း ယမင်းတည်းနေသည့် ဘန်ဂလိုအခန်းတံခါးဆီ မျှော်မျှော်ကြည့်

www.burmeseclassic.com

သည်။

ယမင်းက ခုချိန်ထိ ထွက်မလာသေးဘူးဟု သူ စိတ်ဓာတ်ကျစွာဖြင့် တွေးမိ၏။ သူ ချောင်းမြောင်းနေသည်မှာ ညနေ ၆ နာရီခွဲ ကတည်းက။ ဗိုက်လည်း ဆာလှပြီ။ ခေါက်တုန့်ခေါက်ပြန် လျှောက်ရ လွန်း၍ ခြေထောက်တွေလည်း ညောင်းလှပြီ။

ကောင်းကင်ကို မော့ကြည့်လိုက်သောအခါ ကြယ်စင်တွေ အိပ်စက်နေသည့်ကြားမှာ အဖြူနုစ်ရောင်လင်းပနေသည့် လမင်းကို မြင်ရ၏။ 'လမင်းဆိုတာ အလင်းရောင်ကိုပဲ ပေးနိုင်တယ်။ အနွေးဓာတ်ကိုတော့ မပေးနိုင်ဘူး'ဟူသည့် စာသားတချို့ကို သူ ပြန်သတိရဖြစ်သည်။

အားငယ်မှု တစ်စိတ်တစ်ပိုင်းဖြင့် သူ လှမ်းမျှော်ကြည့်နေရသော 'အချစ်'သည်လည်း အလင်းရောင်ကိုသာ မြင်ခွင့်ရစေပြီး နွေးထွေးမှု ကင်းမဲ့နေကြောင်း သူ တွေးမိသည်။

'သြော်…မင်းဟာ ငါ့ရဲ့ လမင်းသခင်မပေါ့ကွယ်' တီးတိုးညည်း ရင်း သူ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

အလင်းရောင် ဘယ်တော့ ကွယ်သွားမလဲဆိုသည်ကိုမူ သူ မစဉ်းစားချင်ပါ။

ထိုစဉ် ဘန်ဂလိုထဲမှ ထွက်လာသော ယမင်းကို သူ လှမ်းမြင် လိုက်ရ၏။ ရင်ထဲတွင် လျှပ်ပြက်သလို ခံစားလိုက်ရသည်။ သူမရှိရာဆီ ပြေးသွားဖို့ စိတ်ကူးထားသော်လည်း လက်တွေ့တွင် သူ့တစ်ကိုယ်လုံး တောင့်တင်းနေ၏။ ခြေလှမ်းတွေ ရွေ့မရ။

ယမင်းကတော့ မြက်ခင်းစိမ်းစိမ်းကြားမှ ကျောက်ပြားလမ်း ကလေးအတိုင်း လျှောက်သွားနေသည်။ ဧည့်သည်လက်ခံဌာန (Reception)ဆီ သွားနေခြင်းဖြစ်၏။ ဦးသံလွင်ကျော်ဇော စိတ်ထဲတွင် ချီတုံချတုံ ဖြစ်နေသည်။

အကယ်၍ သူမမှာ ကိစ္စတစ်ခုခု ရှိနေသည်ဆိုလျှင်ဖြင့် သူ အနှောင့်အယှက် ထပ်မပေးချင်။ တစ်နေ့လုံး သူလုပ်နေခဲ့ပုံတွေကပင်လျှင်

www.burmeseclassic.com


ယမင်းအလုပ်ကို တော်တော်နှောင့်ယှက်ရာ ကျလွန်းနေပြီဖြစ်၏။

ဦးသံလွင်ကျော်ဇောက ယမင်း၏နောက်ဘက် အတော်ခပ်လှမ်းလှမ်းမှ လိုက်သွားလိုက်သည်။ သူမ Reception မှ အပြန်တွင် စောင့်ပြီး စကားပြောဖို့ စိတ်ကူးလိပ်ပြာတွေ လွှတ်လိုက်၏။ အိုကေ...။

ယမင်းက ဧည့်ကြိုမိန်းကလေးအား တစ်စုံတစ်ခု ပြောနေသည်။ ဧည့်ကြိုမိန်းကလေးက တယ်လီဖုန်းရှိရာဆီသို့ လက်ညှိုးထိုးပြ၏။ ထို့နောက် ယမင်းက တယ်လီဖုန်းဒိုင်ခွက်ပေါ်မှ ဂဏန်းများကို သွက်လက်စွာနှိပ်ပြီး စကားပြောနေသည်ကို လှမ်းမြင်ရ၏။

ဦးသံလွင်ကျော်ဇော တစ်ချက်ပြုံးလိုက်သည်။ နောက် Reception ရှိရာဆီသို့ သူ ပေါ့ပေါ့ပါးပါးပင် လျှောက်လာခဲ့၏။ သူမ တယ်လီဖုန်းပြောပြီး ပြန်လှည့်လိုက်သည့်အခါ သူ့ကို ဗြုန်းခနဲမြင်လိုက်ရအောင် သူမ၏ နောက်ကျောတည့်တည့်တွင် သွားရပ်နေမည်ဟု စိတ်ကူးပစ်လိုက်သည်။

ဧည့်ကြိုကောင်တာဆီ ဦးတည်နေသော အုတ်လှေခါးထစ်ပုပုလေး သုံးထစ်ကို သူ ခပ်ဖွဖွတက်သည်။ ထိုစဉ်မှာပင် ဖုန်းပြောနေသည့် ယမင်း၏အသံကို သူ ကြားလိုက်ရသည်။

"ဖွဲ့မွန်ကလည်းကွာ...ကလေးကျနေတာပဲ စိတ်ကောက်နေပြန်ပြီ"

"... ... ..."

"တို့ကို နားလည်ပေးပါ ဖွဲ့မွန်ရယ်...နော်။ ဒီမှာ ကားရိုက်တာမှ မပြတ်သေးဘဲ။ သိရဲ့သားနဲ့ကွာ။ ဖွဲ့မွန် တို့ကို မချစ်ဘူးလားဟင်...ပြော"

"... ... ..."

"ချစ်တယ်ဆိုရင် တို့ကို ဘာဖြစ်လို့ စိတ်ညစ်အောင် လုပ်နေရတာလဲလို့"

"... ... ..."

"ဟင့်အင်း...ဟင့်အင်း...စိတ်ညစ်အောင်လုပ်လို့ လုပ်တယ်

www.burmeseclassic.com

ပြောတာပဲ။ တို့သိပါတယ် ဖွဲ့မွန်ရယ်။ တို့က ဖွဲ့မွန်ကို အရမ်းချစ်မှန်းသိလို့ တို့ကို သက်သက် အနိုင်ကျင့်နေတာ မဟုတ်လား"

"... ... ..."

"ဘာမဟုတ်ရမှာလဲ။ ဖွဲ့မွန်က တို့ချစ်သလောက်မှ မချစ်တဲ့ဥစ္စာကို"

"... ... ..."

"အင်း...အင်း...ဒါပဲနော် ဖွဲ့မွန်။ မနက်ဖြန်ည ဒီအချိန်လောက်ပဲ ဖုန်းထပ်ဆက်မယ် စောင့်နေနော်"

●

ဦးသံလွင်ကျော်ဇေ အသက်ကို ပြင်းပြင်းမရှူမိအောင် သတိထားရင်း ဟိုး...အဝေး ညအမှောင်ဆီသို့ အကြည့်ကို ပင်ပန်းကြီးစွာ ဖြည်းဖြည်းချင်း ရွှေ့ယူသွားဖို့ ကြိုးစားသည်။ သူ မောလာ၏။

အိုး... အမြင်အာရုံတွေ မှောင်သွားပေမဲ့လည်း ငါ့နားထဲမှာတော့ မင်းရဲ့ တယ်လီဖုန်းစကားသံကို ကြားနေရသေးတာပါပဲလား ဘုရင်မလေးရယ်။

ဘုရားရေ...ပင်ပန်းလိုက်တာ။

လိမ္မာသော ကလေးလေးတစ်ယောက်လို ရိုကျိုးပုံမျိုးဖြင့် သူ ငြိမ်သက်တိတ်ဆိတ်စွာ ဆုတ်ခွာလာခဲ့သည်။

ဘာကြောင့်မှန်း မသိ။

သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ဥနေ၏။

● ● ●

www.burmeseclassic.com

အခန်း(၂၂)

အရှုံးပါပဲ
သဘာဝကျတဲ့အခါ
သိမ်းထားချင်လောက်အောင် လှပတယ်။
(စောဝေ)

အဖြူရောင်ဆွတ်ဆွတ် မနက်ခင်းထဲတွင် သူ ရပ်ငေးနေမိသည်။ ပင်လယ်ပြင်နှင့် နှုတ်ခမ်းချင်းထိရုံ နမ်းနေသော မိုးကုပ်စက်ဝိုင်းအစွန်အနားသတ်သည် အေးစက်စက် အသက်မပါ ဖြစ်နေ၏။

တကယ်ဆိုလျှင် အနမ်းဆိုသည်မှာ သည့်ထက်အများကြီး ပိုပြီး နူးညံ့ဖို့ကောင်းသည်ဟု သူ တွေးနေမိသည်။ ပြာလဲ့လဲ့စိမ်းနေသော ပင်လယ်လှိုင်းတွေကြားမှာ အဝေးက 'ချစ်သူများကျွန်း'ကို အိပ်မက်တစ်ခုလို မြင်ရ၏။

ဘုရင်မလေးသည် သောင်ပြင်အတိုင်း သူ့ဆီသို့ တရွေ့ရွေ့ လျှောက်လာနေ၏။ ဒါကိုလည်း အိပ်မက်တစ်ခုလို မြင်ရတာပါပဲလေဟု သူ စိတ်ထဲက တီးတိုးပြောဖြစ်သည်။

ယမင်းက သူ့ကို လှမ်း၍ နှုတ်ဆက်သည်။

"ဘာတွေ ငေးနေတာလဲ ဦးဇော"

သူ ရုတ်တရက်မို့ ပြောစရာစကား မဲ့သလို ဖြစ်သွား၏။ မျက်ဝန်း

 www.burmeseclassic.com

တွေထဲသို့ နေရောင်ခြည်တိုးဝင်လာသည်အထိ သူ ခေတ္တစောင့်နေလိုက်သေးသည်။ ပြီးမှ...

"ဟိုး...က 'ချစ်သူများကျွန်း'ကို လှမ်းကြည့်နေတာ။ စကားပုံလေးတစ်ခု ရှိတယ်။ အလှတရားတွေဟာ တန်ခိုးကြီးမားတယ်တဲ့"

"ဟုတ်လား..."

"ကြည့်လေ ယမင်းရဲ့...အဲဒီကျွန်းကို ဒီကနေ လှမ်းမြင်နေရတာ ပင်လယ်ကို ပိုင်ဆိုင်တဲ့ နတ်ဘုရင်မတစ်ပါးနဲ့ မတူဘူးလား။ ဒါ မြန်မာပြည်ရဲ့ ဒုတိယအလှဆုံး ကျွန်းပေါ့"

"သမီးကတော့ 'ဒုတိယ'တွေကို မကြိုက်ဘူး။ ထိပ်ဆုံးက ဟာကိုပဲ လိုချင်တယ်"

ဓားသန်လျက်အပြုံးနှုတ်ခမ်း၏ ရယ်သံပါးပါးစွက်သော စကားတို့ကို ကြားရသည်။ နောက်ပြောင်ပြောဆိုမှန်းသိသော်လည်း သူ့ရင်ထဲမှာ နာနာကျင်ကျင် ဖြစ်လိုက်မိ၏။

"ကိုယ်ကတော့ ဘဝမှာ ဘယ်တုန်းကမှ ပထမရခဲ့ဖူးတဲ့သူ မဟုတ်ပါဘူး ယမင်း"

ဝေးဝေးကွာကွာ ဖြစ်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

●

ဒီည ဒီအချိန်လောက်မှာပင် သူမ ဖုန်းထပ်ဆက်လိမ့်ဦးမည် ဖြစ်သည်။ အဲသည်အတွေးက သူ့ကို ရောဂါဆိုးတစ်ခုလို နှိပ်စက်နေ၏။

အိပ်နေဆဲမှာ ယောင်ယမ်းလမ်းလျှောက်တတ်သည့် ဝေဒနာအကြောင်း သူ စိတ်ပညာဆိုင်ရာစာအုပ်တွေထဲမှာ ဖတ်ဖူးထားသော် လည်း ကိုယ်တိုင် အဲသည်လို အဖြစ်မျိုးကြုံရလိမ့်မည်ဟု တစ်ရံတစ်ခါမျှ ပင် သူ ထင်မထားခဲ့ပါ။

သူ့ကိုယ်သူ ရူးသွပ်သွားပြီလားဟု မေးခွန်းထုတ်နေမိဆဲမှာပင်

www.burmeseclassic.com


ခြေလှမ်းတွေက ဧည့်ကြိုဌာန (Reception)ဆီသို့ ရွေ့သွားသည်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှအရာတွေအားလုံးထဲမှာ အဲဒီ 'တယ်လီဖုန်း'ကို သူ အမုန်းတီးဆုံး ဖြစ်၏။

စိတ်ကူးထဲတွင် သူသည် ရက်အင်ဒီယန်း အမဲလိုက်မုဆိုး တစ်ယောက်ဖြစ်နေပြီး တယ်လီဖုန်းကတော့ ရွံစရာကောင်းသော ခွေးအ တစ်ကောင် ဖြစ်နေ၏။ သူက ကျောတွင် လွယ်ထားသော မြားကျည် တောက်ထဲမှ အဆိပ်လူးမြားများကို လျင်မြန်စွာ ထုတ်ယူလိုက်ပြီး တယ်လီဖုန်းကို အဆက်မပြတ် ပစ်လွှတ်လိုက်သည်။

တယ်လီဖုန်းသည် ခန္ဓာကိုယ်တွင် မြားအစင်းပေါင်း မြောက် များစွာ စိုက်ဝင်လျက် နာကျင်စွာ အော်ညည်းရင်း လဲကျ အသက်ထွက် သွားလေသည်။ ကဲ…မှတ်ပြီလားဟု သူ ကျေနပ်အားရစွာဖြင့် ပြော လိုက်၏။

●

ဧည့်ကြိုဌာနအဆောင်ထောင့်ချိုး အမှောင်ရိပ်ထဲတွင် သူ တိတ်တဆိတ်ရပ်ကာ ချောင်းမြောင်းနေ၏။ ကောင်တာပေါ်တင်ထားသော တယ်လီဖုန်းကို လှမ်းမြင်နေရပြီ။ သို့သော် သူ မသွားရဲသေး။

လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ခုနစ်နာရီခွဲရန် ဆယ့်ငါး မိနစ်ခန့် လိုသေးသည်။ ယမင်း ဖုန်းမဆက်ရလောက်သေးဟု သူ တွက်ဆလိုက်၏။ သို့သော် နောက်ငါးမိနစ်၊ ဆယ်မိနစ်အတွင်း သူမ ရောက်လာတော့မည်မှာ သေချာသည်။

သူ သတ္တိရှိရှိတားမြစ်မှ ဖြစ်တော့မည်။

… … … … …

အမှောင်ရိပ်ကွယ်မှ ထွက်ပြီး တယ်လီဖုန်းဆီသွားဖို့ ဟန်ပြင် လိုက်စဉ်မှာပင် ဖြုန်းခနဲ ဟိုတယ်မန်နေဂျာကို လှမ်းမြင်လိုက်ရ၏။

www.burmeseclassic.com

သူ အမှောင်ထဲမှာပင် ကိုယ်ကို ကျုံ့ဝပ်ပြီး ပုနေရသည်။ ခြင်တစ်ကောင်က သူ့နားနားကပ်ပြီး တဝီဝီပျံသန်းနေ၏။ အနေရ အထိုင်ရ ခက်လိုက်တာ။ သွားစမ်း ခြင်စုတ်။ သူ လက်ဖြင့် ဖွေ့ယမ်းပြီး ခြင်ကို မောင်းထုတ်လိုက်သည်။

အာဖရိကန် ပုံပြင်တစ်ပုဒ်ကို သူ သတိရမိသည်။ ထိုပုံပြင်ထဲတွင် ခြင်က 'နားရွက်'ကို သူနှင့်လက်ထပ်ဖို့ ချစ်ရေးဆိုသည်။ ထိုအခါ 'နားရွက်'က ဟားတိုက်ရယ်မောပြီး...

"နင့်လို နှစ်ရက်သုံးရက်သက်တမ်းလောက်ပဲ အသက်ရှင်မယ့် ကောင်ကို လက်ထပ်ရင် ငါ မုဆိုးမ စောစောဖြစ်မှာပေါ့"

ဟု လှောင်ပြောင်ငြင်းဆိုလိုက်သည်။ ထိုနေ့ကတည်းကစ၍ ခြင်သည် ပျံရင်းသန်းရင်း နားရွက်အနီးသို့ရောက်တိုင်း သူ မသေသေး ကြောင်း တဝီဝီအော်မြည်ရင်း အသိပေးသွားသည့်ထုံးစံ ဖြစ်လာသည် ဟု အဆိုရှိလေသည်။

ဦးသံလွင်ကျော်ဇောက ထိုပုံပြင်လေးအကြောင်း တွေးရင်း နစ်မျောနေမိရာမှ ဖျတ်ခနဲ သတိပြန်ဝင်လာပြီး Reception ကောင်တာဆီ လှမ်းကြည့်သည်။ ဟိုတယ်မန်နေဂျာကို မမြင်ရတော့။ ဘယ်ရောက်သွားပြီ မသိ။

ကောင်တာတွင် ဧည့်ကြိုတာဝန်ခံ မိန်းကလေးတစ်ဦးမှအပ လူရှင်းနေသည်။

ဦးသံလွင်ကျော်ဇော ကောင်တာဆီသို့ ခပ်သွက်သွက်လှမ်းသွား လိုက်ပြီး တယ်လီဖုန်းအနီးတွင် ကပ်လျက် ရပ်လိုက်သည်။ ကောင်တာမှ မိန်းကလေးက မော့ကြည့်၏။ သို့သော် အဲသည့်အချိန်တွင် သူ့လက် တစ်ဖက်က တယ်လီဖုန်းလက်ကိုင်နှင့် ဒိုင်ခွက်ကို ဆက်သွယ်ထားသည့် စပရင်ခွေပုံ တယ်လီဖုန်းကြိုး၏ ပလပ်ခေါင်းကို မသိမသာ စတင်ဖြုတ် နေပြီဖြစ်သည်။

"အန်ကယ် ဘာအလိုရှိပါသလဲရှင်..."

"အဲ…ဟိုဒင်းလေ။ အနက်ကယ် သိချင်တာလေးတစ်ခု ရှိလို့"

"အမိန့်ရှိပါရှင်…"

"ဟို…ဝိဓူရဇာတ်ထဲမှာ ကောရဗျမင်းနဲ့ ပုဏ္ဏကဘီလူးတို့ လောင်းကြေးထပ်ပြီး ကစားကြတယ်ဆိုတာ ရှမ်းကိုးမီးလား၊ ဆယ်သုံးချပ်ပိုကာလား၊ တစ်ချပ်မှောက်လားဆိုတာ မရှင်းလို့"

"ရှင်…"

ကောင်တာမှ စာရေးမလေး မျက်လုံးပြူးသွား၏။ ဦးသံလွင်ကျော်ဇောကို 'စိတ်မှ နှံ့ရဲ့လားမသိဘူး'ဟူသည့် အကြည့်ဖြင့် ကြည့်၏။ ထိုအချိန်တွင် တယ်လီဖုန်းလက်ကိုင်မှ ပလပ်ခေါင်းတစ်ဖက်စွန်း ပြုတ်သွားပြီကိုမူ သူမ မသိလိုက်။ ဦးသံလွင်ကျော်ဇောက…

"အဲဒါ ကျမ်းဂန်တွေထဲမှာလည်း ရှာလို့မတွေ့ဘူး ဖြစ်နေတာနဲ့ ဟဲ…ဟဲ…သမီးများ သိမလားဆိုပြီး လာမေးတာ"

"ကျွန်မ…ကျွန်မ ကြားဖူးတာတော့ ကြွေအန်ကစားကြတာဆိုပဲရှင့်။ အဲဒီခေတ်က ပိုကာတို့၊ တစ်ချက်မှောက်တို့၊ ရှမ်းကိုးမီးတို့တော့ ပေါ်ဦးမယ် မထင်ပါဘူးရှင်"

ဒိုင်ခွက်နှင့်ဆက်ထားသော ပလပ်ခေါင်းပါ အသာလေးပြုတ်ထွက်သွားပြီး ဖုန်းကြိုးအခွေက ဦးသံလွင်ကျော်ဇောလက်ထဲသို့ အလိုက်သင့် ပါလာ၏။ တယ်လီဖုန်းကတော့ ရုတ်တရက်ကြည့်လိုက်လျှင် ဟန်မပျက် ဒိုင်ခွက်ပေါ်တွင် တယ်လီဖုန်းလက်ကိုင်လေး မှောက်လျက် အုပ်ခါတင်လျက်သား…။

"သြော်…ဟုတ်လား။ ဟီး…ဟီး…သိပါဘူး။ အနက်ကယ် မှားသွားတယ်။ ဆောရီးနော်"

ဦးသံလွင်ကျော်ဇောက စာရေးမလေးကို မျက်နှာပြောင်ပြောင် ဖြင့် နှုတ်ဆက်ပြီး ခပ်တည်တည် လှည့်ထွက်ကာ ပြန်လာခဲ့သည်။ သူ့ကိုယ်သူတော့ ဘာမှ မသက်ဘစရာမရှိဟု ထင်နေသည်။ သူ့လက်က ဘောင်းဘီအိတ်ထဲ ခပ်တည်တည်ဖြင့် နှိုက်လျက်…။

www.burmeseclassic.com

ထိုလက်ထဲတွင်တော့ တယ်လီဖုန်းကြိုး။ နာရီကို ငုံ့ကြည့်လိုက်တော့ ခုနစ်နာရီခွဲတိတိ ရှိပြီ။ ယမင်း ဖုန်းဆက်ဖို့လာတော့မည် ထင်သည်။

ဆောရီးပါပဲ ငါ့ရဲ့ ဘုရင်မလေးရယ်...။

●

ခလေးရေ
ကိုယ်က မြစ်ဆိုပြီး ကူးတဲ့အခါ
တံလျှပ်တွေ...။
ကိုယ်က မြေဆိုပြီး ပြေးတဲ့အခါ
တိမ်တိုက်တွေ...။
ပန်းတိုင်မဲ့ လိုက်နေရပြီး
အရှုံးသရဖူပဲ ထပ်...ထပ်ရ။
အဲဒီ...'အရှုံး'ပါပဲ
သဘာဝကျတဲ့အခါ
သိမ်းထားချင်လောက်အောင် လှပတယ်။

(စောဝေ)×

လရောင်က ပင်လယ်ပြင်ပေါ် ဖြာကျနေသည်။ ပင်လယ်သည် နူးညံ့စွာ ခရမ်းပြာရောင် သန်းနေ၏။ သောင်ပြင်စပ်ပေါ်တွင် သူ တစ်ယောက်တည်း မားမားရပ်နေမိသည်။

ခြေထောက်နှစ်ဖက်ကို ခပ်ချဲချဲကားရပ်ပြီး ဦးခေါင်းကို မော့လျက် လမင်းကို တိုင်တည်နေပုံမျိုး လက်နှစ်ဖက်ကို ကောင်းကင်ဆီမြှောက်ကာ ဆန့်တန်းထားလိုက်၏။ သူ့ ညာဖက်လက်ထဲတွင် တယ်လီဖုန်းကြိုးက အသက်မဲ့စွာ ခွေလျော့ကျလျက်...။

ခြသေ့်တစ်ကောင်က ရန်သူကို ပိုင်ပိုင်နိုင်နိုင် ခုန်အုပ်သတ်ဖြတ်

www.burmeseclassic.com


အောင်ပွဲခံပြီးသည့်နောက် လက်သည်းရှည် ချွန်ချွန်များဖြင့် ရန်သူ၏ ဝမ်းဗိုက်ကို 'ဗြိ'ခနဲ ထိုးခွဲဆွဲဖြဲလိုက်ပြီး အထဲမှ အူများကို ဆွဲနှုတ်ယူလိုက်သလိုမျိုး။

ဦးသံလွင်ကျော်ဇောသည် သူ့ကိုယ်သူ ခြင်္သေ့တစ်ကောင်လို ခံစားနေရသည်။ သူ့လက်ထဲတွင် ကိုင်မြှောက်ထားသည့် တယ်လီဖုန်းကြိုး အရစ်အခွေကတော့ ရန်သူ၏ ရင်ကို ခွဲကာ နှုတ်ယူထားသည့် အူများပင်ဖြစ်လေသည်။

"ဟေး..."

ဦးသံလွင်ကျော်ဇောက ဝမ်းခေါင်းသံကြီးဖြင့် ဟစ်ကြွေးလိုက်ပြီးနောက် ရန်ငြိုးကြီးမားလှသည့် အမျက်ဒေါသဖြင့် တယ်လီဖုန်းကြိုးကို သောင်ပြင်သို့ လွှဲကာလွှဲကာ မုန်းမုန်းတီးတီးဖြင့် တစ်ချက်ပြီးတစ်ချက် ရိုက်ပစ်လိုက်မိတော့၏။

●

"ဟ...ဘယ်လိုဖြစ်နေတာလဲ ဒီဖုန်းက"

ဟိုတယ်မန်နေဂျာက တယ်လီဖုန်းကို ကောက်ကိုင်ပြီး နံပါတ်များကို နှိပ်ဖို့ ကြိုးစားသည်။ သို့သော် သူ့ဖုန်းထဲမှ ဘာမှ မြည်သံ မကြားရ။ မန်နေဂျာ စိတ်တိုလာ၏။

"တောက်...အရေးကြီးကာမှကွာ။ ဒီဖုန်းက ဘာဖြစ်နေပြန်ပြီလဲ မသိဘူး"

"သမီး စောစောကလေးတင် ဆက်သေးတယ်။ ဖုန်းက ကောင်းပါတယ် ဆရာရဲ့"

ဧည့်ကြိုစာရေးမလေးက ဟိုတယ်မန်နေဂျာကို လှမ်းပြောသည်။ မန်နေဂျာကတော့ ဒေါသတကြီးဖြင့် ဆဲဆိုနေ၏။ ထိုစဉ်...

"ဟင်...တယ်လီဖုန်းက ကြိုးမှ မရှိတော့တာဘဲ"

www.burmeseclassic.com

အလန့်တကြားလှမ်းပြောလိုက်သော ညှော့ကြိုစာရေးမလေး၏ အသံကြောင့် မန်နေဂျာက သူ့လက်ထဲမှ ဖုန်းကို သူ ပြန်ငုံ့ကြည့်လိုက်၏။

"ဒီ...ဒီ...ဖုန်းကြိုးက ဘယ်ရောက်သွားလို့လဲ"

"ဟင့်အင်း...ကျွန်မလည်း မသိဘူးဆရာ"

"နင်...မသိလို့ ရမလား။ ဒီတယ်လီဖုန်းက နင့်မျက်စိရှေ့မှာပဲ တစ်ချိန်လုံး ရှိနေတဲ့ဥစ္စာ"

"ဩော်...ဟုတ်ပြီ ဟုတ်ပြီ။ စောစောက အဲဒီနားမှာ ညှော့သည် တစ်ယောက် မယောင်မလည်နဲ့ လာရပ်သွားသေးတယ်။ အဲဒီ အန်ကယ် ကြီးလက်ချက်ပဲ ဖြစ်ရမယ်။ သေချာတယ်...။ သူ့ကို ကြည့်တော့လည်း သိပ်မူမမှန်သလိုပဲ။ အခိပ္ပါယ် မရှိတာတွေလည်း လာမေးနေတယ်"

"အဲဒီလူက ဘယ်သူလဲ"

●

"ကဲကွာ...ကဲကွာ။ ဟင်...မှတ်ပြီလား"

မြွေတစ်ကောင်ကို အမြီးမှ ကိုင်လွှဲကာ မြေပြင်နှင့် ရိုက်သတ်နေ သလိုမျိုး ဦးသံလွင်ကျော်ဖောသည် တယ်လီဖုန်းကြိုးကို သောင်ပြင်ပေါ် လွှဲခါ လွှဲခါ ရိုက်ရင်း ပါးစပ်မှလည်း ဒေါသတကြီး ရေရွတ်နေ၏။

ထိုစဉ် သူ့နောက်ဖက်မှ...

"လူကြီးမင်းခင်ဗျား...တဆိတ်လောက်ခင်ဗျာ။ နှောင့်ယှက် တယ်လည်း မထင်ပါနဲ့နော်။ လူကြီးမင်းရဲ့လက်ထဲက ပစ္စည်းကို ကျွန်တော် ခဏလောက် ကြည့်ပါရစေ"

ဟိုတယ်မန်နေဂျာ၏ အသံကြောင့် ဦးသံလွင်ကျော်ဖော တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွား၏။

သူ ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်သည်။ သူ့လက်ထဲမှ တယ်လီဖုန်းကြိုးကို လှမ်းတောင်းနေသော ဟိုတယ်မန်နေဂျာကို တွေ့ရ၏။

ဟိုက်...သေပြီ။

ဘာမှ မတတ်နိုင်။ တယ်လီဖုန်းကြိုးကို မပေးချင်ပေးချင်နှင့် လှမ်းပေးလိုက်ရသည်။ ဟိုတယ်မန်နေဂျာက အကဲခတ်သလို တစ်ချက်ကြည့်ပြီး...

"ဒီတယ်လီဖုန်းကြိုးက ကျွန်တော်တို့ Reception မှာထားတဲ့ တယ်လီဖုန်းက ကြိုးနဲ့ တော်တော်ဆင်တယ်နော်။ အဲဒါ လူကြီးမင်း ဘယ်လို သဘောရပါသလဲ"

ဟိုတယ်မန်နေဂျာက သိမ်မွေ့စွာဖြင့် စောင်းပါးရိပ်ခြည် မေးခွန်း ထုတ်လာသည်။ ဦးသံလွင်ကျော်ဇောက...

"ဒါက ဒီလိုရှိပါတယ်လေ။ ကျွန်တော်တို့ ဒီအရှေ့တောင် အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကတစ်လွှားမှာပေါ့လေ...ကျွန်တော် တို့ ဒီ...ဘာခေါ်မလဲ။ ဟိုဒင်း ..."

ဦးသံလွင်ကျော်ဇော အတည်ပေါက်ဖြင့် ကြီးကြီးကျယ်ကျယ် တွေ ပါးစပ်ထဲ တွေ့ကရာ လျှောက်ပြောဖို့ကြိုးစားသော်လည်း မအောင် မြင်။

"လူကြီးမင်းအနေနဲ့ ကျွန်တော်တို့ဟိုတယ်ရဲ့ ဝန်ဆောင်မှုအပေါ် မကျေနပ်တာများ ရှိလို့လား ခင်ဗျာ"

"ဟိုဒင်း...အဲ...မရှိ...မရှိပါဘူး။ ဟဲ...ဟဲ..."

"ဒီတယ်လီဖုန်းကြိုးကိစ္စကိုတော့ လူကြီးမင်း မငြင်းဘူးပေါ့နော်"

"ဒါက ဒီလိုရှိတယ်လေ။ ဟိုလေ...ဘယ်လိုပြောရမလဲ။ ဒါက လည်ပင်းကို ဆင်နင်းသလို ထင်ရှားနေတဲ့ကိစ္စ ဖြစ်တော့ကာ..."

"လယ်ပြင်မှာ ဆင်သွားတယ်လို့ပဲ ကျွန်တော် ဖတ်ဖူးပါတယ် လူကြီးမင်းခင်ဗျာ"

"ဟာ...ဒါကတော့ ဆင်ပဲဗျာ။ သူ့ဘာသာသူ နင်းချင်တဲ့နေရာ နင်းမှာပေါ့"

ဦးသံလွင်ကျော်ဇောကတော့ ဖြစ်နိုင်လျှင် လက်နှစ်ဖက်ကို

www.burmeseclassic.com

ဘေးသို့ဆန့်တန်းပြီး (ကလေးငယ်တွေ ကစားသလို) ပါးစပ်က 'ဂူး'ဟု အော်ရင်း လေယာဉ်ပျံကြီးလို ထွက်ပြေးသွားချင်နေသည်။

●

သူ့ခြေလှမ်းတွေက လရောင်အောက်မှာ ခပ်လေးလေးပင် ရွေ့ကြ၏။ ခြေရာထဲက သဲပြင်ထဲတွင် ချိုင့်ခွက်လျက် ကျန်ရစ်သည်။ ပင်လယ်က ဝုန်းခနဲ ဝုန်းခနဲ ရယ်မောနေ၏။

သူကတော့ သူ့ကိုယ်သူ ရယ်မောချင်စိတ်လည်း မရှိ။ ငိုကြွေးချင်စိတ်လည်း မရှိ။ ဟိုတယ်အနီးသို့ ရောက်သောအခါ သောင်ပြင်ပေါ်တွင် မီးပုံပွဲကျင်းပနေသည့် ရုပ်ရှင်အဖွဲ့သားများကို မြင်ရသည်။ မနက်ဖြန်ညနေရိုက်ပြီးလျှင် ဇာတ်ကားတစ်ကားလုံး ပြီးဆုံးပြီဖြစ်သောကြောင့် ဒါရိုက်တာနှင့် စက်အဖွဲ့သားတွေအားလုံး စိတ်လွတ်လက်လွတ် အပျော်ဖွဲ့နေကြခြင်းဖြစ်၏။ ထူးဇော်နှင့် ဒါရိုက်တာအောင်ကြီးက လက်ခုပ်တီးပြီး သူ့ကို လှမ်းခေါ်သည်။

သူတို့ဝိုင်းတွင် ဝင်ထိုင်မိသောအခါ တိုနီက...

"ဦးဇောကလည်းဗျာ...။ တစ်ယောက်တည်း ဘယ်ကို လျှောက်လွင့်နေတာလဲ"

ပြောပြောဆိုဆိုဖြင့် ဖန်ခွက်တစ်လုံးထဲသို့ ဝီစကီနှင့်ဆိုဒါ ရောစပ်ထည့်ကာ လှမ်းပေး၏။ ဝိုင်းထိုင်နေကြသူများ အလယ်မှ မီးပုံက တဟုန်းဟုန်းတောက်လောင်လျက် အရှိန်ရနေသည်။ ရွှေရောင်မီးလျှံ တဖျတ်ဖျတ်လူးလွန့်လျက် သူ့လက်ထဲမှ အရက်ဖန်ခွက်ပေါ် အလင်းဟပ်နေ၏။

သူ ဝီစကီကို တရှိန်ထိုး မော့ချလိုက်သည်။ မီးလျှံအလင်းတွေ သူ့မျက်နှာပေါ် ဖြာကျလာ၏။ တစ်ခွက်ပြီး နောက်တစ်ခွက်။ နောက်တစ်ခွက်...တစ်ခွက်။ ညက မှောင်သထက် မှောင်လာ၏။ ကောင်းကင်က လမင်းဆီ မီးရောင်လှမ်းဟပ်နေသည်ကို မြင်ရသည်။ ဟင်...ငါ မူးနေပြီ

လား။ ထည့်ပါဦး နောက်တစ်ခွက်။ ပင်လယ်သည် မီးဟုန်းဟုန်းတောက် လောင်နေ၏။

တစ်စုံတစ်ယောက်က ကက်ဆက်ကို ဖွင့်လိုက်ပုံရသည်။ လှိုင်းသံတွေထဲမှာ သီချင်းသံကို စကြားရသည်။

"ကကြရအောင်...ကဲ...ထဗျာ ဦးဇော။ လုပ်စမ်းပါဗျ"

တစ်စုံတစ်ယောက်က သူ့ကို ချိုင်းမှ ဆွဲထူသည်။ ဘယ်သူမှန်းလဲတော့ မသိ။ သူ ခေါင်းခါပြကာ ငြင်းလိုက်သည်။

"ဟင့်အင်း..ဟင့်အင်း"

"ဟာဗျာ...ဦးဇောကလည်း လာပါဗျ။ အားလုံး ကကြမှာပဲ။ ပျော်ပျော်ပါးပါးပေါ့"

လူတွေအားလုံးက အရိပ်တွေနှင့် တူနေသည်။ မီးပုံပွဲ၏ ရွှေရောင်အလင်းထဲတွင် သူတို့အားလုံး သီချင်းသံနှင့်အတူ ကခုန်နေကြ၏။ သူ့ကို လူနှစ်ယောက်က ညှပ်ပြီး ဆွဲထူသည်ကို သိလိုက်သည်။

"ဟုတ်ပြီ ဦးဇော က...က"

ယမင်းကို တမ်းတသောစိတ်ဖြင့် သူ နာကျင်တင်းကျပ်လာ၏။ သူ့ထမင်းဆိုင်အပေါ်ထပ်က အခန်းထဲတွင် အကသင်ခဲ့ပုံကို သူ ပြန်မြင်ယောင်လာသည်။ တစ်...နှစ်...သုံး...လေး။ တစ်...နှစ်...သုံး...လေး။ စည်းချက်ကျကျ။

လှိုင်းသံနှင့်ဂီတက နှလုံးသားကို အရိုင်းအစိုင်းပုံသံလို ထုနှက်တီးခတ်နေ၏။

"ဟုတ်ပြီ...ဟုတ်ပြီ ဦးဇော။ ကစမ်းပါဗျ...ဒီလိုမှပေါ့"

အားလုံးက သူ့ကို လက်ခုပ်သြဘာ ပေးကြသည်။ သူကတော့ လူရိုင်းတစ်ယောက် ဈာပနအခမ်းအနားတွင် ကခုန်နေသည့်ခံစားချက်မျိုးဖြင့် ခန္ဓာကိုယ်ကို လှုပ်ရှားကခုန်နေခြင်း ဖြစ်လေသည်။ တစ်...နှစ်...သုံး...လေး။

တကယ်တော့ ငါ အကသင်ထားတဲ့ ရည်ရွယ်ချက်က ဘုရင်

www.burmeseclassic.com

မလေးနဲ့အတူ ပျော်ပျော်ရွှင်ရွှင် ကခုန်ဖို့ပါ။ တစ်...နှစ်...သုံး...လေး။ ဟောဒီလိုကြီး ငိုချင်းချဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ ငါ...ကတယ်။

သမိုင်းဦးဘုံမြေခေတ်ကတည်းက အခုချိန်ထိ 'လွမ်းလို့'ဆိုပြီး ဘယ်သူဟာ ကခုန်ခဲ့ဖူးလို့လဲ။ ကျေးဇူးပြုပြီး (အရူးတစ်ယောက်အနေနဲ့ ဖြစ်ဖြစ်) ငါ့ကို ရာဇဝင်မှာ မှတ်တမ်းတင်ပေးကြပါ။

ငါ 'လွမ်း'တယ်...။

ငါ 'က'တယ်...။

●

မီးပုံမှ မီးစွယ်မီးညွန့်ကျိုးစ ပြုပြီ။ ပြာစ ပူနွေးနွေးတွေ သိပ်သိပ်သည်းသည်း ဝပ်လျက်ရှိကြ၏။

ရုပ်ရှင်အဖွဲ့သားတွေ တစ်ယောက်မှ မရှိကြတော့။ အလျှိုအလျှို လစ်ပြီး သွားပြန်အိပ်ကုန်ကြပြီ။

ငြိမ်းလုဆဲဆဲ မီးပုံနံဘေးတွင် (ဝက်ဝံကြီးတစ်ကောင် ကမ်းစပ်ပေါ် တက်လာပြီး အမွေးပေါ်မှ ရေစက်များကို ခါချနေပုံမျိုး) တလှုပ်လှုပ်နှင့် ကနေသူကတော့ ဦးသံလွင်ကျော်ဇောတစ်ယောက်တည်းသာ ဖြစ်၏။

လရောင်၊ ပင်လယ်နှင့် မီးတောက်သေတစ်ခု သောင်ပြင်ပေါ်တွင် တစ်ယောက်တည်း ထီးထီးကခုန်နေသူတစ်ယောက်...။

တစ်...နှစ်...သုံး...လေး။ ဦးသံလွင်ကျော်ဇော၏ နှုတ်မှ စည်းချက်ကျကျ ရေရွတ်သံတိုးတိုး ထွက်ပေါ်နေဆဲ။

●

ဆုယမင်းကျော် အိပ်မပျော်သေးပါ။ ဘန်ဂလိုရှေ့ဝရန်တာတွင်

www.burmeseclassic.com

ရပ်ပြီး ပင်လယ်၏ညကို ငေးငေးမောမော ကြည့်နေ၏။ လရောင်က သူမကို သင်းသတ်ထား၏။ နောက်ပြီး လရောင်အောက်တွင် တစ် ယောက်တည်း ကနေသော ဦးသံလွင်ကျော်ဇော၏ ပုံရိပ်ကလည်း (အမည်နာမ မရှိသော ဝေဒနာတစ်ခုလို) သူမ၏ နှလုံးအိမ်ကို ဆုပ်ကိုင် ဖမ်းစားထားလေသည်။

သူမ ဦးသံလွင်ကျော်ဇောကို ငေးကြည့်နေ၏။

● ● ●

www.burmeseclassic.com

အခန်း(၂၃)

'အဓိပ္ပာယ်မရှိတဲ့ ခပ်ညံ့ညံ့ပြဇာတ်တစ်ပုဒ်တောင်မှ
နောက်ဆုံး ဇာတ်သိမ်းခန်းအထိ ရောက်အောင်တော့
ကကြရတာပဲ'

Naguib Mahfouz

●

ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဇာတ်ကိုတော့ သိမ်းဖို့ သူ ကျင့်သားရအောင် အသင့်ပြင်ဆင်ခဲ့ပြီး ဖြစ်လေသည်။ နောက်ဆုံးရိုက်ကွင်းပေါ်မှာ သူတို့ အားလုံး အဆင်သင့်ဖြစ်နေကြပြီ။

မီးထိုး မှန်ထိုးသမားတွေ၊ ကရိန်းဆင်သူတွေ၊ ကင်မရာထမ်းသူတွေ၊ နောက်ပြီး ကလက်ရိုက်သူက 'ဖိုက်...ဖိုး...သရီး...တူး...ဝမ်း...အက်ရှင်' ဟူသော ကျင့်သားရနေသည့် စကားလုံးတွေကို ရေရွတ်သည်။ အားလုံးသည် စက်တစ်ခုလို ခုတ်မောင်းနေကြ၏။

ဓားသန်လျက်နှုတ်ခမ်းနှင့်ဘုရင်မလေးသည် 'ကျွမ်းကျင်ပြီးသား' မျက်ဝန်းများဖြင့် ပြုံးရင်း ကင်မရာရှေ့တွင် ဇာတ်လမ်းတစ်ပုဒ်ကို 'ကျွမ်းကျင်စွာ' အဆုံးသတ်နေ၏။

သူမအတွက်တော့ ဟောသည် ဇာတ်ကားသည်လည်း (အရင်

တုန်းက) သူမ ရိုက်ခဲ့ဖူးသည့် များစွာသော ဇာတ်ကားတွေနည်းတူပင် အဆုံးသတ်ပြီးသည့်နောက် ဝေးဝေးကွာကွာ ပါးလျားပျောက်ကွယ်လျက် အမေ့လျော့ခံသွားရမှာ သေချာပါသည်။

ပြီးလျှင် သူမ နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်ကို ရိုက်မည်။ နောက်ထပ် ဇာတ်ကောင်တစ်ယောက် ဖြစ်သွားမည်။ ကျွမ်းကျင်စွာ 'ရယ်'ပြီးလျှင် ကျွမ်းကျင်စွာ 'ငို'ဖို့ လည်း အဆင်သင့် ဖြစ်နေပေလိမ့်မည်။ နောက်တစ်ဇာတ်...နောက်ထပ်...နောက်ထပ်...။

သူမသည် မီးရထားကြီးတစ်စင်း ဖြစ်သွားပါတော့သည်။

မင်းက နောက်တစ်ယောက် နောက်တစ်ဇာတ်၊
ရယ်ငို...ငိုရယ်နဲ့ သံပတ်ပေးစက်ရုပ်လို...
ကိုယ်သာ အရယ်ခလုပ် မရှိတဲ့...လူ

(စောဝေ)

ဒါရိုက်တာက "ကတ်"ဟု အော်လိုက်သည့် အသံအဆုံးတွင် အားလုံး အပြီးသတ်သွားလိမ့်မည် ဖြစ်၏။ ရုပ်ရှင်တစ်ကားအတွက်ကတော့ လွယ်လွယ်လေးပင် 'ပြီးပါပြီ'ဟု စာတန်းထိုးလိုက်ရုံသာ။

(လူ့ဘဝကိုတော့ စာတန်းထိုးပြီး အဆုံးသတ်ပြီဟု ဖြတ်ချလိုက်ဖို့ရန် မဖြစ်နိုင်ပါ။ သင် လှုပ်ရှားချင်သည်ဖြစ်စေ၊ မလှုပ်ရှားချင်သည် ဖြစ်စေ၊ အားထုတ်သည်ဖြစ်စေ၊ အားမထုတ်သည်ဖြစ်စေ လူ့ဘဝကတော့ ဆက်လက် ရွေ့လျားနေမည်သာ ဖြစ်၏။)

မနက်ဆိုလျှင် ရန်ကုန်သို့ ပြန်ရတော့မည်။ အင်း...အဲဒီ မနက်ဖြန်တွေမှာ ငါ ဘယ်လို ဆက်လက်ရွေ့လျားရမှာလဲ။ ကျေးဇူးပြု၍ ပြောခဲ့ပါ ဘုရင်မလေးရယ်...။

**သူ တတ်နိုင်သည်မှာ တစ်ခုတည်းသာ ဖြစ်၏။**

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

**(…ဒီနေ့အဖို့) သူမ၏ ဓားသန်လျက် အသွားထက်ထက် ပေါ်က မျက်ဝန်းလက်လက် အညို့အငင်များကို သူ သိမ်းဆည်းမည်။ တစ်သက်လုံးစာ ဆက်လက်ရွှေ့လျားနိုင်ဖို့ စုထား ဆောင်းထားရဦးမည် ဖြစ်ပါသည်။**

သဲကန္တာရထဲမှာ ကြယ်တွေကိုကြည့်ပြီး ခရီးသွားရတဲ့ ဂျစ်ပစီတစ်ယောက်လို ငါဟာ ကောင်းကင်ကို မော့ကြည့်လို့ မင်းမျက်ဝန်းတွေရဲ့ လမ်းညွှန်ရာကို (ကျန်ရစ်နေသေးတဲ့ ငါ့တစ်ဘဝလုံးစာ) ခရီးဆက်ရင်း အို မင်း သွားခွင့်ပြုပါကွယ်။

●

နောက်ဆုံး ရိုက်ကွင်း…။

ဇာတ်ကားတစ်ကား၏ နောက်ဆုံးရိုက်ကွင်းသည် နာတာရှည်တစ်ယောက် တစ်စတစ်စ ကျုံလှီဖျော့တော့သွားသလိုမျိုး (သိပ် ရုန်းရင်းဆန်ခတ် မရှိလှဘဲ) ခပ်ငြိမ်ငြိမ်ကလေး သွားနေ၏။

ဆုယမင်းကျော် ရိုက်ကွင်းထဲသို့ ဝင်လာသည်။ ဆံပင်တွေကို ဆတ်ခနဲ ခါယမ်းလိုက်၏။ နေရောင်ခြည်ထဲတွင် ပန်းနုရောင်နှုတ်ခမ်းကလေး လက်သွားသည်။ သူမ၏ မျက်တောင်ရှည်များကို တစ်ချက်နှစ်ချက် ခတ်၏။ အဲသည်နောက် ထူးဆန်းစွာပင်…

သူမ၏…

မျက်ဝန်းများက…

ဦးသံလွင်ကျော်ဇောဆီသို့…

နွေးထွေးဆွတ်ပျံ့သော အကြည့်တစ်ခု 'ပေး' လိုက်လေသည်။

သည်နေရာတွင် 'ပေးသည်'ဟူသော စကားလုံးထက် ပိုမိုသင့်တော်သောဝေါဟာရ မရှိတော့မှန်း ဦးသံလွင်ကျော်ဇော အတိအကျ နားလည်လိုက်၏။ သူမ၏ အကြည့်သည် 'မြင်ရုံသက်သက်'

www.burmeseclassic.com

ကြည့်သော အကြည့်မဟုတ်။

'ဝမ်းနည်းပါတယ်။ ကျွန်မဘဝမှာ ရှင့်ကို ပေးနိုင်တာဆိုလို့ 'အကြည့်'တွေပဲ ရှိတော့တယ်'ဟု တစ်လုံးချင်း ပီပီသသပြောပြနေသည့် မျက်ဝန်းများ ဖြစ်ကြသည်။

သူက ကျေနပ် (တင်းတိမ်ရောင့်ရဲစွာဖြင့်) ယမင်းကို ပြန်ကြည့်လိုက်သည်။ မငြိမ်းသတ်လိုက်ပါနဲ့။ အဲဒီ အလင်းရောင်လေးကို မငြိမ်းသတ်လိုက်ပါနဲ့။ သဲကန္တာရထဲက ငါ့ရဲ့မီးအိမ်ကလေးရယ်။

(၁) သူက ကြည့်နေ၏။

(၂) ဆုယမင်းကျော်ကလည်း နေရာမှာပင် ခြေစုံရပ်လျက် သူ့ကို ပြန်ကြည့်နေ၏။

(၃) ပြည့်စုံသွားပြီ။

ကဲ...စကြဝဠာဟာ အကျယ်ကြီးပဲလို့ ဘယ်ကောင်ပြောသလဲ။ အလကား...မျက်ဝန်းတစ်ကြည့်စာပဲ ရှိတယ်။ သံသရာသည် လက်ယာဘက်မျက်လုံးမှာ စသည်။ ထို့နောက် လက်ဝဲဘက်မျက်လုံးမှာ ဆုံးသည်။ မယုံတဲ့ကောင် လဲသေလိုက်။

ထိုစဉ် ဒါရိုက်တာအောင်ကြီးက ဆုယမင်းကျော်ကို လှမ်းခေါ်သည်။

"သမီးရေ...လာဟေ့။ ဒီမှာ အားလုံး ရယ်ဒီဖြစ်နေပြီ"

သူမက ဒါရိုက်တာ၏ စကားသံကို မသိကျိုးကျွံ ပြုလျက် ဦးသံလွင်ကျော်ဇောကိုသာ (နှစ်နှစ်သိမ့်သိမ့်)ဆက်ကြည့်နေသည်။ (သင့်ရဲ့ စွန့်ကြဲမှုအတွက် ကျေးဇူးတင်ပါတယ်)

"ဟဲ့...ယမင်း ဘာလုပ်နေတာလဲ။ လာလေ..."

ဒါရိုက်တာအောင်ကြီးက ထပ်ခေါ်နေသည်။ ယမင်းက မလှုပ်မယှက်။ အသက်ရှူသံ၏ အလျားတစ်ပြသာသာ ဝေးသွားသည်။ အဲသည့်နောက်တွင်မှ သူမ၏ မျက်တောင်တွေကို ဖြေးညှင်းညင်သာစွာ ယှက်သိမ်းလျက် လှည့်ထွက်သွားလေသည်။

www.burmeseclassic.com

သူမ ကင်မရာရှေ့တည့်တည့်ရပ်မိသည်အချိန်တွင် ဦးသံလွင်ကျော်ဇော ရိုက်ကွင်းအနီးမှာ မရှိတော့။

ကျောခိုင်းသွားခဲ့ပြီ ဖြစ်လေသည်။

ညဈ၏ရနံ့သည် မြွေတစ်ကောင်လို အေးစက်ချောမွတ်စွာ တစိမ့်စိမ့် သင်းပျံ့လာ၏။ ပင်လယ်သည် ခရမ်းရောင်အဆိပ်ခွက် တစ်ခွက်နှင့် တူနေသည်။

မနက်ဖြန် နံနက်ဆိုလျှင် ပင်လယ်ကို စွန့်ခွာရတော့မည်။

ဦးသံလွင်ကျော်ဇော ပင်လယ်ကို နှုတ်ဆက်ခွဲခွာ စကားပြောဖို့ သောင်ပြင်ဆီသို့ ဆင်းခဲ့သည်။

ချစ်ခြင်းဖြင့် လေးလံသော နှလုံးသားကို ဒီသောင်ပြင်မှာပင် စွန့်ခဲ့ချင်ပါပြီ။

"စွန့်လေသော သူကိုလည်း စွန့်ရာ၏။

ချစ်လေသော သူကိုလည်း ချစ်တုံ့မူပေရာ၏။

ချစ်ခြင်းကင်းသော နှလုံးဖြင့်လည်း မဆည်းကပ်ရာ"

(မဟာရဟနီတိ)

ဤကမ္ဘာမြေပြင်ပေါ် တည်ခဲ့ဖူးသမျှ 'နီတိ' အားလုံးကို သူ ရယ်မော သရော်ပစ်လိုက်ချင်သည်။ နီတိတွေဟာ နှလုံးသားကို လိမ္မာယဉ်ကျေးအောင် သင်ပေးနိုင်တယ်ဆိုတာ ဟုတ်လို့လား။

လောကနီတိထဲတွင်...

"ဥစ္စာရှာသောအခါ၌လည်းကောင်း၊ မေထုန် မှီဝဲသောအခါ၌လည်းကောင်း၊ အတတ်ပညာရှာသောအခါ၌လည်းကောင်း အရှက်အကြောက်ကို စွန့်ရာ၏"ဟု ဆိုသည်။ ထိုသို့ဆိုလျှင် အတတ်ပညာရှာသော လူများသည် အရှက်မရှိသူများ ဖြစ်ကြပေလိမ့်မည်။

နောက်ပြီး အဲသည် နီတိထဲမှာပင်...

'အတတ်ပညာရှိသော သူကို လောက၌ သူတစ်ပါးတို့ ပူဇော်၏'

အဲသည် အချက်နှစ်ချက်ကို တစ်ဆက်တည်း တွေးယူလိုက်လျှင်

'အရှက်မရှိသူများကို လူတို့က ပူဇော်၏'ဟု ဘာသာပြန်ရပေလိမ့်မည်။ ကျေးဇူးပြုပြီး ငါ့ကို နီတိတွေနဲ့ ကြီးကြီးကျယ်ကျယ် လာမဆုံးမကြပါနှင့်။

ကြေကွဲနေသော နှလုံးသားတစ်ခုအတွက် ကြီးကျယ်မှုများသည် ဘာမှ အသုံးမဝင်ပါ။ **တိရစ္ဆာန်များအားလုံးထဲတွင် ခြင်္သေ့သည် အကြီးကျယ် အခမ်းနားဆုံးနှင့် ခွန်အားအရှိဆုံးဖြစ်၏။ သို့သော် ခြင်္သေ့သည် သူ့အနာထဲတွင် ဝင်ရောက်လိုက်စားနေသော ပိုးလောက်များကို မတိုက်ခိုက် မသတ်ဖြတ်နိုင်ဘဲ အရှုံးပေးရသည်။**

**ပိုးလောက်တစ်ကောင်က ခြင်္သေ့တစ်ကောင်ထက် ပို ခမ်းနားပါသည်။ သင် သဘောတူပါသလား။** ပုံသေနည်းတွေကို မေ့ပစ်လိုက်။ ကြေကွဲနေသော နှလုံးသားတစ်ခုအတွက် ပုံသေနည်း များမလို။

သူသည် 'ဆီထမင်းကြော်'ဆိုသော ကောင်မလေးတစ်ယောက် ကို ဘာနီတိ ဘာပုံသေနည်းမှ မပါဘဲ၊ ချစ်ရုံသက်သက်ကလေး ချစ်ခဲ့ခြင်း ဖြစ်ပါသည်။ ထို 'မပါ'ခြင်းများ အားလုံးထဲတွင် 'သူမ၌ သက်တူ ရွယ်တူ ချစ်သူရည်းစားတစ်ယောက်ယောက် ရှိနေနိုင်သည်'ဟူသော အင်မတန်ရိုးစင်းသည့် အခြေခံအသိကလေး တစ်စွန်းတစ်စမျှသည်လည်း မပါခဲ့တာ သေချာပါသည်။

●

**'ကိုယ့်မြင်း ကိုယ်စီး၍ အထီးအမမှန်း မသိ'ဟု ပျက်ရည်ပြု ချင်လည်း ပြုကြပါတော့။ သူကတော့ သိကို မသိချင်ပါ။ သူ့ အလုပ်က မြင်းစီးဖို့ပဲဖြစ်သည်။ အထီးအမ ခွဲသည့်ကိစ္စကို မြင်းသား ဖောက်သည့် လူတွေ လုပ်ကြလိမ့်မည်။ သူ မလုပ်ပါ။**

သူကတော့ အထီးဖြစ်ဖြစ် အမဖြစ်ဖြစ်၊ မြင်းစီးရဖို့သာ အဓိက ဖြစ်သည်။ ရိုးရိုးကလေးပင် ဖြစ်၏။ ဆုယမင်းကျော်မှာ ချစ်သူရှိသည်ဖြစ်စေ

www.burmeseclassic.com

မရှိသည်ဖြစ်စေ သူကတော့ ချစ်နေမည်မှာ သေချာပါသည်။

●

လရောင်က ပင်လယ်ပေါ် ဖြာကျနေ၏။ ခရမ်းနုရောင် ညအဖြစ် ဖန်ဆင်းထားသော လရိပ်ပင်လယ်ဆီသို့ သူ ငေးနေစဉ်မှာပင်...

"ဦးဇော...မအိပ်သေးဘူးလား"

ဘုရင်မ၏ စိမ်းလဲ့လဲ့အသံကို သူ ကြားရသည်။ သူမ၏ အဖြူဆွတ်ဆွတ် ဝတ်ရုံဖားလျားကို လေတိုးသည့်အသံ ကြားရသည်။ လရောင်အောက်တွင် လက်သွားသော ရွှေရောင်ခါးစည်းကြိုး၏ တောက်ပသံကို ကြားရသည်။ ကေရီတစ်ပါး၏ ဓားသန်လျက်ကို ရတနာကိုးပါး စီခြယ်ထားသည့် ဓါးအိမ်လွတ်ထဲသို့ ပြန်ထည့်လိုက်သံကို ကြားရလေသည်။

သူမ၏ အညိုရောင်ရှည်လျားသော မျက်တောင်များဆီ ရေပြင်မှ အလင်းဟပ်နေသည်ကို မြင်ရ၏။

"မအိပ်သေးပါဘူး ယမင်း။ ကိုယ်...လမင်းကို လာငေးကြည့်နေတာ"

"ဘာဖြစ်လို့လဲ...ဟင်"

"ကြည့်လေ ယမင်း။ ဒီလောက်ကျယ်ပြန့်တဲ့ ပင်လယ်ပြင်ကြီး တစ်ခုလုံးကိုကော ကမ္ဘာမြေပြင်ကိုပါ လမင်းက အလင်းရောင်ပေးထားနိုင်တယ်။ ဒါပေမဲ့ သောင်ပြင်ပေါ်မှာကျနေတဲ့ ခရုခွံသေးသေးလေးရဲ့ အတွင်းပိုင်းကိုတော့ အလင်းရောင် မပေးနိုင်ဘူး။ တွေ့လား...ယမင်း။ ခရုခွံလေးထဲမှာ မှောင်မိုက်နေတယ်"

အတန်ကြာအောင် တိတ်ဆိတ်သွားပြီးမှ သူမ ခပ်တိုးတိုးရယ်သည်။ သို့သော် ရယ်သံက သိပ်အသက်မပါလှ။

"ဦးဇောနှင့်သမီး အကြံချင်းတူနေပြီ။ သမီးလည်း လရောင်

www.burmeseclassic.com

အောက်မှာ ခဏလောက်ရပ်ပြီး ပင်လယ်ကြီးကို ကြည့်ချင်လို့”

'အကြံတူလျှင် ရန်သူ'ဟု ပြောကြသည်။ သင်တို့အားလုံး မှားပါသည်။ အကြံတူရုံနှင့်တော့ (နှလုံးသားချင်း မဝေးသူ နှစ်ယောက်သည်) ရန်သူ မဖြစ်နိုင်ပါ။

သူက မေးလိုက်သည်။

“ယမင်းကကော ဘာဖြစ်လို့ ပင်လယ်ကြီးကို ကြည့်ချင်ရတာလဲ”

ဓားသန်လျက်နှုတ်ခမ်းနှစ်လွှာကြားမှ သက်ပြင်းချသံတိုးတိုး ကြားရသည်။ ထို့နောက် သူမက...

“သမီးတို့အားလုံး မနက်ဖြန်မနက်ဆိုရင် ပြန်ကြရတော့မှာ မဟုတ်လား။ အဲဒီတော့...”

သူမ၏စကားသံက လှိုင်းလုံးတွေထဲ နစ်မြုပ်သွား၏။ ဦးသံလွင် ကျော်ဇောက ကောင်းကင်ဆီ မော့ငေးနေရင်း...

“ရန်ကုန်ရောက်ရင် ယမင်း...”

အသံတုန်ယင်လာသောကြောင့် ခဏရပ်လိုက်သည်။ နောက် နှုတ်ခမ်းကို ဖိကိုက်ရင်း ပင်ပန်းကြီးစွာ ဆက်ပြောလိုက်၏။

“ယမင်းရဲ့ချစ်သူက လာကြိုနေမှာပေါ့နော်”

သူမက ခေါင်းကို ဖြေးလေးစွာ တစ်ချက်ညိတ်ပြပြီး ငုံ့သွားသည်။

ထို့နောက်...

“ဟုတ်တယ်...ဒါတင်မကဘူး၊ ရန်ကုန်ပြန်ရောက်တာနဲ့ အမြဲတမ်း လုပ်နေကိုင်နေကျ အချိန်ဇယားထဲ ပြန်ဝင်သွားရတော့မယ်။ ဓာတ်ကားတွေ တစ်ကားပြီးတစ်ကား ရိုက်ရမယ်။ တွေ့နေကျ မြင်နေကျ လူတွေနဲ့၊ သွားနေလာနေကျနေရာတွေနဲ့ တစ်နေ့ပြီးတစ်နေ့ ဖြတ်သန်းရင်း ဒီလိုနဲ့ပဲ အားလုံး ပြီးဆုံးသွားရဦးတော့မယ်”

သူမ၏လေသံက အသံသွင်းသတ္တုကြိုးခွေတစ်ခွေ ဖြည်းဖြည်းချင်း ရစ်ပတ်လည်ရာမှ ထွက်ပေါ်လာသော အသံလိုမျိုး။ အနိမ့်အမြင့်

www.burmeseclassic.com

အတက်အကျ မရှိ။ တက်ကြွမှု မရှိ။ ခွန်အား မရှိ။

ထို့နောက် သူမက အမှောင်ရိပ်ကျနေသော အုန်းပင်ခက်လက်များရှိရာဆီသို့ အကြည့်ကို ရွှေ့ရင်း...

"အဲဒါကြောင့်မို့လို့ ဒီကနေ မပြန်ခင် နောက်ဆုံးညမှာ ဟောဒီပင်လယ်၊ ဟောဒီလရောင်နဲ့ ဟောဒီလှိုင်းတွေ၊ သောင်ပြင်တွေကို နားလည်မှုတစ်ခုခု ပေးသွားချင်တယ်။ ပြီးတော့ သူတို့ဆီကနေ နားလည်မှုတစ်ခုခု ပြန်ယူသွားချင်တယ်။ နောက်...နောက်ပြီး..."

"နောက်ပြီးတော့ကော ဘာဖြစ်သေးလဲ...ယမင်း"

"နောက်ပြီး...ဦးဇော်ဆီကလည်း နားလည်မှုတစ်ခုလောက် အပြန်အလှန် ဖလှယ်သွားချင်တယ်။ သမီးဆန္ဒက ဒါပါပဲ။ ဦးဇော် ဘာပြောစရာရှိလဲ ပြောလေ။ သမီး နားထောင်နေမယ်"

ဦးသံလွင်ကျော်ဇော်တစ်ကိုယ်လုံး နှင်းမြူတွေ ဝေ့ဆိုင်းအုပ်လွှမ်းသလို အေးစက်သွားသည်။ အသက်ရှူနှုန်းက နှေးကွေးလှ၏။ ကိုယ့်နားထင်ကို ခြောက်လုံးပြူးဖြင့် တေ့ပြီး ခလုပ်မောင်းဆွဲရတော့မည့် သူလို ခံစားနေရသည်။

ငါ...ဘာပြောလိုက်ရမလဲ။

●

ရွှေရောင်လင်းလဲ့နေသော လမင်း၏ အလင်းရောင်...။

ကျောက်ဆောင်တွေပေါ်သို့ လှိုင်းများပုတ်ပုတ်တင်နေသော သက်ရှိပင်လယ်...။

အုန်းလက်အရိပ်များ...။

သူ ခပ်တိုးတိုး ပြောလိုက်သည်။

"ကိုယ့်ရင်ထဲမှာ စကားလုံးတွေ အများကြီးရှိပါတယ်။ ယမင်း ကိုယ်ပြောချင်ပါတယ်။ ဒါပေမဲ့...ကိုယ် ကြောက်နေတယ် သိလား။

ကိုယ့်ရင်ထဲက စကားတွေအားလုံးကို ပြောလို့ ပြီးသွားတဲ့အချိန်မှာ မမြင်နိုင်တဲ့တစ်နေရာက တစ်စုံတစ်ယောက်က 'ကတ်'လို့ လှမ်းအော်ပြီး အားလုံးပြီးဆုံးသွားလေမလားလို့ ကိုယ်ကြောက်နေတယ်။ တကယ့်ဘဝ ထဲအထိ ရုပ်ရှင်က ဝင်လာပြီး ရိုက်နေမှာကို စိုးတာပါ"

သူ ကောင်းကင်ကို ဖြည်းဖြည်းချင်း မော့ကြည့်ရင်း ဆက်ပြော သည်။

**"လူ့ဘဝဆိုတာ ရုပ်ရှင်တစ်ကားလို ဆင်ထားပြီး တစ်စုံ တစ်ယောက်ရဲ့ ရိုက်ကူးတာကို ခံနေရတာလား။ ဟော...အခု ကိုယ်မြင်နေရတဲ့ လမင်းဟာ ဆက်တင်ဖန်တီးထားတဲ့ လမင်း အတုလား။ ပင်လယ်ကကော အတုလုပ်ထားတာပဲလား။ အခု ကိုယ်တို့နှစ်ယောက်ရပ်နေရတာကကော ရှုတင်ရိုက်ကွင်းလား။ တကယ့်ဘဝလား။** ကိုယ် အဲဒါတွေကို ကြောက်တယ်။ ကိုယ်...ကြောက် နေတယ် ယမင်းရယ်။

ဘဝကို အစစ်လို့ အကြီးအကျယ်ယုံစားထားပြီးကာမှ တို့ အားလုံးကို ဖန်ဆင်းနေတဲ့ ဒါရိုက်တာက 'ကတ်'လို့ လှမ်းအော်လိုက်တာနဲ့ တစ်ပြိုက်နက် လမင်းရဲ့အလင်းရောင် မှိန်သွားမှာ၊ ပင်လယ်ကြီး ပျောက် သွားမှာကို ကိုယ်...မခံစားရဲဘူး။ ဘဝဆိုတဲ့ ရှင်သန်မှုတွေ ခံစားချက် တွေအားလုံးဟာ နောက်ဆုံးကျရင် အဲသည်လို ပြီးဆုံးသွားပစ်လိုက်ရမှာ လား။ ကိုယ့်ကို ရူးအောင် မလုပ်ပါနဲ့။ ကိုယ့်ကို ရူးအောင် မလုပ်ပါနဲ့။ ကျေးဇူးပြုပြီး မင်းသိထားရင် ဖြေစမ်းပါ။ ဟောဒီ ကမ္ဘာလောကကြီး တစ်ခုလုံးဟာ ရုပ်ရှင်ကားတစ်ကားလား"

စကားတွေအားလုံးကို ရှုးသွပ်မောဟိုက်စွာ ပြောချလိုက်ပြီး သည့်နောက် သေဆုံးသွားသည့် မံမီရုပ်အလောင်းတစ်ခုလို သူ ရပ်နေမိ သည်။

ဆုယမင်းကျော်ထံမှ အဖြေကို သူ မျှော်လင့်ချက် မထား။ သို့သော်...

www.burmeseclassic.com

စကြဝဠာသက်တမ်းတစ်ခုစာ ကြာမြင့်အောင် နှစ်ဦးစလုံး တိတ်ဆိတ်နေကြပြီးသည့်နောက် သူမက...

"သမီး ဘာကိုမှ နားမလည်ခဲ့ပါဘူး ဦးဇော်ရယ်...။ **'ငါ'ဟာ ငါကိုယ်တိုင် အစစ်ဟုတ်ရဲ့လား ဆိုတာကိုတောင် သမီး မသိတော့တာပါ။** အခု ဦးဇော်ရှေ့မှာ ရပ်နေတဲ့သူဟာ ဆုယမင်းကျော်လား၊ မနက်တုန်းက ကင်မရာရှေ့မှာ လှုပ်ရှားနေခဲ့တဲ့သူဟာ ဆုယမင်းကျော်လား မခွဲခြားတတ်ဘူး။ ဘယ်ခံစားချက်က အစစ်အမှန်လဲဆိုတာ သမီးကိုယ်တိုင်လည်း မသိဘူး။

**ကိုယ့်ကိုကိုယ် ပျောက်ဆုံးနေတာ ကြာပါပြီ။ သမီးမှာ 'ဘဝ' ဆိုတာ မရှိတော့ဘူးလေ။** ဘဝတစ်လျှောက်လုံး သူများတွေရဲ့ စရိုက်ကိုချည်း သရုပ်ဆောင်နေခဲ့ရတော့ ကိုယ့်ရဲ့စရိုက်အမှန်က ဘာလဲဆိုတာ မသိတော့ဘူး။ ဇာတ်ကောင်တွေရဲ့ ခံစားမှုအတိုင်းပဲ အမြဲငိုခဲ့ရယ်ခဲ့ရတာဆိုတော့ ကိုယ့်ရဲ့ခံစားချက်အစစ်က ဘယ်အခါမှာ ငိုပြီး ဘယ်အခါမှာ ရယ်သလဲဆိုတာ မသိတော့ဘူး။ သရုပ်ဆောင်ချက်တွေက သမီးရဲ့ ဘဝကို အပိုင်သိမ်းသွားပြီ။

**'သရုပ်ဆောင်တယ်'ဆိုတာ ဘာလဲလို့ သမီး တစ်ခါတစ်ခါ စဉ်းစားမိတယ်။ ဦးဇော သိလား...။ သရုပ်ဆောင်တယ်ဆိုတာ ကိုယ်ရပ်တည်နေရတဲ့ ဇာတ်ရပ်နဲ့ ကိုယ်ကြုံတွေ့ရတဲ့ အခြေအနေ အရပ်ရပ်ကို တုံ့ပြန်လှုပ်ရှားတာပဲ။**

**တကယ်တော့ သမီးဟာ တုံ့ပြန်လှုပ်ရှားတတ်တဲ့ စက်ရုပ်တစ်ရုပ်ပါပဲ"**

သက်ပြင်းကို ပြိုင်တူချမိကြသည်။ ပင်လယ်လေက အပူငွေ့ကို သယ်ယူသွား၏။ နှစ်ဦးစလုံး အေးမြသလို ခံစားလိုက်ရသည်။

နားလည်နိုင်မှုစွမ်းအားအပြည့်ဖြင့် ရှင်သန်ခြင်းတို့သည် ဖြုန်းခနဲ အဓိပ္ပါယ်ရှိလာကြသည်ဟု သူတို့ လှိုက်လှိုက်လှဲလှဲ အောက်မေ့လိုက်မိကြလေ၏။

www.burmeseclassic.com


ဘာရယ်မဟုတ်၊ တစ်ဦးကိုတစ်ဦး နွေးထွေးစွာ ပြုံးပြမိကြသည်။

●

ဘန်ဂလိုဆီသို့ သူတို့နှစ်ဦး ဖြည်းဖြည်းချင်း ပြန်တက်ခဲ့ကြသည်။ စကားမပြောဖြစ်ကြ။ တိတ်ဆိတ်ခြင်းသည် သူတို့နှစ်ယောက်၏ နှလုံးသားထဲတွင်ရှိသော နားလည်ရင်းနှီးမှုကို နွေးထွေးစွာ ဖွဲ့နှောင်ရစ်ပတ်ပေးနေလေသည်။

တစ်ဖက်တစ်ချက်ဆီသို့ ခွဲသွားတော့မည့် ကျောက်သားခင်းထားသော လမ်းကျဉ်းကလေးဆီသို့ အရောက်တွင် သူတို့ ပြိုင်တူရပ်လိုက်မိကြ၏။ ဦးသံလွင်ကျော်ဇောက...

"နောက်ဆုံးအနေနဲ့ ကိုယ့်မျက်လုံးတွေထဲကို တစ်ချက်လောက် စူးစူးနစ်နစ်ကြည့်လိုက်ပေးပါလား ယမင်း"

သူမ ညင်သာစွာလှည့်ကြည့်သည်။ လရောင်က သူမ၏ မျက်ဝန်းထဲတွင် အရောင်ဟပ်နေသောကြောင့် နှင်းစက်ကလေးလို လက်ပနေ၏။

ဦးသံလွင်ကျော်ဇောက...

"ရှိုင်ရယ်ဂါးဒင်းမှာ ဒင်နာကျွေးတုန်းက ကိုယ်ပြောခဲ့တဲ့ စကားလေးကို မှတ်မိသေးလား ယမင်း။ ကိုယ် မနက်စောစော လမ်းလျှောက်ထွက်တဲ့အခါတိုင်း သစ်ပင်တွေပေါ်ကနေ အသံပဲကြားရပြီး မမြင်ရတဲ့ ငှက်ကလေးအကြောင်းလေ..."

ဆုယမင်းကျော် ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြ၏။ သူက ဆက်၍...

"အသံလေးကို ချစ်တယ်ဆိုရင် အသံကြားရရုံနဲ့ ကျေနပ်လိုက်တာ အကောင်းဆုံးပါပဲ။ ငှက်ကလေးကို ပိုင်ဆိုင်ခွင့်ရဖို့အထိ မတမ်းတကောင်းပါဘူး။ ဒီလိုပဲပေါ့ ယမင်းရယ်...ကိုယ်လည်း..."

www.burmeseclassic.com

သူ ဆက်ပြောမည့်စကားတွေကို ယမင်း ကြိုတင်သိနေနှင့်သည်ဟု ခံစားရ၏။ သူ 'ယမင်း၏ အကြည့်'ကို သူ့နှလုံးအိမ်ထဲ အပြီးအပိုင် ဆွဲသွင်းပြီး ဖျတ်ခနဲ သော့ခတ်ကာ သိမ်းဆည်းပစ်လိုက်တော့သည်။

'ကိုယ့်အတွက် အချစ်ဆိုတာ အဲဒီ'အကြည့်'လေး တစ်ကြည့်စာထဲနဲ့တင် လုံလောက်ပါတယ်'

ပွတ်နိုက်ဟု နှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာခဲ့သည်။ အားလုံးသည် ပေါ့ပေါ့ပါးပါးနှင့်ပင် အဆင်ပြေပြေ ပြီးဆုံးသွားလိမ့်မည်ဟု သူ ယုံကြည်၏။

● ● ●

အခန်း(၂၄)

တကယ်ပင် ပေါ့ပေါ့ပါးပါး အဆင်ပြေသွားသည့် အဆုံးသတ်မှု တစ်ခုဖြစ်သည်။ ငွေဆောင်မှ ရန်ကုန်အထိ သူ ကားမောင်းလာသည့် ခရီးတစ်လျှောက်လုံး နောက်ပြောင်ရယ်မောလျက် ပြန်လာခဲ့ကြ၏။

ယမင်းက ရှေ့ခန်းတွင် သူနှင့်အတူလာထိုင်ရင်း ရိုက်ကွင်းပေါ်မှာ ကြုံခဲ့ရသမျှ ကိုးယိုးကားယား တလွဲတချော်ဖြစ်မှုများကို တတွတ်တွတ် ပြန်ပြောပြရင်း ရယ်သည်။ သူကလည်း ယမင်း မသိလိုက်ရသည့် အဖြစ်အပျက်များ၊ ဒါရိုက်တာအောင်ကြီး၊ ထူးဇော်တို့၏ အကြောင်း များကို တသောသောနှင့် အတင်းပြောရာ ယမင်းနှင့် မိတ်ကပ်ဘော်ဘော် တို့နှစ်ဦးစလုံး အူတက်မတတ် ရယ်ကြ၏။

ရန်ကုန်ကို ဝင်သည့်အချိန်တွင် မိုးစက်တွေက တဖွဲဖွဲ စတင်ရွာ သွန်းလာသည်။ သူတို့ စကားတွေ သိပ်မသွက်ကြတော့။ နူတ်လေးလာ၏။ တစ်ခါတစ်ရံမှသာ ခပ်ကြဲကြဲတစ်ခွန်းစနှစ်ခွန်းစ ပြောဖြစ်ကြသည်။

ယမင်းက ကက်ဆက်ခွေတစ်ခွေထည့်ပြီး ဖွင့်လိုက်သည်။ နောက်…အသံတိုးကျယ်ခလုပ်ကို မြှင့်တင်လိုက်၏။ မှန်အလုံပိတ်ထား သော ကားထဲတွင် သီချင်းသံက ဆူညံသွားသည်။ အဲဒါပဲ ကောင်းပါ တယ်လေ…။

မိုးစက်ကျသံတွေကြားမှာ သီချင်းကို ကျယ်လောင်စွာ ဖွင့်လျက် အဆုံးသတ်ခရီးတစ်ခုကို သူတို့ အတူပြန်လာခဲ့ကြ၏။ စိတ်သက်သာရာရ

www.burmeseclassic.com

ဖို့အတွက် ရယ်စရာစကားတွေ ထပ်ပြောဖို့ သူ ကြိုးစားသည်။ ဟုတ်တယ်လေ...။ ရယ်ရတာဆိုရင် အားလုံးက ကြိုက်ကြတာပဲ မဟုတ်လား။

သို့သော် သူပြောသည့်စကားများကို ယမင်းက သိပ်မရယ်။ သူကိုယ်တိုင်လည်း မရယ်ချင်။

ရှေ့မှာ ယမင်း၏ခြံကို လှမ်းမြင်နေရပြီ။ ဘဝဆိုတာ ရယ်စရာလား။ ကားကို ဂီယာပြောင်းလိုက်သည်။ အရှိန်လျော့ကျသွား၏။ ခြံထဲသို့ ကားကို ကွေ့ဝင်လိုက်သည်။ ဘရိတ်ကို နင်းလိုက်သည့်အခါ ကားက ဆင်ဝင်ရှေ့မှာ ညင်သာစွာ ရပ်သွားလေသည်။

လူငယ်လေးတစ်ယောက် စောင့်ကြိုနေသည်။ ယမင်း၏ ချစ်သူ 'ဖွဲ့မွန်'...။ ချာတိတ်က ပြုံးလျက် ကားဆီသို့ ပြေးလာ၏။ ယမင်း အရမ်းပျော်သွားသည်။ ဖွဲ့မွန်ရောက်မလာခင်မှာပင် ကားတံခါးကို ဖွင့်ပြီး ခုန်ဆင်းလိုက်၏။

ဖွဲ့မွန်က ယမင်း၏ လက်နှစ်ဖက်ကို ဆွဲယူပြီး ရင်ခွင်ထဲ ထိုးဝှက်ထားလိုက်သည်။ ဦးသံလွင်ကျော်ဇောကတော့ ချစ်သူနှစ်ယောက်ကို တိတ်တိတ်ကလေး ငေးကြည့်နေဖြစ်လေသည်။

ကူဖော်လောင်ဖက်ပါလာသည့် မိန်းကလေးငယ်တစ်ဦးက ကားပေါ်မှ ယမင်း၏ အထုပ်အပိုးများကို ချနေစဉ်...

"ဦးဇော...ဒါ ဖွဲ့မွန်လေ။ ယမင်းရဲ့...ဟို..."

ယမင်း စကားမဆက်ခင် သူက...

"ဟုတ်ကဲ့...ကိုယ်က သံလွင်ကျော်ဇောပါ။ ဒီက ညီလေးကိုတော့ ကိုယ်က သိနေပြီးသားပါ"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်"

သူတို့နှစ်ဦး လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်။ ယမင်းက ဖွဲ့မွန်ကို သူ့အကြောင်း ပြောပြ မိတ်ဆက်နေစဉ်မှာ သူက ငြိမ်သက်စွာပြုံးရင်း နားထောင်နေလိုက်၏။ သူ မျှော်လင့်ထားသည့်အတိုင်း အားလုံးသည်

www.burmeseclassic.com


ပေါ့ပေါ့ပါးပါးပင် ရှိကြလေသည်။

"မမလေး ပစ္စည်းတွေအားလုံး ချပြီးပါပြီရှင့်"

ယမင်း၏ ခရီးဆောင်အိတ်များကို ကားပေါ်မှ သယ်ယူချနေ သည့် မိန်းကလေးက လာပြောသည်။ ငါ သွားဖို့သင့်ပြီပဲဟု ဦးသံလွင် ကျော်ဇော စိတ်ထဲမှ တီးတိုးရေရွတ်လိုက်၏။ ထို့နောက်...

"ကဲ...ယမင်း ကိုယ်သွားတော့မယ်။ ဒီက ညီလေးလည်း ကိုယ့်ကို ခွင့်ပြုဦး။ တာ့...တာ"

ပျော်ရွှင်စွာ ခွဲခွာရသူတစ်ယောက်၏ အမူအရာမျိုးဖြင့် သူ လက်ပြနှုတ်ဆက်လိုက်သည်။ သူ့လက်ဖဝါးက အရွက်တွေကြွေသော နွေသစ်ပင်လို လှုပ်ယိမ်းသွား၏။

ဂွတ်ဘိုင် ဘုရင်မလေးရေ...။

မင်းနဲ့ငါ ဒီတစ်သက်တော့ နောက်ထပ်တွေ့ကြဖို့ မရှိတော့ဘူး လေ။

ယမင်း၏ လက်ဖဝါးလေးတစ်ဖက် ညင်သာစွာ မြောက်လာ သည်။ ပြန်...ပြန် ဟု ပြောကာ လက်ဝှေ့ယမ်း နှုတ်ဆက်တော့မည်ဟု သူ ထင်လိုက်၏။ သို့သော်...

ယမင်း၏ လက်ဖဝါးလေးက သူ့လက်ဖဝါးဆီ နူးနူးညံ့ညံ့ ထိကပ်လိုက်၏။ ခဏကလေး။ ထို့နောက် လက်ကို ပြန်ရုပ်သွားသည်။

ဦးသံလွင်ကျော်ဇော၏ လက်တစ်ဖက်သာ ချည်တိုင်မဲ့သည့် သင်းကွဲလို ထီးတည်းကျန်ရစ်၏။ အိပ်မက် မက်နေသော လက်တစ်ဖက် ဖြစ်လေသည်။

●

သူ့ကိုယ်သူပင် မျှော်လင့်မထားခဲ့သော အပြုအမူတစ်ခုကို လုပ် လိုက်၏။ ကြေကွဲနေသော သူ့လက်ကို စောစောကအတိုင်း လက်ဝါးဖြန့်

www.burmeseclassic.com

လျက်သား နှုတ်ဆက်တော့မည့် အနေအထားဖြင့် ဖွဲမွန်၏ ရှေ့သို့ တိုးရွှေ့ပေးလိုက်၏။

ဖွဲမွန် ခေတ္တမျှ ကြောင်ငေးနေသည်။ နောက်မှ သတိဝင်လာသလိုမျိုး သူ့လက်ကို ညင်သာစွာ မြှောက်လျက် ဦးသံလွင်ကျော်ဇောနှင့် လက်ဖဝါးချင်း ထိအပ်လိုက်၏။

ဦးသံလွင်ကျော်ဇောက ပြုံးပြလိုက်သည်။

ထို့နောက် ကားပေါ်သို့ အသာအယာတက်သည်။ သူတို့ကို ကျောခိုင်းပြီး ကားကို မောင်းထွက်လိုက်၏။

နေရစ်ခဲ့တော့ ငါ့ရဲ့ ဘုရင်မလေးရေ…။

● ● ●

www.burmeseclassic.com


အခန်း(၂၅)

မိုးတွေက သည်းသထက် သည်းလာသည်။

ကားရှေ့လေကာမှန်ပေါ် တဖြောက်ဖြောက် ရှာသွန်းနေသော မိုးစက်များကြောင့် မြင်ကွင်းတစ်ခုလုံး စိုစွတ်ဝေဝါးလာ၏။

ဦးသံလွင်ကျော်ဇော ကားကို လမ်းဘေးမှာ စက်သတ်ပြီး ရပ်လိုက်သည်။ မိုးစက်တွေက လွမ်းတတ်သော ခြသေ့်တစ်ကောင်၏ လည်ဆံမွှေးတွေလို လေပြေထဲမှာ ကြေကွဲစွာ ဝေ့ဝဲသွားကြ၏။

သူ ကားဒက်ရှ်ဘုတ်ကို ဖွင့်လိုက်သည်။ အထဲမှ 'ဆီထမင်းကြော်'၏ ဓာတ်ပုံကို ညင်သာစွာ ထုတ်ယူလိုက်၏။ သူ တိတ်တဆိတ် သိမ်းဆည်းထားသည့် နံနက်ခင်းကလေး။

သူ ဓာတ်ပုံကို ကြာမြင့်စွာစိုက်ကြည့်နေဖြစ်သည်။ ဓာတ်ပုံကို စိုက်ကြည့်နေသည့် ဦးသံလွင်ကျော်ဇောကို မိုးစက်တွေက ကြည့်နေကြသည်။

ကားပြတင်းမှန်တစ်ချပ် နိမ့်လျောကျဆင်းသွား၏။ ကားပြတင်းပေါက်မှ ဦးသံလွင်ကျော်ဇော၏ လက်တစ်ဖက် အပြင်သို့ထွက်လာသည်။ ထိုလက်ထဲတွင် ဓာတ်ပုံကလေးတစ်ပုံ ကိုင်ထား၏။

မိုးသက်လေ တစ်ဇုေ့ စိမ့်ခနဲ တိုက်ခတ်သွား၏။ မိုးရေစက်တွေ ဝေ့လည်စီးဆင်းနေသော မြေပြင်ပေါ်သို့ ဓာတ်ပုံကလေး ကျသွား၏။ ဓာတ်ပုံပေါ်သို့ မိုးစက်တွေ တပေါက်ပေါက်ကျလာကြလေသည်။

www.burmeseclassic.com

ဦးသံလွင်ကျော်ဇောေ ကားပြတင်းပေါက်မှန်ကို ပြန်တင်လိုက်၏။ ထို့နောက် မိုးစက်ပွင့်တွေကြားထဲသို့ ကားကို မောင်းထွက်သွားသည်။

မိုးစက်ဖြူဖြူတွေက သိပ်သိပ်သည်းသည်း ရွာမြဲရွာနေကြ၏။

အဖြူရောင်တွေ သိပ်သည်းလွန်းသောအခါ မှောင်သွားသည်။

ဘာကိုမှ မမြင်ရတော့။

မင်းခိုက်စိုးစန်

www.burmeseclassic.com


တိမ်ကလေးက ရုပ်ရှင်ကို ရိုက်စဉ်
ကိုယ်တိုင် ဝတ္ထုထဲက ခုန်ထွက်ပြေးဖို့
ရေဒီယိုလေးနဲ့ မောင်းတဲ့ဘဝယာဉ်လေး
သံလမ်းမဲ့ ဘူတာ ၄၀ မှာ
လက်ပြသူမရှိ ဖြတ်သန်းခဲ့
မင်းမျက်ဝန်းကမ်းပါးက
ကိုယ့်သင်္ဘောကို ကပ်ဖို့ငင်။

ကလေးရေ...
ရှုံးမယ်မှန်းသိရက်နဲ့
ခွင်းနေခဲ့ ကိုယ့်မြားတွေ
ကိုယ့်ရင်ကိုသာ ထုတ်ချင်းခတ်ထိ။

လောကယ က ဖန်ဆင်းတော်မူခဲ့သော
ညီလေး...
ကိုယ်နဲ့ လောကကို စွန့်ခွာပြီး
ရေဝေးမှာ အေးစက်စက်ကြီး ပြုံးနေတာ
ကိုယ်မြင်လိုက်ရတော့
ကိုယ့်ရင် အေးခဲသွားရမှာ
ဆန့်ကျင်စွာ အရည်တွေပျော်ပြီး
ဇာတ်သိမ်းမဟုတ်သေးဘဲ
ထပ်မံ ရှုံးနိမ့်ခြင်းသက်သေ
အကြည့်တွေဆီက တဝေါဝေါစီးဆင်းခဲ့။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

တစ်ဘဝစာ စိုက်ပျိုးခဲ့ မျက်ရည်သစ်ပင်
အစမ်းလေ့ကျင့်နေရ။

မီးပေးလိုက် ဆိုတာနဲ့
ကိုယ့်ကိုင်တဲ့ မင်းမျက်ဝန်းဟာ
ဇာတ်တိုက်ထားတဲ့ မြစ်ဖြစ်သွား
ကိုယ်မခံစားနိုင်ခဲ့။

ဝတ္ထုတွေ ထပ်နေကျ မင်းမှာ
နှလုံးသားနဲ့ ရင်းတဲ့ဝတ္ထု
ကိုယ် ဆက်တင်တွေ ကြောက်တယ်
မီးတွေ ကြောက်တယ်၊ မိတ်ကပ်တွေ ကြောက်တယ်
ပြီးတော့...
မြမြလေးပြုံးတဲ့
မင်းမျက်ဝန်းကို ကြောက်တယ်
ကိုယ့်ကောင်းကင်မှာ သာနေတဲ့လလေး
ကဒ် ဆို မိုက်သွားမှာ...။

ကလေး
တစ်ဘဝစာပေးလို့မှ တစ်ဘဝစာမရတဲ့ မေတ္တာ
ပေးလို့ ကုန်သွားတာလား မရှိဘဲ မရှိတာလား
စုပြီး ဥထားတာလား။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com


ဟော့ဒီမှာ လက်ကိုင်မှန်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ ဘီးလေးတစ်ချောင်း ဖြစ်ချင်တယ်
ဟော့ဒီမှာ ဖန်စီကြိုးလေး ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်ကိုင်အိတ်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ နှုတ်ခမ်းနီတောင့်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်သည်းဆိုးဆေး ဖြစ်ချင်တယ်
ဟော့ဒီမှာ ချွေးတို့ဖတ်လေး ဖြစ်ချင်တယ်
ဟော့ဒီမှာ အသားရောင်ဝမ်းဆက် ဖြစ်ချင်တယ်
ဟော့ဒီမှာ လက်ကိုင်ဖုန်းလေး ဖြစ်ချင်တယ်
ဟော့ဒီမှာ စလစ်ပါဖိနပ်လေး ဖြစ်ချင်တယ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

တယ်လီဖုန်းဆိုတာ
ဆက်ရမှာလား လွှင့်ပစ်ရမှာလား
'လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ
သတ်မှတ်ချိန်အတွင်း
ပြန်လည်ဖြေကြားခြင်း မရှိပါသဖြင့်...'
သေလိုက်ပါလား
ဖုန်းစောင့်နတ်သမီးစုတ်မ။

ကလေးရေ...
ကိုယ်က မြစ်ဆိုပြီး ကူးတဲ့ခါ
တံလျှပ်တွေ
ကိုယ်က မြေဆိုပြီး ပြေးတဲ့အခါ
တိမ်တိုက်တွေ
ပန်းတိုင်မဲ့လိုက်နေရပြီး
အရှုံးသရဖူပဲ ထပ်ထပ်ရ။

အရှုံးပါပဲ
သဘာဝကျတဲ့အခါ
သိမ်းထားချင်လောက်အောင် လှပတယ်။

www.burmeseclassic.com


ကိုယ့်စိတ်ကမ်းမှာ
ရိုက်သံစွက်တဲ့ အလွမ်းတွေပဲ
တင်ကျန်နေတော့
မုန်တိုင်းရေ ထန်လိုက်ပါတော့။

ပရိအယ်ဒင်တဲ့ဂ
**မင်း ဟက်ဟက်ပက်ပက်ရယ်ဖို့ ငိုတော့မယ်**
အရယ်နဲ့ အငိုကြားထဲ
ညှပ်မိနေတာက ကိုယ်
ကိုယ်သာ အညှပ်ခံနေရပြီး
မင်းက နောက်တစ်ယောက် နောက်တစ်ဇာတ်
ရယ်ငို ငိုရယ်နဲ့ သံပတ်ပေးစက်ရုပ်လို
ကိုယ်သာ အရယ်ခလုတ်မရှိတဲ့လူ။

မနက်ဖြန်ဆို
မနက်ဖြန်ဆို...
ပင်လယ်ရေ နေလုံးရှဲရှဲကြီးကို ရပ်ပစ်လိုက်စမ်း
ဝေးရမယ့် မနက်ဖြန်ဆိုတာ မလာစေနဲ့။

ဒီနေ့ ဖိုင်နယ်အယ်ဒင်ဂ
တစ်သက်စာရှင်သန်ဖို့
မင်းအညို့တွေကို လုံလုံခြုံခြုံ သိမ်းမယ်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

ကဒ်ဝမ်း ကိုယ့်ကိုကြည့်
ကဒ်တူး ကိုယ့်ကိုပဲကြည့်
ကဒ်သရီး ကိုယ်မှလွဲပြီး မကြည့်နဲ့
ကဒ်အင်ဖနတီ အကြည့်တွေအားလုံး ကိုယ့်မှာဆုံး။

ဒါနောက်ဆုံးရိုက်ချက်
ကလေး..
ဟန်ဆောင်တာမပါဘဲ
ကိုယ့်ကိုမုန်းတယ်ဆိုတဲ့ အက်တင်လုပ်ပါ
ဒါမှ ကိုယ်ခွဲလို့ရမှာ
ခွဲနိုင်မှာ။

မင်းနှုတ်ဆက်တဲ့နေရာမှာ
ကိုယ်မရှိချင်ဘူး
ဝုန်းခနဲ ပြုတ်ကျသွားတဲ့ အက်တင်
ကိုယ်မလုပ်တတ်ဘူး
တကယ်က ဝုန်းဆို ပြုတ်ကျမှာ။

www.burmeseclassic.com


ဟိုးမှာ ပင်လယ်
ဒီမှာ မြေပြင်
အထက်မှာ ကောင်းကင်
ညို့ညို့ဆိုင်းလို့ ရွာတော့မယ်
မင်းစိုတော့မှာလား
ကိုယ့်ရင်ခွင်က တက်သွားတဲ့ အခိုးအငွေ့တွေနဲ့
ရွာတော့မယ့် မိုး
မင်းစိမ်းမြစိုပြေဖို့
မင်းမိုးမိလိုက်ပါ။

'ကိုယ့်အတွက် အချစ်ဆိုတာ
တစ်သံသရာလုံး လုံခြုံချမ်းမြေ့ဖို့
အကြည့်တွေပဲ လိုအပ်ပါတယ်'
မင်းမျက်ဝန်းက ရွှန်းရွှန်းမြမြလေး ပြုံးပါ
ကိုယ့်မျက်ဝန်းက စိုစွတ်နေမှာ
ကိုယ့် မျက် ဝန်း က  စို စွတ် နေ မှာ
ကိုယ့်  မျက်  ဝန်း  က   စို  စွတ်  နေ  မှာ။  ။

စောဝေ

* Pre Ending
** Final Ending

www.burmeseclassic.com

